
www.burmeseclassic.com

PUBLISHED BY VIEW

ဗျူး စင်တင်သည်

# လရောင်ကျူးရင့်

## ဆောင်းခေါ်မယ့်တေးသံ



Digital Art: Idea Kyaw & Wai Yan

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၀၆၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၇၅၀၇၀၇

ထုတ်ဝေသူ

ဦးကျော်ဆန်း (မြ-၀၉၃၂)

(ရဲအောင်စာပေတိုက်)

အမှတ် (၂)၊ ချွန်းလမ်း (၁)၊ မင်္ဂလာတောင်ညွန့်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးဇော်မင်းအေး (မြ-၀၇၁၂၅)

(ဇော်ပုံနှိပ်တိုက်)

အမှတ် (၃၈၆)၊ အင်ကြင်းမြိုင်လမ်း။

(၂၃)ရပ်ကွက်၊ သဃ်န်းကျွန်း။

မျက်နှာဖုံးပန်းချီ

Idéa Kyaw & Wai Yan

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ။

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

ဖျူးစာပေ

☎ - 0980 20356

## အခန်း (၁)

မျက်စိအောက်မှာ လှမ်းမြင်လိုက်ရသည်က မဖွယ်ရာ။

ကားတစ်စီး မိန်းမလှတစ်ယောက်နှင့် လူရွယ်သုံးယောက်။

ကားက လမ်းဘေးမှာရပ်ထားပေမယ့် လေညင်းခံဖို့ရပ်ထားတာမဟုတ်မှန်းတော့ သိသာနေသည်။

သူမနှင့်လူရွယ်သုံးယောက်ကလည်း ရင်းနှီးကျွမ်းဝင်စွာ ပြောဆိုဆက်ဆံနေကြသည်မဟုတ်မှန်း အဝေးကနေ လှမ်းမြင်တာနှင့် သူသိသည်။

ဘယ်ဘက်မှာ ဖိကြိတ်ဝါးနေမိသည့်ပီကယ်ကို ညာဘက်သို့ လှည့်ပြောင်းပြီး နှုတ်ခမ်းကို ပြန်၍ဖိပိတ်လိုက်သည်။

ပီကယ်ကို ခပ်ဖိဖိအံကြိတ်ဝါးရင်း ခြေလှမ်းတို့က ထိုနေရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ ဦးတည်ပြီးသားဖြစ်သွား၏။

ဘောင်းဘီအိတ်ထဲလက်နှိုက်၍ လျှောက်လာသည့်သူ့ထံသို့ သုံးယောက်ထဲမှတစ်ယောက်က ဖျတ်ခနဲလှည့်ကြည့်သည်။

ပြီးတော့ နောက်တစ်ယောက်က လိုက်ကြည့်၏။

မျက်လုံးသုံးစုံလုံး သူ့ထံ တူညီစွာကျရောက်လာပြီးသည်နှင့် တစ်ဆက်တည်း သုံးယောက်တစ်ယောက် ရင်ဆိုင်ရပ်လိုက်ပြီးသား ဖြစ်သွားခဲ့သည်။

''သိတယ်နော်၊ ဒါ. . . ရပ်ရှင်ရိုက်နေတာမဟုတ်ဘူး''

အလယ်လူက စူးစူးရဲရဲကြည့်၍ စပြောသည်။

သူက မှောင်လဲ့နေသော ရွှေအိုရောင်မျက်မှန်တပ်ထားသည့် မိန်းကလေးထံ တစ်ချက်ကြည့်ပြီးမှ ထိုသူကိုစိုက်ကြည့်၍. . .

''ရုပ်ရှင်ရိုက်တာမဟုတ်ဘူးဆိုတော့လည်း ဒါရိုက်တာ ညွှန်ကြားတဲ့အတိုင်း သရုပ်ဆောင်ဖို့မလိုတော့ဘူးပေါ့ကွာ''

''ဒီလိုလား''

သုံးလုံးတည်းသောစကားကို ဆုံးအောင်မပြောရသေးမီ အလစ်ဝိုက်ထိုးချလိုက်သည့်လက်သီးက ရိပ်ခနဲဝင်လာသည်။

ဘယ်တော့မှ အလစ်ဝိုက်ခံလိုက်ရသည်မရှိခဲ့ဘူးသော သူ့မျက်နှာက လက်သီးချက်ကို လွတ်ရုံကလေး ငဲ့ရှောင်ပေးလိုက်၏။

မျက်နှာရှေ့မှဖြတ်ပြေးသွားသည့် လက်သီးကို ဖတ်ခနဲဖမ်းဆုပ်ကာ ထိုသူ၏ဝမ်းဗိုက်ကို ဒူးနဲ့ဆောင့်တိုက်ပစ်လိုက်သည်။

(ဈေးစာပေ)



''အွန့်''

နောက်ကပြေးကန်သူကို လှည့်မကြည့်ဘဲ ခြေတစ်လှမ်း ဆုတ်ရှောင်ပေးလိုက်လျှင် ကန်ချက်က သူ့လူကိုသူပြန်ထိကာ ဆက်တိုက်နာသွားသူမှာ လမ်းမထက်မှာ ကွေးကောက်လူးလိမ့်သွား၏။

ကန်မိသူမှာလည်း မျက်လုံးပြူးသွားသည်။

''တော်ပြီ. . . လာ''

တစ်ချက်မှမလှုပ်ရှားသေးဘဲ ရပ်ကြည့်နေသူက ဘေးဘီကို ကြည့်၍ ဆုတ်ခွာဖို့သတိပေးသည်။

နှစ်ယောက်သည် သူ့ကို မကျေမနပ် စူးရဲစွာကြည့်ကြသော်လည်း နောက်ထပ်တက်လာရဲခြင်းမရှိတော့ဘဲ အရှိန်သတ်သွားသည်။

သုံးယောက်လုံး မရှုနိုင်မကယ်နိုင်မျက်နှာများနှင့် ထွက်သွားကြပုံက အမှတ်တမဲ့ကြည့်လျှင် မိတ်ဆွေချင်းပြောဆိုနှုတ်ဆက်ပြီး ကျောခိုင်းသွားကြသည်နှင့်တူနေကာ ရှေးမဆွလေးကပင် တိုက်ခိုက်သတ်ပုတ်ခဲ့သည့်အဖြစ်က ယုံနိုင်စရာမရှိ။

လက်ဖဝါးနှစ်ဖက်ကို ခပ်သာသာပွတ်ပစ်လိုက်ပြီး ဒီဘက်မြန်လှည့်ခဲ့သည်။

''ကားပျက်နေတာလား''

ပျက်နေတာမှန်းသိပေမယ့် မေးဖို့လိုအပ်တာမို့ မေးလိုက်

(ဈေးစာပေ)

www.burmeseclassic.com



တာဖြစ်သည်။

ထိုအခါ သူမကခေါင်းညိတ်မည်။ ပြင်ပေးပါ ကြည့်ပေးပါ ဘာညာဆိုမှ သူ ကြည့်ပေးဖို့ရှိသည်။

သို့သော် . . .

"ကားကတော့ ပျက်နေတာအမှန်ပဲ၊ လူကိုလိမ်ညာပြီး တမင်တကာ ရပ်ပစ်လိုက်မှာမဟုတ်ဘူးလေ"

"ဘာလဲ"

သူ မျက်ခုံးတစ်ချက်တွန့်သွားကာ လှမ်းလက်စခြေလှမ်းကတုံ့ခနဲရပ်၏။

မျက်လုံးချင်းပစ်တိုက်သွားကြစဉ် ဂရုမစိုက်သောမဲ့ပြုံးနှင့် သူမက မျက်မှန်ကို ခပ်ဖြည်းဖြည်းဆွဲဖြုတ်လိုက်၏။

ထူးခြားစွာပြာလဲ့နေသော မျက်ဝန်း။

ရှည်မျောသော နက်သည့်မျက်တောင်များနှင့် မျက်ဝန်းတို့က လက်တောက်နေသည်။

ထိုအလှတရားများဟာ ခေတ်မီစွာပြုပြင်ခြယ်သထားသည်လား။ သဘာဝအတိုင်း လှနေတာလား သူမသိ။

သို့ပေမယ့် လေးထောင့်ဆန်ချင်သည့် မျက်နှာကျပေါ်မှာ မျက်ဝန်း နှာတံ နှုတ်ခမ်းမည်သော အစိတ်အပိုင်းအားလုံးက အချိုးကျစံနစ်မှန်နေသည်။

ဖျတ်ခနဲ မျက်နှာလွှဲပစ်လို့မရအောင် ညို့ပစ်နိုင်စွမ်းရှိ၏။





ထိုမျက်နှာကလေးကို ခံစားကြည့်ရှုမိခြင်းမဟုတ်။

သူမပြောသောစကားတို့ကို လက်ခံသိမ်းဆည်းလိုက်မိသည့် အသွေးအသားက ဖျင်းခနဲရှန်းကြွလာတာမျိုး။

မာနကြောင့် နှုတ်ခမ်းက တင်းတင်းစေ့ပြီးသားဖြစ်သွားသည်။

ထိုမျက်ဝန်း ထိုနှုတ်ခမ်းတို့သည် သူ ဘယ်လိုမှထင်မှတ်မထားခဲ့သော စကားလုံးများဖြင့် ပထမဆုံး အသံတိတ်တိုက်ခိုက်ခဲ့ပြီး . . .

သူမဆက်ပြောလာနိုင်သည့် စကားတို့ကိုလည်း ခန့်မှန်းလိုက်မိပြီဖြစ်၏။

သူမက စူးစိုက်ကြည့်နေသော သူ့မျက်ဝန်းတွေကို အပြုံးလက်စနဲ့တုံ့ပြန်၍ . . .

"တကယ်ဆို ရှင် ဒီ့ထက် ခပ်နာနာလေးဖိုက်ပေးလိုက်ရင် ပိုပြီးသဘာဝကျမှာ၊ သရုပ်ဆောင်မယ်ဆို ပီပြင်ဖို့တော့လိုတာပေါ့"

"ဩော် . . . ဒါကြောင့် မင်းက မျက်မှန်တပ်ထားတာကိုး"

သူမကလည်း သူပြောလိုက်တာကို တွေဝေစဉ်းစားနေတာမျိုးမရှိ။

"မျက်မှန်တပ်ထားတာ **မမြင်လို့**မဟုတ်ဘူး၊ မြင်တတ်လွန်းလို့ အလင်းပြန်လျှော့ထားတဲ့သဘော၊ ဒါမျိုးတွေက ရိုးနေပါပြီ၊ နောက်တစ်ခါဆို ရှင် တခြားနည်းလမ်းသုံးဖို့ စဉ်းစားပေါ့"

www.burmeseclassic.com



သူ့မဲ့ပြုံးကြောင့် အောက်မေးတစ်ချက်လှုပ်ခတ်သွား၏။

မိန်းမတစ်ယောက်၏ စော်ကားမှုကို နှုတ်လှန်ထိုးဖို့မသင့်တာကို သိသည်။ \

ထို့ကြောင့် ဒေါ်သကို မဲ့ပြုံးဖြင့် အရည်ဖျော်ရသည်။

သူမရှေ့ထိ ခြေတစ်လှမ်းထပ်တိုးလိုက်ပြီး . . .

''မင်းလိုမိန်းမမျိုးနဲ့ ထပ်မဆုံမိဖို့ဘဲ စဉ်းစားရမှာ''

ချာခနဲပြန်လှည့်စဉ်မှာ အံတစ်ချက်ဖိကြိတ်မိရင်း ထိုမိန်းမပျို၏မဲ့ပြုံးနှင့် စကားလုံးတို့သည် အကြားအမြင် အသွေးအသားအားလုံးထဲသို့ လျှပ်စီးကြမ်းများလို စီးဝင်သွားခဲ့၏။

နီရဲသောနှလုံးသွေးတို့က အနီရောင်မှ စိမ်းညစ်သောအရောင်သို့ ချက်ချင်းပြောင်းလဲသွားခဲ့၏။

သူမကို သူ ဘယ်တော့မှမမေ့။

❀ ❀ ❀



## အခန်း (၂)

"ဒါဆို ဒီလိုလုပ်ကွာ၊ မမေ့နိုင်သောဖြစ်ရပ်တစ်ခုလို့ ခေါင်းစဉ်တပ်ပြီး စာစီစာကုံးတစ်ပုဒ်ရေးလိုက်"

''မင်းသူငယ်ပြန်မှ မူကြိုတက်ဖို့ရေးပေးမယ်''

သူ ဖျတ်ခနဲထရပ်လိုက်တော့ ထွန်းထွန်းက လက်ကို မကျေမနပ်ဆောင့်ဆွဲလိုက်၏။

"ငါ့အတွက်မဟုတ်ဘူး၊ မင်း နေ့နေ့ညညမေ့မရတာတွေ ပျောက်ပါးသွားအောင်လို့"

"ထွန်းထွန်း မင်းပါးစပ်ပိတ်နေစမ်း၊ ငါ့ဒေါသက မိန်းမတွေကိုပဲရောင်တာ"

သူ့မျက်နှာ နီရဲတက်လာတာကိုမြင်ကာ ထွန်းထွန်း ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်သွားသည်။

သို့သော် မျက်နှာက နီနေဆဲ။

ဆက်မပြောဖို့ သောင်းဦးကလက်တို့သည်။

ထွက်သွားဖို့ ခြေလှမ်းပြင်နေသည့်စီးနဲ့အတူလိုက်ရပ်၍. . .

"မင်းကလည်း ရင်ထဲမှာ ဒီလောက်အုံ့ပွဲ့မနေစမ်းပါနဲ့၊ ထုတ်ပစ်လိုက်တော့"

"မရလို့ပေါ့ကွ၊ အရေပြားမှာ ဆူးစူးနေတာမဟုတ်ဘူး။ နှလုံးသားထဲမှာ အဆိပ်သင့်သွားတာ၊ သူ့အပြုံး သူ့မျက်လုံးအောက်မှာ ငါက ဘာကောင်မှန်းမသိဖြစ်ခဲ့ရတာ၊ 'အထက်စီး' ဆိုတဲ့ကောင် ဒီနေ့ထိ ဘယ်ဘဝရောက်သွားမှန်းကိုမသိတော့ဘူး"

"အရင်အတိုင်းပါပဲ"

စီးမျက်လုံးက ထွန်းထွန်းထံ စူးခနဲပြေးဝင်၏။

ထွန်းထွန်း ဟဲခနဲရယ်ကာ . . .

"ဟုတ်တယ်လေ၊ မင်းတစ်ယောက်တည်းခံစားနေတာ ဘယ်သူမှမသိတဲ့ကိစ္စ၊ ငါတို့အမြင်၊ ငါတို့သူငယ်ချင်းကတော့ ဒီအတိုင်းပဲ၊ သောင်းဦးပြောသလို ထုတ်ပစ်လိုက်စမ်းပါကွာ၊ ခုလောက်ဆို ပြောတဲ့လူက ပြောချင်ရာပြောပြီး နွေပေါင်းညပေါင်းများစွာမှာ အိပ်ကောင်းစားကောင်းနဲ့ ဝလို့လှလို့နေမှာ"

"ထွန်းထွန်း"

"ဟင်"





မင်း ပါးစပ်ပိတ်မလား၊ ငါ ပိတ်ပေးရမလား"

"ရတယ်. . . ငါ့ဟာငါပိတ်ပြီ"

ထွန်းထွန်း တကယ်ပဲ ပါးစပ်ပိတ်သွားပြီ။

အထက်စီးဆိုသည့်ကောင်က ပြောလို့မရ။

စကားနဲ့ဖြစ်ဖြစ် လူနဲ့ဖြစ်ဖြစ် နည်းနည်းလေးမှ စီးကြောမခံတဲ့သူသုံးယောက်ဟာ တက္ကသိုလ်မှာကတည်းက တွဲလာခဲ့ကြတာဖြစ်ပြီး သူပဲ စိတ်အဆတ်ဆုံးဖြစ်သည်။

ဒါပေမဲ့ စီးက စကားစစ်ထိုးတတ်သူမဟုတ်ဘဲ မျိုသိပ်တတ်သည်။

တုံ့ပြန်ထိုက်သူကို လက်ပါဖို့လည်းဝန်မလေး။

နေရာတကာ သတ်ပုတ်တိုက်ခိုက်နေချင်တာမျိုး မဟုတ်သော်လည်း အံကြိတ်ဖျောက်ပစ်လို့မရလျှင် နေရာမရွေး လူမရွေး။

သူရှောင်တာ မိန်းမသားကိုပဲဖြစ်သည်။

"မိန်းကလေးတွေပါးစပ်ကို ဘယ်တော့မှ နိုင်အောင်မတိုက်ဘူး"

ဟု ပြောခဲ့ဖူး၏။

ချောချောလှလှလေးမြင်လျှင် လိုက်ကြည့် လိုက်ငေးတတ်တာရှိသည်။ ဘယ်တော့မှ စိတ်ဝင်တစားမရှိ။

"မလှဘူးလား။ မင်းကြိုးစားကြည့်ပါလား စီး" ဟု တိုင်ပိုးကြိတ်ကြိတ် တိုက်တွန်းကြည့်။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ခေါင်းခါတတ်ခဲ့၏။

"ငါ့ရဲ့လိုချင်တပ်မက်လာခဲ့ ဆန္ဒတွေထဲမှာ မိန်းမတစ်ယောက်ကိုချစ်ဖို့ဆိုတဲ့ ခေါင်းစဉ်ပါလာရင် ဖျက်ချလိုက်မှာပဲ၊ အချစ်နဲ့ပတ်သက်တဲ့ ဒိုင်ယာရီဟောင်းတွေကို ငါမကြိုက်ဘူး"

စီးက ထိုသို့ဖြစ်သည်။

သူတို့သုံးယောက်ထဲမှာ စီးကချောသည်။ လမ်းလျှောက်ပုံ စကားပြောပုံကအစ စတိုင်လ်တစ်မျိုးနှင့် ကြည့်ကောင်းတဲ့သူ။

ဒါပေမဲ့ သူတစ်ယောက်မှာပဲ ချစ်သူမရှိတာဖြစ်နေပြန်သည်။

ချစ်မယ့်သူမရှိလို့မဟုတ်။

သူ့ကိုက စိတ်ဝင်တစားမရှိခဲ့တာ။

တချို့ သူငယ်ချင်းအုပ်စုတွေမှာ ချစ်သူရှိရှိ မရှိရှိ တစ်ယောက်ကိုစွ တစ်ယောက်ကကူညီကြသည်။

ကိုယ်တိုင်ချစ်သူမရှိပေမယ့် ဒါမျိုး ကူညီဖို့ဆို ဝါသနာကြီးတတ်ကြသည်။

စီးကျတော့ ရှေ့ကလည်းမသွား နောက်ကလည်းမလိုက်။

"ကောင်မလေးနဲ့ချိန်းထားလို့ပါကွာ၊ ခဏလိုက်ခဲ့စမ်းပါ" ဟု ခေါ်ကြည့်။

"မလိုက်ချင်ပါဘူး။ ဗီးသီးလည်းမစားဘူး။ ဗီးပင်အောက်လည်းမရပ်ချင်ဘူး"

ဘယ်လိုပဲခေါ်ခေါ် အားနာပါးနာ ထလိုက်လာတယ်ဆိုတာ





တစ်ခါမှမရှိခဲ့။

"ဒီနေ့ ငါ့ကောင်မလေးက အဖြေပေးမှာကွ၊ မင်းလိုက်ကြည့်ပြီးရင် မင်းကြိုက်တဲ့ဆိုင်မှာ ငါတစ်ဝိုင်းစာခံမယ်"

"မျိုမကျပါဘူးကွာ၊ ဒူးထောက်ခယလာရတဲ့ ချွေးနဲ့စာလေးကွာ"

မချိုမချဉ်မဲ့ပြုံးနှင့် လှောင်ပြောင်တတ်သေးသည်။

ထိုလူမျိုးကျမှ ခံလိုက်ရတော့ အဖြစ်တို့ကကျန်ခဲ့တာ ဆစ်လကျော်နေပြီ။ စီး မျက်မှောင်ကုတ်မပြေ။

တစ်ခါတစ်ခါ စိတ်လိုလက်ရဖွင့်ပြောလာတိုင်း ဒီမိန်းမ ကြောင်းပဲဖြစ်၏။ ပြောတိုင်း အံကြိတ်နေသည်။

"တော်တော်မုန်းစရာကောင်းတဲ့ နှုတ်ခမ်းတွေ"

ဟု ခပ်တိုးတိုးကြိတ်ပြောတတ်တာလည်း ရှိ၏။

ကြာတော့လည်း စီး မကျေနပ်ခဲ့သည့်ထိုမိန်းမဟာ ယောက်လုံး၏ရင်ထဲထိ ရောက်လာခဲ့ရသည်။

ဖြစ်ရလေ။ စီးနဲ့ကျမှတွေ့ရတယ်လို့။

သူပြောနေသလိုပဲ 'ငါကိုကမနေတတ်တာ' ဆိုသည့်အတိုင်း ကိုက မနေတတ်တာ' ဟုပဲ ပြောရတော့မည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မိုးစိုထားသည့်မို့ သွပ်မိုးအောက်ထဲ ပြေးဝင်လိုက်မိသည်။ ခြေလှမ်းတို့က လေ့ခါးထစ်တွေရှိရာဦးတည်လိုက်မိသည်နှင့် အထဲက ထွက်ပေါ်လာသည့်စကားသံများကြောင့် တုံ့ခနဲဖြစ်သွားသည်။

"ပြောလိုက်ရင် မင်းမှာ ဘော်ဒါကလူနဲ့၊ ကျောင်းနေဘက်မို့လို့နဲ့ တကယ်ဒုက္ခခံနေရတာအမေ၊ သူက ဘာလုပ်မှာလဲ၊ ဘာရည်ရွယ်ချက် ဘာစိတ်ကူးတွေရှိလို့လဲ"

"အမေကလည်းဗျာ"

"အမေကမလဲနဲ့လေ၊ အိမ်မှာ မိန်းမပျိုလေးနဲ့၊ သူရောက်နေတာပဲ နှစ်လကျော်နေပြီ၊ ကိုယ့်မှာလည်း ကိုယ့်ခြံကိုယ့်ဝန်းနဲ့ဟာ၊ နေပါလား"





"သူ့မာမီနဲ့ အခဆင်မပြေလို့ပါဆိုအမေရာ၊ သူ ဒီမှာနေတာ အဖေ့အလုပ်ခန်းအိမ်လေးထဲမှာနေတာပဲ၊ အိမ်ပေါ်မှာနေတာလည်း မဟုတ်ဘူး၊ သားတို့နဲ့စားတာလည်းမဟုတ်ဘူး။ ဘာမှအပန်းမကြီးတာကို သက်သက် အမေက ပြဿနာရှာနေတာ"

ထွန်ထွန်းအသံက စိတ်ပျက်သံနှင့် စိတ်မရှည်နိုင်ခြင်းတွေ ရောထွေးပါနေသည်။

ဒေါ်မာလာကတော့ အချိန်တိုင်း ပစိပစပ်ပြောနေတတ်သူ မဟုတ်ပါ။ ပြောတာဆိုတာလည်း နှုးညံ့ပါသည်။

ခုလည်း အထက်စီးမရှိသည့်အချိန်မို့သားကို တိတ်တိတ် ကြိတ်ကြိတ်ပြောနေတာ ဖြစ်သည်။

ဖြစ်ချင်တော့ အပြင်မှာ သူက မတ်တပ်ရပ်နေမိပြီး ဖြစ်၏။

သူများစကား နားမထောင်သင့်ပေမယ့် ကြားနေရတာက ကိုယ့်အကြောင်း။

"ဆိုယ်မကျွေးရပေမယ့် - ကိုယ့်အရိပ်မှာနေတော့ ကိုယ့်တာဝန်လေ၊ သူက သွားချင်တဲ့အချိန်သွား၊ ပြန်ချင်တဲ့အချိန်ပြန်၊ မင်းအဖေက သိပ်မကြိုက်ဘူး"

"အဖေက ဘာမှမပြောဘူး"

"အေး. . . ပြောတဲ့နေ့က မင်းမျက်နှာပျက်ရတဲ့နေ့ပဲ၊ အမေက သူပြောမှာကို ကြိုမြင်လို့ပြောတာ၊ မင်းညီမကို မင်းမမေ့နဲ့နော်၊ ဝန်းသီနွယ်က ကလေးလေးမဟုတ်တော့ဘူး။ ကိုးတန်းဆိုတဲ့နွယ်



www.burmeseclassic.com

www.burmeseclassic.com



ဟာ. . .''

''ဟား. . . ဟား. . . ဟား. . .''

ထွန်းထွန်းက ခပ်ဟက်ဟက်ရယ်လိုက်ပြီး. . .

''လုပ်ပြီ. . . အမေရာ၊ အမေ့သမီး ပေါက်စလေးကိုမပြောနဲ့၊ တကယ့်အချောအလှ ဒိတ်ဒိတ်ကျဲတွေကိုတောင် ဒီကောင်က စိတ်ဝင်စားခဲ့တာမဟုတ်ဘူး. . .''

''ဟဲ့. . . တိုးတိုးပြောစမ်း''

ဖတ်ခနဲ လှမ်းရိုက်လိုက်သံကြားလိုက်ရပြီး အနည်းငယ်နိမ့်ကျသွားသည့် အသံတိုးတိုးဖြင့်. . .

''အမေက ဖြစ်နေပြီ ချစ်နေပြီလို့ပြောတာမဟုတ်ဘူး။ အထက်စီးဆိုတဲ့ကောင်လေး ပေါ့ပေါ့ရမ်းရမ်း မဟုတ်ဘူးဆိုတာလည်း သိသားပဲ၊ ဒါပေမဲ့ မင်းညီမက စိတ်ကူးယာဉ်တတ်တဲ့အရွယ်လေး၊ အခု သူ့ကျောင်းစာအုပ်တွေထဲမှာ အသဲပုံတွေဆွဲ၊ အထဲမှာ အထက်စီးဆိုတဲ့နာမည်တွေထည့်ရေး''

''ဘာ. . .''

''ဟုတ်တယ်၊ ပြီးတော့ အဲဒီကောင်လေးကို ခိုးခိုးကြည့်နေတာ အမေမြင်တယ်''

သူ နေရာမှ ထွက်ခွာလာခဲ့မိသည်။

တွန့်ကုတ်ထားသည့်မျက်ခုံးနှစ်ဖက်က လုံးထွေးချိတ်ဆက်သွားတော့မလောက်ဖြစ်နေကာ ဖိပိတ်ထားသော နှုတ်ခမ်းအစုံက





မျဉ်းဖြောင့်တစ်ကြောင်းနှင့်တူနေသည်။

လမ်းတစ်ဘက်ကို ကူးရန်ရပ်စောင့်နေရင်း ဆံပင်တွေထဲကို လက်တစ်ဖက်သွင်း၍ ထိုးဖွပစ်မိသည်။

ဂုတ်အောက်ရောက်အောင်ရှည်သော်လည်း နီကျင်ကျင်ခင် ပျော့ပျော့ရှိသောဆံပင်တို့ကို ဘယ်လိုဖွဖွ ပုံပျက်ပွယောင်းသွားသည် မရှိ။

တစ်ဘက်ရောက်တော့ သူ ကားတားဖို့ ထပ်စောင့်ရပြန်သည်။

''ဟာ. . . စီး''

နားထဲမှာ ယဉ်ပါးနေသည့်အသံ. . .။

သူလှည့်ကြည့်လိုက်တော့ သောင်းဦး. . .။

ကားပေါ်မှာ ဆံပင်တိုတိုနှင့် ကောင်မလေးတစ်ယောက်. . .။

သောင်းဦးက သူ့ဆီပြေးလာရင်း. . .

''ငါ့ကားပျက်နေလို့ လာကြည့်ပေးစမ်းပါကွာ၊ ခဏလေးပါ၊ ညီမအားကို ကားစုတ်ကြီးနဲ့တင်ခေါ်လာမိလို့ ငါ့မှာကဲ့ရယ်ခံရတော့မှာ''

''ကားစုတ်ရင် စုတ်တယ်ပေါ့ကွာ''

''အေးပါ စုတ်ပါတယ်၊ ဒါပေမဲ့. . . လာပါကွာ၊ ဟိုမှာနှုတ်ခမ်းစူနေပြီ''

ကျောင်းတုန်းက အတူတူပေမယ့် မေဂျာချင်းကမတူကြ။



www.burmeseclassic.com

www.burmeseclassic.com



သူယူထားတာက Mechanical engineer

ဒါကို သူဝါသနာကြီးခဲ့တာဖြစ်သည်။

သောင်းဦးတို့က သပ်သပ်. . .။

ကျောင်းပြီး ဘွဲ့ရလို့လည်း အလုပ်မလုပ်ဖြစ်ကြသေး. . .။

"လမ်းပေါ်မှာ သွားနေရတာချင်းတူပေမယ့် မင်းပညာက မဆိုးဘူးကွ၊ ကျေးဇူးတင်ခံရမယ်၊ ဝင်ငွေရနိုင်တယ်၊ ဟဲ. . .ဟဲ အထူးသဖြင့် ကောင်မလေးတွေကားပျက်နေတာတွေ့ရင်. . ."

"ဟော့ကောင်. . .တော်. . ."

"ငါတို့ မေဂျာယူတာမှားခဲ့တာကို ပြောမလို့ပါ"

သူတို့ စနောက်ကြတိုင်း စီးကမကြိုက်။

ခုလည်း သေချာငုံ့ကြည့်ပြီး ဘာမှမကိုင် ဘာမှမနှိုက်ဘဲ စက်ဖုံးကိုပြန်ပိတ်လိုက်၏။

"ဟ. . .ဘာ. . .ဘာဖြစ်တာလဲ၊ ကြည့်လေကွာ၊ ပြင်ပေးပါဆို"

သောင်းဦး ပျာပျာသလဲကပ်ပြော၏။

"မရတော့ဘူး၊ မင်းကား ဝပ်ရှော့ကိုပို့လိုက်"

"ဟင်. . ."

သောင်းဦး မျက်စိမျက်နှာပျက်ကာ ခေါင်းကုတ်၏။

"စီး. . .မင်း. . .မင်း ငါ့ကောင်မလေးပါလာလို့ တမင်ပြောတာလား"





"ပြောစရာလား၊ တကယ်လက်နက်နဲ့မှရမှာ၊ လက်ချည်း မရဘူး၊ ဝပ်ရှော့ကိုပို့လိုက်တော့"

"သွားပြီကွာ၊ ညစ်ပြီ. . .လုံးဝကိုညစ်ပြီ"

"ဘာဖြစ်တာလဲ၊ စက်ပစ္စည်းပဲ မပျက်ရတော့ဘူးလား"

"မဟုတ်ဘူး၊ မင်းမသိဘူး စီးရာ. . .ကျွတ်. . ."

သောင်းဦး ရှုံ့မဲ့သွားတာကိုကြည့်ကာ သူဟက်ခနဲရယ်၍ ပခုံးတွန့်လိုက်၏။

ပြီးတော့ ကောင်မလေးထိုင်နေသည့်ဆီ စူးခနဲ တစ်ချက်ကြည့်ကာ. . .

"ကားစုတ်တယ်ဆိုပြီး ဆင်းသွားတော့လည်း ကားလေး ဘာလေး ငှားပေးလိုက်ပေါ့ကွာ၊ အဟွန်း. . ."

"မင်းကြီးတော်"

"မသေသေးဘူး၊ မင်းအတွက်ထားတာ"

သူ မဲ့ပြုံးတစ်ချက်နှင့် လှည့်ထွက်လာခဲ့သည်။

ကားတားမလို့စိတ်ကူးပြီးမှ ရပ်ထားသည့်အငှားကား တစ်စီးဆီလျှောက်လာခဲ့မိ၏။

"လေးဆယ့်လေးလမ်းကို သွားမယ်ဗျာ"

"တက်ကွာ. . ."

သူကားပေါ်ထိုင်လိုက်ပြီးမှ. . .

"ဒီမှာရှင့် ကျောက်မြောင်းကိုသွားချင်တယ် မြန်မြန်လေး



www.burmeseclassic.com

www.burmeseclassic.com



နော်"

အမျိုးသမီးက ပြောပြောဆိုဆို ကားထဲဝင်ထိုင်လိုက်ပြီးဖြစ်၏။

ကားဆရာက နောက်ကိုလှည့်ကြည့်ပြီး...

"ညီမ..."

ဟု စကားစလိုက်လျှင် သူ ခေါင်းညိတ်၍ မေးဆတ်ပြလိုက်၏။

ရတယ် မောင်းပေးလိုက်ဟု ပြောလိုက်သည့်သဘော...။

နှစ်ဦးထံမှရတော့မှာမို့ ကားဆရာကတော့ ပျော်သွားသည်သာ...။

သို့သော် သူမနှင့်သူ ကားထဲထိုင်မိကြမှ အမှတ်တမဲ့မှန်ထဲမှာ မျက်လုံးချင်းဆုံလိုက်မိလျှင်...

"ဟင်..."

မျက်နှာနှစ်ခု ဖျတ်ကနဲပြိုင်တူလှည့်လာကြ၏။

မှတ်မိသွားကြသည့် မျက်ဝန်းစိုက်ကြည့်လိုက်မိကြပြီး ချက်ချင်းမျက်နှာလွှဲပစ်လိုက်ကြသည်။

သူ နှုတ်ခမ်းတွန့်သွားသည်။

တောရုံအသားဖြူရုံနှင့် မဝတ်ရဲကြသော စကားဝါရောင်ဝတ်စုံလေးနှင့် အလှချင်းပြိုင်နေသော ဝင်းစက်နုအိနေသည့် မျက်နှာလေးက မျက်ဝန်းထဲမှာပေါ်လာသည်။





တော်တော်လှသည့် မိန်းမ...။

တွေးလိုက်မိခြင်းက 'စွဲလှမ်းခံစားလိုက်ခြင်းမဟုတ်ဘဲ မလိုလားသော အတွေးများနှင့်ဖြစ်သည်။

သူမအလှပေါ်မှာ မှတ်မှတ်ထင်ထင် မြင်လိုက်မိသည့် ကိုယ့်ကိုကိုယ်မကျေနပ်...။

သူမ မျက်မှန် ထုတ်တပ်လိုက်သည့် လှုပ်ရှားမှုအပေါ် မျက်လုံးတစ်ချက်ပြန်ရောက်သွားလျှင် သိသာစွာ ရှည်လျားကော့နက်နေသည့်မျက်တောင်ဖျားတို့ကို သတိထားမိပြန်သည်။

သူမပုံစံကလည်း မြင်နေသမျှအားလုံးအပေါ် ဥပက္ခာထားလိုခြင်းများဖြင့် ပြည့်နှက်နေတာဖြစ်သည်။

နောက်ထပ်တစ်ခါ ငဲ့မကြည့်မိအောင် မျက်ဝန်းတွေကိုကော စိတ်ကိုပါလုံးဝနေရာလွှဲပစ်ကာ ကိုယ့်တစ်ယောက်တည်း ကားစီးလာသလို နေပစ်လိုက်သည်။

တိတ်ဆိတ်ခြင်းက ကြာရှည်စွာလွှမ်းမိုးထားဆဲ။

"ကား... ဘာဖြစ်သွားတာလဲ"

သူမ အသံလေးထွက်လာသည်။

ကားက စကားမပြောဘဲ ထိုးရပ်သွားတာဖြစ်သည်။

ဘာဖြစ်သွားသည်ကို ဘာသာမပြန်တတ်သော ကားဆရာတလည်း မရမက ပြန်နှိုးဖို့ကြိုးစားနေ၏။

ကားက တုတ်တုတ်မျှမလှုပ်တော့...။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ ဆေးမှာကန့်ဘောင်. . . ။

ဒီဘက်မှာ အဆောက်အဦးနှင့် အလွန်ဝေးသောသံတိုင်များ ခတ်ထားသည့် စည်းရိုးတစ်ခု. . . ။

လမ်းဘေးမှာလည်း ရှေ့နောက် ကားသွားကားလာကလည်း ရှင်းနေသည်။

"ခဏလေးနော်. . . ခဏလေး ဆင်းကြည့်လိုက်ဦးမယ်"

ကားဆရာ ကပျာကယာဆင်းသွားပြီး စက်ဖုံးကိုဖွင့်ကြည့်၏။

အတန်ကြာမှ မျက်နှာပြန်ပေါ်လာပြီး. . .

"ညီလေး. . . "

စီး ဘေးကိုရောက်လာပြီး တံခါးဆွဲဖွင့်လိုက်၏။

"မင်း ကားပြင်တတ်တာ အစ်ကိုသိပါတယ်၊ ခဏလောက် ဆင်းကြည့်ပေးပါကွာ၊ အကျိုးအကြောင်းလေးသိရအောင်"

သူ ကားဆရာကိုမော့ကြည့်ရင်း မျက်မှောင်ကုတ်သွား၏။

ဘာကိုသိတာလဲဟုတွေးလိုက်မိစဉ် ဆောင်းဦးကားကို သူ လိုက်ကြည့်ပေးခဲ့သည့်အဖြစ်အား သတိရသွားခဲ့သည်။

ဒီကားဆရာက ဒါကို ကားထဲကနေလှမ်းကြည့်နေခဲ့တာဖြစ်မည်။

တုတ်တုတ်မျှမလှုပ်သောသူ့ကို ကားဆရာက မျက်နှာချို သွေး၏။

"လာပါညီလေးရ. . . ခဏကြည့်ပေးပါ"





သူ တစ်စုံတစ်ရာကို ဖျတ်ကနဲ သတိရသွားသည်။

မျက်ဝန်းတို့က မှန်ဆီသို့ နောက်ထပ်ရောက်သွားပြန်ရာ ငြိမ်သက်နေသည့်သူ့ထံသို့ အလိုမကျ စိတ်မရှည်စွာ ဒိုင်းခနဲစွေကြည့်လိုက်သော မျက်ဝန်းတစ်စုံနှင့် ဆုံဆည်းသွား၏။

စီး ဟွန့်ခနဲမဲ့၍ ကားပေါ်ကဆင်းလိုက်သည်။

လမ်းမထက်မှာ ခြေချရပ်လိုက်ပြီးမှ ဘောင်းဘီထဲလက်နှိုက်ရင်း ပင့်သက်ရှိုက်ပြီး လေသံကိုပိုတင်သည်။

"စိတ်တော့မကောင်းပါဘူး၊ စေတနာက လူတိုင်းနဲ့မတန်ဘူးဆိုတဲ့သင်ခန်းစာတွေ ကျွန်တော်ရထားတယ်ဗျာ။ ပထမဆုံးပဲ ကျွန်တော့်ရဲ့ဥပက္ခာထဲမှာ ခင်ဗျားပါသွားတာ ဝမ်းနည်းပါတယ်"

ကားခပိုက်ဆံကိုပါ ကားဆရာလက်ထဲထည့်၍ သူသည် ကားဆရာကိုမဟုတ်ဘဲ ကိုယ့်စကားသံကို လိုရာသို့ တည့်တည့်ရောက်အောင်ပို့ပေးလိုက်ပြီး ကျောခိုင်းထွက်လာခဲ့သည်။

ပလက်ဖောင်းပေါ် လှွားခနဲပြေးတက်ကာ နှုတ်ခမ်းများပြုံး မိထင်၏။ ဒီလိုအခွင့်အရေးမျိုး ကိုယ့်လက်ထဲ ရောက်လာလိမ့်မည်တာ အနည်းငယ်မျှပင်မတွေးမိခဲ့ပါ။

သူပစ်ခဲ့သော မြားသည် ခုလောက်ဆို သက်ဆိုင်သူ၏ ဆိုင်တွင်းတစ်နေရာသို့. . .

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ပြန်ထွက်သွားရတော့မလိုလို ရှေ့တိုး၍ လက်ထဲက ကိုင်လာသည့်ဖိုင်ကိုပဲ ချပြရတော့မလိုလို. . .။

ဘာမှန်းမသိဘဲ ဒေါသတွေကြီးနေသော်လည်း သူရှေ့ရှေ့သို့ အလုပ်သမား မသွားရဲတော့သည်က သေချာပါ၏။

သူတိတ်ဆိတ်စွာ ရပ်နေသော်လည်း. . .

"ဘာလဲ. . . ဘာမှလာမပြုနဲ့ဦး. . . သွား"

"ရှင်. . ."

နောက်ထပ်ကိုင်ထားသည့် ကားသော့ကိုပါ စားပွဲပေါ်ဆောင့် ပစ်ကာ လှည့်မကြည့်ဘဲ ဆူပစ်လိုက်၏။

"ဟုတ်ကဲ့"

ကိုသဲ ခပ်သုတ်သုတ်ပြန်ထွက်သွားသည်။

သူမ မျက်နှာကိုမော့ကာ နှုတ်ခမ်းစုံကိုဖွင့်၍ မျက်ဝန်းတွေကို တ်ချပစ်လိုက်မိသည်။

ဒေါသကြီးတတ်တာ ငယ်ငယ်ကတည်းက အကျင့်. . .။

မကောင်းမှန်းသိသည်။ ဒက်ဒီကော မာမီကော သူမဒေါသ တ်တတ်တာကိုပဲ မကောင်းကြောင်း တဖွဖွဆုံးမကြ၏။

မိဘနှစ်ပါးက စီးပွားရေးသမားတွေပါပဲ။

ဒါပေမဲ့ တိကျသည် စည်းကမ်းရှိသည် ဒါကသပ်သပ်။

ပြောဆိုဆက်ဆံရေးမှာတော့ ဒေါသကို အတတ်နိုင်ဆုံး ချုပ် နိုင်ကြ၏။

(ဖူးစာပေ)

အခန်း (၄)

"တောက်. . ."

ဒေါသနှင့်ပစ်ပေါက်လိုက်သည့် လက်ကိုင်အိတ်က စားပွဲပေါ် သို့ မာနတကြီးခုန်ဆင်းလျှက် ရှိသမျှ ထိသမျှပစ္စည်းတို့ကို ရန်လုပ် သွား၏။

"ဒေါက်. . ."

"ရှင်. . ."

ဘောလ်ပင်စိုက်သည့် ကော်ပြားလေးကိုကော ရုံးခန်းသော့ တွဲကြီးကိုပါ ကြမ်းပြင်ထက်သို့ အဖော်ခေါ်သွားခဲ့သည်။

နောက်မှကပ်ပါလာသည့် ဂရပ်ဖစ်ဒီဇိုင်နာ ကိုသဲ၏ခြေလှမ်း တွေပါ တုံ့ရပ်သွားသည်။

(ဖူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဒေါသဆိုတာ လူကိုညစ်နွမ်းစေတဲ့ သွေးဆိုးပဲသမီးရဲ့၊ လူတစ်ယောက်ရဲ့အယူအဆ အတွေးအခေါ်မြင့်မားမှု သူ့ရဲ့သည်းခံနိုင်မှု နူးညံ့ခြင်း သိမ်မွေ့ခြင်းအားလုံးဟာ ဒေါသကိုထိန်းသိမ်းတတ်ခြင်း အပေါ်မှာ မူတည်တယ်။ လူတစ်ယောက်ရဲ့ စရိုက် စိတ်ဓါတ် အဆင့်အတန်းကို အကဲခတ်ရအလွယ်ဆုံးက ဒေါသပဲ"

မိဘက အမြဲမြဲဆုံးမခဲ့သည်။

သူမဟာလည်း ဒီလောက်ထိ ရိုင်းစိုင်းကြမ်းတမ်းခဲ့သူ မဟုတ်ပါ။

အထူးသဖြင့် မိဘဆုံးမစကားကို နားဝင်ဆင်ခြင်ခဲ့သည်။

စီးပွားရေးလောကကို စိတ်ဝင်စားလွန်း၍ ဘွဲ့မရသေးခင်ကတည်းက အပတ်တကုတ်လေ့လာပါဝင်ခဲ့တာမို့လည်း အောင်မြင်နေကြသူတွေ ဆုံးမညွှန်ကြားသမျှကို အထူးနာခံခဲ့သူဖြစ်သည်။

ဒီနေ့ ဒီအဖြစ်မျိုးမှာတော့ သူမ ဘယ်လိုမှ မထိန်းချုပ်နိုင်ခဲ့. . .၊

ဒါ ယောကျ်ားတစ်ယောက်ရဲ့ ခန့်ညားမှုတွေလား. . .။

အခါအခွင့်သင့်တာနှင့် လက်တုံ့ပြန်တတ်တာ ချိုးမွမ်းထိုက်သူလား။

မဲ့ပြုံးတစ်ချက်ကို မေ့ပစ်လို့မရ. . .။

အောင်နိုင်စွာပြောသွားခဲ့သည့် တုန့်ပြန်စကားတို့က နားထဲမှာစွဲနေသည်။ စူးတောက်သောမျက်ဝန်းများမှ အငြိုးကြီးတတ်





သောမှင်နီရာတွေကို သူမမြင်ခဲ့၏။

ပြီးခဲ့သောအဖြစ်တစ်ခုဟာ သူမဘက်က တမင်တကာ ချိုးဖဲ့ဖုတ်ခတ်ပစ်ခဲ့တာမဟုတ်။

လမ်းဘေးမှာသွားလာနေရသည့် မိန်းမသားတစ်ယောက်အတွက် ယုံလွယ်တတ်ခြင်းကို ရှောင်ကျဉ်ခဲ့တာပဲဖြစ်သည်။

သူဘယ်လိုလူစားဖြစ်ဖြစ် ကိုယ့်ဘက်က မှန်နေရင်မပြီးဘူးလား။

မိန်းကလေးတစ်ယောက်ဘက်က ကာကွယ်သင့်တာတွေအတွက် စာနာစိတ်နဲ့တွေးမကြည့်ခဲ့ဘူးလား။

ဟွန်း ယောကျ်ားတစ်ယောက်၏ သည်းခံနိုင်မှုဆိုတာ ဒီယောက်ပဲလား။ နှုတ်ခမ်းကို တွန့်ပစ်လိုက်မိရင်း ဖိကိုက်ထားမိတာည်း ကိုယ့်မာနနဲ့ကိုယ့်ဒေါသကို ထိန်းရခက်နေ၍ဖြစ်သည်။

ကားထဲမှာ သူမ ဒီအတိုင်းထိုင်လျက်ကျန်ခဲ့၏။

ကားဆရာသည်လည်း ကားပဲမောင်းတတ်ပြီး ဘာမှမတတ်ဲ ခေါင်းကုတ်ဖင်ကုတ်ဖြစ်နေသည်။

"ဘယ်လိုကောင်လဲ မသိဘူး။ ဒါလေး နည်းနည်းပါးပါးကြည့်ရုံဟာကို လူမှုရေးစိတ်မရှိလိုက်တာ"

သူကပဲ တဖျစ်ဖျစ်ပြော၍ အပြစ်တင်နေသေးသည်။

အသုံးမကျသည့် ကားဆရာ၏အသံကိုသည်း မကြားချင်ဘော့။



www.burmeseclassic.com

www.burmeseclassic.com



ကားစုတ်ပေါ်မှလည်း ထိုင်မနေချင်တော့ဘဲ သူမ လမ်းပေါ် ရောက်သွားခဲ့သည်။

ဘယ်ကိုပဲ ကြည့်ကြည့် အငှားကားကိုမမြင်. . . ။

အတန်ကြာအောင်ရပ်စောင့်သော်လည်း ပါစင်ဂျာအပြည့်နှင့် လာသောကားတွေက လက်ခါပြသွားကြသည်။

လိုင်းကားရပ်သည့်နေရာမဟုတ်တော့ ကားမှတ်တိုင်တွေနဲ့ လည်းမနီး။

ရုတ်တရက် အစီအစဉ်နဲ့ကတိုက်ကရိုက်မို့ လက်ထဲမှာ လက် ကိုင်အိတ်တစ်လုံးသာပါသည်။ သူမအဖြစ်က နေပူကျဲကျဲမှာ ချွေး ပြိုက်ပြိုက်ကျအောင် လျှောက်ခဲ့ရ၏။

ကားရှိသည့်နေရာရောက်တော့ မျက်လုံးတွေလည်းပြာနေပြီ။ ဒူးတွေချောင်ကာ လက်ဖဝါးတွေက ဆုပ်၍မမြဲချင်ဘဲရှိနေ၏။

"ဟင်. . . ကားမပါဘူးလား သျှန်၊ ကိုယ်လည်း ခုပဲပို့နိုင် တော့မလို့ပါ။ ကားငှားမလာဘူးလား၊ ဘယ်ကနေဆင်းလာတာလဲ"

ကိုဝေကတော့ အားနာသွား၍ထင်သည်။

သူ ကားငှားထားတာကိုတောင်းပန်ရင်း စိတ်ပူပန်စွာပြော သည်။

သူမမှာ ကိုယ့်အဖြစ် ကိုယ်ဒေါသလည်းဖြစ် မောလည်းမော ဘာမှလည်း ပြောမပြနိုင်ခဲ့ဘဲ ကားတက်မောင်း၍ ထွက်လာခဲ့သည်။

ဒေါသက ဘယ်လိုထိန်းလို့မှ မရတော့။

(ဗျူးစာပေ)



အလှအပကို ကိုးကွယ်လွန်းသည်မဟုတ်သော်လည်း သူမ ကိုယ့်ကိုကိုယ်တော့ ဂရုစိုက်ခဲ့သည်။

"မိန်းမတစ်ယောက်ရဲ့ အလှဟာ တန်ဖိုးပဲသမီးရဲ့၊ လောက ကြီးမှာ မင်္ဂလာရယ်၊ အမင်္ဂလာရယ်ကို လူတွေ ဘာကိုအလိုရှိကြ သလဲ၊ သာယာခြင်း၊ ဆင်းရဲခြင်းမှာ ဘာကမင်္ဂလာလဲ၊ အလှဆိုတာ လည်း သာယာခြင်း၊ ဆင်းရဲခြင်းကနေဖြစ်ပေါ်လာတာလို့ ပြောရင် ရတယ်၊ လှတာနဲ့ရုပ်ဆိုးတာကို ဘယ်သူ့ကိုမြင်ချင်ကြမလဲ၊ လှတာ လေးကိုပဲ ထိုင်ကြည့်နေချင်တာပေါ့။ အလှဟာ လူတိုင်းရဲ့တန်ဖိုးပဲ၊ အထူးသဖြင့် မိန်းကလေးတွေအတွက် အလှဟာရတနာ"

အလှနှင့်ပတ်သက်၍ အကျယ်တဝင့်ပြောနေတတ်သည့် မာမီကိုယ်တိုင်က ကြွကြွလှလှလေးနေတတ်သူ ဖြစ်သည်။

"သာယာမှုကို ခံစားလိုကြတဲ့လူတိုင်းဟာ အလှအပကို လည်း မြတ်နိုးကြတာပဲသမီးရဲ့၊ ကိုယ့်အလှကိုကိုယ် မွေးမြူတတ်ဖို့လို သလို စောင့်ရှောက်တတ်ဖို့ အများကြီးလိုတယ်"

ခုတော့ သူမ နေပူပြင်းထဲမှာ မိနစ်ပေါင်းများစွာ ဖြတ်သန်း ခဲ့ရသည်။

ကိုယ့်ပုံကို မှန်ရှေ့မှာရပ်ကြည့်မိရင်း ဒေါသတွေ လိပ်တက် လာသည်။

ဗီရိုမှန်ထိပ်မှာ သိမ်းဖက်ထားသည့်ဖာပါးပါးကို ဆွဲဖြုတ်၍ ရိုက်မိသည်။

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရုပ်ကိုလည်း မမြင်ချင်တော့။

ဆက်မိစပ်ရာတွေးမိနေတာပေမယ့် အဓိကဆူပွက်ကျန်ခဲ့သည်က မာနတရားများဖြစ်သည်။

ကိုယ့်ကို သူ လှလှပပကြီး ပညာပြသွားခဲ့သည်။

တကယ်ဆို ဒီလိုတွေဖြစ်လာဖို့က သူမ တမင်တကာ ပြက်ရယ်ပြုခဲ့တာမဟုတ်။ စိတ်တို့သည် တွေးနေရင်း ထွက်ပေါက်မဲ့လာခဲ့ရာ ထိုင်လို့လည်းမရ။

ခန္ဓာကိုယ်က အားအင်တို့ဆုတ်ခမ်းလျက် စားပွဲစွန်းမှာ လက်တစ်ဖက်ထောက်ထားလိုက်ရသည်။

နဖူးပြင်မှာ လက်ဖဝါးဖြင့်ပိတ်ကပ်ရင်း ဆံစများထဲထိ ချွေးစက်များ ဖြည်းဖြည်းထိုးဖွနေမိသည်။

ပခုံးအောက်ဆံနွယ်တွန့်တွန့်လေးများက လက်ချောင်းများကြားထဲမှ ဖရိုဖရဲပွတက်နေသော်လည်း လက်ဖြုတ်လိုက်သည်နှင့် နေသားတကျလေးဖြစ်သွားကြ၏။

'' သျှန် ''

နောက်ဘက်မှခေါ်သံ။

မမလတ်မှန်းသိလိုက်ကာ မျက်နှာပေါ်က ပူပွတွန့်မဲ့နေရာတွေ [illegible] ရင်ထဲလည်ချောင်းထဲမှာ ပေါက်ကွဲပွင့်ထွက်ချင်နေသည့်စကားတွေ ဖေါ်သူတွေကိုပါ ပြုပြင်သိမ်းဆည်းလိုက်ရ၏။

ပြီးမှ မမလတ်ဘက်ကိုလှည့်၍ . . .





"သျှန်. . . ခုမှရောက်တာ မမလတ်၊ ဒီကို သက်သက်လာတာလား"

"အင်း. . . ဆိုပါတော့"

လတ်ကလည်း သူမကို ဂရုတစိုက် အကဲခတ်မနေဘဲ စားပွဲရှေ့မှာ ဝင်ထိုင်လိုက်သည်။

သျှန်က နောက်က ကုလားထိုင်မှာ သွားထိုင်လိုက်ပြီး မျက်နှာရှေ့မှာ အဆင်သင့်ချထားလျက်ရှိနေသည့် အလုပ်တွေကို ငုံ့မကြည့်ဘဲ ဘေးကိုရွှေ့ထားလိုက်မိသည်။

လတ်က အစ်မဝမ်းကွဲတော်သူဖြစ်သည်။

အိမ်မှာ ဒယ်ဒီရယ် မာမီရယ်ရှိပေမယ့် မာမီကလည်း သူ့ဝါသနာပါသော စိန်တွေကျောက်တွေထဲမှာ စုန်းမြုပ်နေသလို ဒယ်ဒီကလည်း နိုင်ငံခြားကူးသန်းသွားလာနေခြင်းဖြင့် စီးပွားရေးလောကမှာ တိုးတက်မှုကိုရှာဖွေနေသူ။

ညီမလေးစံက ဆေးတက္ကသိုလ်တက်နေသည်။

သူမက ဒယ်ဒီနဲ့ပတ်သက်သည့် စီးပွားရေးထဲမှာ အောက်ခြေမှစ၍ ဆည်းပူးလေ့လာနေဆဲ။

ကြိုးစားနေဆဲ။

ထိုအဖြစ်များကြောင့် မိသားစုမျက်နှာစုံညီ နွေးထွေးခဲ့ရသည်ဆိုတာမရှိ။

အိမ်မှာ မိဘနှစ်ပါးလုံး တစ်နေ့ကုန်ရှိနေသည့်အချိန်မရှိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မဆုံဖြစ်ကြတာလည်း ညကျမှဖြစ်ကာ တမင်ဆုံအောင်ကြိုးစားမှ ဆုံကြသည်။

သူကလည်း ညစာစား စာကြည့်။

ကိုယ့်ပုံလည်း အချိန်မှန်အိမ်ပြန်ရောက်ပေမယ့် အလုပ်နဲ့အပန်းဖြေမှုထဲမှာ လုံးထွေးသတ်ပုတ်နေခဲ့ရသည်။

ထိုထဲမှာ မမလတ် ရောက်ရောက်လာတတ်ကာ စကားတွေလာပြော စားသောက်စရာတွေ ဝင်လုပ်ကိုင်ပေးသွား။

သူမယူလာတာတွေ ကျွေးမွေး။

ဘာရယ်မဟုတ်ဘဲ မမလတ်ကို သျှန် ခင်မင်ခဲ့သည်။

"သျှန်"

မျက်နှာချင်းဆိုင်ထိုင်မိကြမှ လတ်က သျှန့်မျက်နှာလေးကိုသတိတရကြည့်ဖြစ်ရင်း . . .

"မျက်နှာလည်းမကောင်းပါလား၊ ဘာဖြစ်လို့လဲ၊ မနက်ကသျှန်နဲ့ကိုသဲ အတူထွက်သွားကြတာဆို"

လတ်က တစ်ခုကိုမေးရင်း နောက်ထပ်တစ်ခုကိုပါ ဆက်မေး၏။ ပြီးတော့ ဖြေတာကိုလည်းမစောင့်ဘဲ . . .

"ကိုသဲက လူလည်နော်သျှန်၊ ဒီလူနဲ့သွားတာလာတာ သတိထား၊ လူပျိုသူဌေးဆိုတာ အမည်ခံပဲရှိတာ၊ သိပ်ပွေတဲ့လူ၊ ဒီလောက်ချမ်းသာနေတာ ရိုးရဲ့လားလည်းမသိဘူး၊ ပုံစံက ခပ်မိမိခပ်တောင့်တောင့်၊ ချောတော့ချောပါတယ်၊ တပည့်တပန်းတွေတပုံကြီးနဲ့၊ လူဆိုး





လိုလို သူခိုးလိုလို"

သူများအတင်းတွေ တစ်လုံးတစ်ဝကြီးပြောနေသည့် လတ်ကိုကြည့်ကာ သျှန် ပြုံးလိုက်မိသည်။

မမလတ်က ဒီလိုပါပဲ။

အစ်မအရင်းမဟုတ်ပေမယ့် အစ်မပီသသည်။

သူမစိတ်ထဲမှာ ကိုသဲကို သျှန် အထင်ကြီးသွားနိုင်သည်ဟုတွက်ထားပုံရကာ ဝေဖန်နေတာပဲဖြစ်လိမ့်မည်။

"နောက်ကို အဲဒီလူနဲ့ ဘယ်မှအတူမသွားနဲ့ . . . သိလား၊ တော်ကြာ ကိုယ်ပါရောပြီးသိက္ခာကျမယ်၊ သူကသိပ်ပွေတာ၊ ဒါနဲ့နေပါဦး၊ မနက်က ဘယ်လိုအတူသွားကြတာလဲ"

"အတူသွားတာမဟုတ်ပါဘူး မမလတ်ရဲ့၊ သူက ကားငှားတာပါ"

"ဘာ. . . သူက"

မျက်လုံးပြူးသွားသလို မျက်ခုံးနက်ဖက်ပါ ပင့်တက်သွား၏။

"ကားကို ပီကယ်တစ်ခုလိုဝါးပြီး ထွေးထုတ်ပစ်နိုင်တဲ့လူက. . .

မယုံနိုင်သလိုလို ပြန်မေးလိုက်သလိုလိုနှင့် လတ်က နောက်ထပ်တစ်ခါ မျက်ခုံးတွေပင့်သွားပြန်သည်။

"အလကားအကြောင်းရှာတာ သိသာလိုက်တာ၊ နှုတ်ကလည်း ကိုသဲကို အားနာတတ်လိုက်တာ၊ ရိုးမှရိုးရဲ့လား သျှန်"



www.burmeseclassic.com

www.burmeseclassic.com



"မမလတ်ကပြောတော့မယ်"

စိတ်ရှုပ်နေတုန်းမို့ သျှန် မျက်နှာလေးအိုသွားသည်။

"စိုးရိမ်လို့ပြောတာသျှန်ရဲ့၊ လုံးဝအားနာဖို့စိတ်မကူးနဲ့၊ ကိုသဲက နာမည်နဲ့လူနဲ့လိုက်တယ်၊ ရုပ်ရည်လေးလည်းရှိ အပြောလည်းကောင်း တော်ရုံမိန်းကလေးလောက်ဆို သူ့အပြောလေးနဲ့ပဲ စည်းရုံးသွားနိုင်တယ်"

"မမလတ် အဲဒါပြောဖို့လာတာလား"

ထိုအခါကျမှ လတ်က သူမလာရင်းကိစ္စကို သတိရသွားဟန်နှင့် . . .

"မဟုတ်ဘူး၊ လာမယ့်ဆန်းဒေးမှာ နင့်အစ်ကိုမွေးနေ့လုပ်မယ်လေ၊ ပြီးတော့ သူ့သင်္ဘောထွက်တော့မှာမို့လို့ မိတ်ဆုံပွဲလေးလည်းဖြစ်အောင်ပေါ့၊ ရော့ . . . ဒီမှာ ဖိတ်စာကတ်"

လတ်က မွေးနေ့ဖိတ်စာကတ်လေးထုတ်ပေးပြီး လက်ကိုင်အိတ်ကို ပြန်ပိတ်လိုက်သည်။

"ဒီရက်ပိုင်း ငါအလုပ်များမှာဆိုတော့ အိမ်ကို သိပ်ရောက်မှာမဟုတ်သေးဘူး၊ လာဖြစ်အောင်လာနော်၊ မိစံကိုလည်းခေါ်ခဲ့၊ အန်တီနဲ့ဦးကိုတော့ အထူးမပြောချင်တော့ပါဘူး"

ပြောပြီး နေရာမှထရပ်လိုက်သည်။

သို့သော် သူမ ဖျတ်ခနဲပြန်ထိုင်လိုက်ပြီး . . .

"သျှန် . . . မိစံသတင်းရော နင်ဘာကြားလဲ"





လာပြန်ပြီ။

သျှန် မျက်ခုံးလေးနှစ်ဖက် ကုတ်ကျသွားကာ လတ်ကို စိုက်ကြည့်နေမိ၏။

မမလတ်တစ်ယောက်ဟာ နေရာတကာ သိနေတတ်နေ တဲ့သူပါ။

တစ်ခါတစ်ခါ ရယ်စရာ မှတ်သားစရာမှန်ပေမယ့် ခုလိုအချိန်မျိုးမှာတော့ အလွန် စိတ်ညစ်စရာကောင်းပါ၏။

"သျှန်ရယ် . . . နင်ဟာလေ ငါကပြောတော့ မဟုတ်လောက်ပါဘူးတဲ့"

ဟိုတစ်ခါ ကောင်လေးတစ်ယောက်နဲ့တွဲနေသည်ဆိုသော ကိစ္စတစ်ခုကို သတိရလိုက်မိသည်။

မမလတ်ဟာ စပ်စုတတ်သည့်ပုံစံမျိုးပေါက်နေပေမယ့် မဟုတ်တဲ့သတင်းမျိုးတော့ သယ်မလာတတ်ပါ။

သူများအကြောင်း မှိုချိုးမျှစ်ချိုးလာပြောတတ်တာမျိုးလည်း မရှိ။

ကိုယ့်အကြောင်း ကိုယ်နဲ့ပတ်သက်တာမျိုးဆိုလျှင်သာ အပ်လိုမွှာစွာ သိသာရှောင်ရှားတတ်တာမျိုး။

ကြားလိုက်ရသည့်ကိစ္စအတွက် သျှန် စိုးရိမ်စိတ်လေးတော့ ဝင်သွားမိ၏။

"စံ တကယ်များ ရည်းစားထားနေသလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း တွေးလိုက်မိကာ . . .

"မမလတ် ဘာကြားခဲ့လို့လဲ"

"ကြားခဲ့တာမဟုတ်ဘူး၊ မြင်တာ၊ အဲဒီကောင်လေးနဲ့ပဲ ပလာဇာထဲကထွက်လာကြတာ"

"ခင်ခင်မင်မင်ဖြစ်သွားကြတာမျိုးလည်း ရှိကြတာပဲ၊ သူတို့ ပုံစံက မရိုးသားကြလို့လား"

"ဩော် သျှန်ရယ်၊ ငါကအိမ်ထောင်သည်ပဲ၊ ဒီလော ကောအကဲခတ်တတ်ပါသေးတယ်၊ သူတို့ လက်ချင်းတွဲပြီး ထွက်လာ ကြတာကို ကိုမောင်လည်းမြင်တယ်"

"ဟင်

"ရပြောသေးတယ်၊ ကိုမောင်က 'ဒီကောင်မလေး မရိုးသာ တော့ဘူး တဲ့"

သျှန် မျက်နှာလေးပျက်သွားမိ၏။

ကိုမောင်မောင်လွင်က မမလတ်၏ယောကျ်ား။

သျှန်တို့အပေါ်မှာလည်း မမလတ်ခင်သလိုမျိုး တရင်းတနှီး ရှိခဲ့သူပါ။

"တက္ကသိုလ်က ခုမှ တတိယနှစ်ပဲရှိသေးတာ၊ ဆေးကျောင်း ဆိုတာလည်း အရမ်းကိုကြိုးစားမှ တော်ရုံကျတဲ့ဟာ၊ ရည်းစားထား လိုက်ရင်သွားပြီ"

ဟုတ်သည်။





ဒါဟာ အလွန်ဆိုးဝါးသော အခြေအနေဖန်လာခဲ့ခြင်း ဖြစ် သည်။

"သမီးသျှန် ညီမလေးကိုလည်း ဂရုစိုက်ဦး၊ မာမီတို့က သမီးတို့နှစ်ယောက်အတွက် နေ့မှန်းမသိ ညမှန်းမသိ သွားလာရှာ ဖွေနေကြတာ၊ သမီးတို့က ညီအစ်မချင်း"

ညီအစ်မချင်း ဂရုစိုက်ဖို့လည်းမှာထားသည်။

ဒါပေမဲ့ သျှန် ဝါသနာပါတာက စီးပွားရေး. . . စီးပွားရေး။

ကလေးထိန်းချင်တာမဟုတ်။

စံကလည်း အမြဲတမ်း လိမ္မာခဲ့တာပဲ။

ခုကျမှ အပေါင်းအသင်းတွေမှားခဲ့သလား၊ ဘယ်လိုစိတ်ရှုး တွေပေါက်ကုန်တာလဲ။ လက်ချင်းဆက်ထားသည်ဆိုကတည်းက တုတ်မှာပါ။

သျှင် ရင်တွေပူနေရပြီ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဟား . . . ဟား . . . ဟား"

နာမည်လေးတစ်ခုပဲ ပြောရသေးသည်။

ဟားတိုက်ရယ်ချလိုက်သော ညီဖြစ်သူမျက်နှာကိုကြည့်၍ မကျေနပ်စိတ်နှင့် ငြိမ်သက်နေလိုက်မိ၏။

အကဲက အစ်ကို့မျက်နှာ အခြေအနေမဟန်တာကို မြင်မှ ရယ်ရှိန်ကိုသတ်သည်။

"သီရိစံပါ ကိုကိုရာ၊ ညီ့ကောင်မလေးနာမည်က အရမ်း အေးချမ်းပါတယ်၊ ညီခေါ်တာက စံလို့ခေါ်တာ၊ ကလေးဆန်ပြီး အရမ်းလည်းချစ်ဖို့ကောင်းတာ၊ ကိုကိုပြောတဲ့ 'မာနသျှန်' က စံ အစ်မ၊ စံထက်လှတယ်၊ မာနကြီးလိုက်တာလည်း တကယ်ပက်စက်





တယ်၊ သူ့အမေနာမည်ပေးခဲ့တာကိုက မှားတာထင်တယ်၊ ဟဲ . . . ဟဲ ကိုကိုနဲ့ဆိုရင်တော့ မဆိုးဘူး၊ ကိုကိုက အထက်စီး၊ သူက မာနသျှန်"

"ဟော့ကောင် တော်စမ်း"

စီး မျက်မှောင်ကုတ်၍ ဖိဟောက်ပစ်လိုက်သည်။

"စံပဲဖြစ်ဖြစ် သျှန်ပဲဖြစ်ဖြစ် မင်းရည်းစားထားတာကိုက အပြစ်ရှိနေပြီ၊ ကျောင်းမပြီးသေးဘဲ ရည်းစားမထားရဘူး"

"ကိုကိုရာ ညီက ကလေးမှမဟုတ်တော့တာ၊ မိန်းမမယူ သေးဘူးဆိုရင်ပြီးတာပဲ၊ တက္ကသိုလ်ကျောင်းသားဖြစ်နေမှ ရည်းစား သေးတော့ထားခွင့်ပြုပါ"

"မင်းယူထားတာက ဆေးတက္ကသိုလ်"

"ဘာဖြစ်လဲ၊ ညီ မနိုင်မနင်းဖြစ်နေတာမှမဟုတ်တာ၊ မနက် တိုင်းရဲ့အလှတွေဆီမှာ အချစ်ရှိနေတော့ ပိုပြီးသာယာတယ်၊ အားတွေအမြဲရှိနေခဲ့တယ်၊ ဘာဖြစ်လဲ၊ ကျောင်းရောက်တယ်၊ သူ့ မျက်နှာလေးကိုမြင်တာနဲ့ ကျေနပ်သွားတယ်၊ စာသင်တယ်၊ ပြန် လာတော့ အတူပြန်တယ်၊ ပြီးပြီ . . . ဒါပဲ"

"ပန်းခြံမှာချိန်းတွေ့တာ၊ ပလာဇာလိုက်ပို့ရတာ မပါတော့ ဘူးလား"

"ပန်းခြံမှာလုံးဝမတွေ့ဘူး၊ စံက ခေါ်လို့ရပါလိမ့်မယ်အား ချစ်သူလေးက အရမ်းစည်းကမ်းကြီးတာ ကိုကိုရ၊ ပလာဇာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့တယ်ဆိုတာလည်း မဟုတ်ဘူး၊ သူသွားတာကို ညီက လိုက်ခွင့်ရအောင်ကြိုးစားရတာ"

ဟွန်း...။

စီး နှုတ်ခမ်းမဲ့သွားတော့ အကဲက မျက်လွှာချ၍ မလုံမလဲရယ်သည်။

"ယုံပါကိုကိုရာ၊ ညီ စာမေးပွဲလုံးဝမကျစေရဘူး၊ ပညာရေးပထိခိုက်ရဘူး၊ ကျောင်းပြီးမှ မိန်းမယူမှာ တကယ်"

"မင်းကို ဘယ်သူက ကတိတောင်းနေလို့လဲ"

စီး မျက်နှာတင်းတင်းကိုမော့ကြည့်ကာ အကဲလေးက နှုတ်တစ်ချက်ပွတ်၍ ရယ်လိုက်သည်။

အထက်စီးနဲ့ သူ့ထက်ကဲ။

ကိုကိုက ဖြူဖြူမြင့်မြင့် စတိုင်ကမိသည်။

အကဲဟာသာခေါ်ခဲ့ကြသော သူကတော့ အသားညိုသည်။

အရပ်သိပ်မမြင့်ဘဲ ကိုယ်လုံးသွယ်ကာ ပိန်သည့်ဘက်လျှချင်၏။

သို့သော် လူကခပ်နွဲ့နွဲ့ပေမယ့် သွားလာပုံ ရယ်မောကြည့်တတ်ပုံက ကြည့်ကောင်းသည်ဟု မိန်းကလေးတွေက ဝေဖန်ဖူး၏။

ကိုကို့လောက်မဟုတ်ပေမယ့် သူလည်း ကိုယ့်အထိုက်အလျောက်တော့ ချောနေမိနေတာပဲဟုလည်း ကိုယ့်ကိုယ်ကို နှင်သိမ့်ခဲ့ဖူးသည်။

(ဈေးစာပေ)



ညီအစ်ကိုနှစ်ယောက်မှာ ပညာရေးတွေကတော့ မညံ့ကြပေ။

စီးလည်း ငါးဘာသာဂုဏ်ထူးနှင့်အောင်ခဲ့သည်။

ဆေးတက္ကသိုလ်ကောင်းကောင်းရပါလျက်နှင့် အင်ဂျင်နီယာဘွဲ့ကိုပဲ ယူခဲ့၏။

သူကတော့ ကြိုးစားကတည်းက ဆရာဝန်ဖြစ်ဖို့။

"ငါ့သားက ဆရာဝန်ဖြစ်မယ့်ကောင်ပါ၊ နုနုနွဲ့နွဲ့နဲ့ ချောတဲ့ကောင်"

ဖေဖေကိုယ်တိုင် ဟိုအရင်ကတည်းက အကဲကို ဝေဖန်ခဲ့သည်။

စီးကိုတော့ ဘာမှမပြော။

စီးက ကိုယ့်ကိုယ် သူများဝေဖန်တာမကြိုက်။

ဒီလမ်းကိုသွားမယ်၊ ဒါလုပ်မယ်စိတ်ကူးထားရင်တောင် သူများကထောက်ပြလိုက်တာနှင့် တခြားရှောင်သွားတတ်တဲ့လူမျိုး။

သူ့ကို ဆရာလုပ်တာ နည်းနည်းမှမကြိုက်။ ဝေဖန်မခံ။

အတွေးပဲဖြစ်ဖြစ် လက်တွေ့ပဲဖြစ်ဖြစ် နုတာနွဲ့တာ ဘယ်နေရာမှမရှိ။

နေရာတကာ လက်ဦး ဂ်တာမျိုးမဟုတ်ပေမယ့် တုံ့ပြန်ရင်ဆိုင်ဖို့လည်း ဘယ်နေရာဖြစ်ဖြစ် ဝန်မလေးတတ်သူ။

အကဲကတော့ စိတ်ရှည်သည်။ သည်းခံသည်။

(ဈေးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဖေဖေနဲ့လည်း မသင့်မြတ်တာမရှိ။

ဖေဖေနဲ့မေမေ အိမ်ထောင်ရေးအဆင်မပြေခဲ့တာရော၊ မေမေဆုံးသွားတာရော အားလုံးဟာ သူ့အတိုင်း စီးမျောသွားတာဟုပဲ မြင်ခဲ့သည်။ ဖေဖေ နောက်ထပ်အိမ်ထောင်ပြုလိုက်တာလည်း သူ့သာယာမှုပဲဖြစ်၏။

စီးကတော့ ဤသို့မဟုတ်။

ဖေဖေဟာ ဟိုအရင်ကတည်းက အိမ်ထောင်ရေးဖောက်ပြန်နေခဲ့သည်။

ဒါကို မေမေကသိခဲ့သဖြင့် အိမ်ထောင်ရေးမသာယာခဲ့။

ထို့ကြောင့်ပဲ မေမေ အသေစောခဲ့ရသည်။

သည်အရာ ဤသို့ရှိသော် ဖေဖေ နောက်ထပ်ပြုလိုက်သည့်အဖြစ်ကို စီးလက်မခံနိုင်ခဲ့။

ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ဖို့ ခွဲထွက်သွားခဲ့၏။

အစကတည်းက မန္တလေးကနေ ရန်ကုန်မှာရောက်လာတတ်သည့်သူမို့ ဖေဖေ့ကို ရင်မဆိုင်ချင်တော့သဖြင့် ရန်ကုန်ရောက်လာခဲ့သည်။

ထိုအခါ အကဲကိုပါ ဖေဖေက ရန်ကုန်ပို့တော့သည်။

"မင်းအစ်ကိုကိုတော့ ဖေဖေ စည်းရုံးနိုင်ဖို့မလွယ်ဘူး၊ ဒီမှာလည်း ဖေဖေက သူသဘောမကျတာကို လုပ်ခဲ့မိပြီလေ၊ ဒီတော့ သားငယ် ရန်ကုန်မှာကျောင်းသွားတတ်၊ သားကြီးတုန်းကလို





အဆောင်မှာမနေနဲ့၊ မင်းက သူနဲ့မတူတော့ ဖေဖေ စိတ်လည်းမချဘူး"

ဟုဆိုကာ တိုက်ခန်းခြဲဝယ်၍ ရန်ကုန်ပို့လိုက်၏။

"မင်းအစ်ကိုနဲ့အတူနေကြ၊ သူ ဘာတွေလုပ်နေသလဲ၊ ဘာလုပ်ချင်သလဲ၊ ဖေဖေ့ဆီ အမြဲသတင်းပို့ကြားလား၊ သူ့ကိုလည်းပြော၊ ရန်ကုန်ကို ဖေဖေဆင်းမလာဘူးလို့၊ ညီအစ်ကို အတူတူနေရအောင်လို့"

သူ့အနေနဲ့ပြောဖို့ ဖေဖေက သင်ပေးလိုက်သေးသည်။

တကယ်ဆို သားနှစ်ယောက်နှင့် တစ်သက်စားမကုန်သောစည်းစိမ်ဥစ္စာများနှင့် ဖေဖေက သူဌေးကြီးဦးမြကျော်ဟု အမည်တွင်သူဂုဏ်သည်။

အသက်ငါးဆယ်မပြည့်သေးသည့် သူ့ဘဝမှာ နောက်ထပ်ကြင်ယာရှာတာ လွန်သည်ဟုတော့ပြော၍မရပါ။

ပြီးတော့ ဇနီးဖြစ်သူက ငယ်ငယ်ရွယ်ရွယ်လေးလည်း မဟုတ်။

မေမေ့အသက်လောက်ပဲဖြစ်ကာ ဖေဖေ့ကိုလည်း ရိုသေလေးစားနေသူဖြစ်၏။

ဘာပဲဖြစ်ဖြစ် အကဲ ဖေဖေ့ကိုနားလည်ခဲ့သည်။

ဖေဖေကတော့ အကဲကိုသော် ပုံမှန်ကို မို၍နားလည်ဖို့ကြိုးစားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဆိုးတဲ့ကောင်"

ဟု ဒေါသမပါသော ညည်းညူခြင်းဖြင့် တဖျစ်တောက်တောက်ပြောနေခဲ့ဖူးသည်။

ကိုကို ဘယ်ရောက်နေလဲ ဘာလုပ်နေလဲ နားကို မပြတ်စွင့်နေခဲ့၏။

ကိုကိုကတော့ ဘယ်သူ့ကိုမှဂရုမစိုက်တတ်သူ။

ခုလည်း သူ့ကို ဆုံးမဩဝါဒပေးဖို့ရောက်လာခဲ့တာဖြစ်ကာ ဘယ်တော့မှ ဖင်ပူအောင်မထိုင်။

"ဟော့. . . မတ်တပ်ကြီးပါလား လူလေးရဲ့၊ ထိုင်စမ်းပါဦး။ ဒီမှာ ကြီးကြီး ကော်ဖီခါးနဲ့ ပူတင်းယူလာတာ. . . စားဦး"

စီးက မတ်တပ်။

အကဲက ဆိုဖာမှာထိုင်လျက်နှင့် ကြီးကြီးထွက်လာတော့ စီးက လှည့်ကြည့်၍ နှာခေါင်းကိုလက်ခုံနဲ့ တစ်ချက်ပွတ်၏။

"မထိုင်တော့ဘူး ကြီးကြီး၊ သွားစရာရှိလို့"

"အိုကွယ် လမ်းပေါ်မှာအမြဲသွားလာနေတာ သွားစရာက မကုန်နိုင်တော့ဘူးလား၊ ခဏဖြစ်ဖြစ်ထိုင်စမ်းပါကွယ်၊ ညီအစ်ကို ဆုံတုန်း ရယ်ရယ်မောမောလေးများ ပြောဆိုဆွေးနွေးကြပေါ့"

ကီး နာရီတစ်ချက်ငုံ့ကြည့်ပြီးမှ ဆိုဖာမှာထိုင်လိုက်၏။

"ကြီးကြီးတူ ရည်စားထားနေတာ သိလား"

ကြီးကြီးက ခပ်မိန့်မိန့်ပြုံးပြီး သူ့ကို ကော်ဖီပန်းကန် လှမ်း





ပေး၏။

"သိတာပေါ့၊ ချစ်သူမဖြစ်ခင်ကတည်းက ဒီကိုပါလာဖူးတာ"

"ဘာ. . . ယောက်ျားလေးအိမ်ကို လိုက်လာတယ်. . . ဟုတ်လား"

"ကျွတ်"

အကဲ မျက်နှာရှုံ့မဲ့သွား၏။

ကော်ဖီပန်းကန်ကိုကိုင်လိုက်ပြီးမှ စားပွဲပေါ်ပြန်ချကာ ဘာကိုမှအကောင်းမြင်ပေးဖို့ မကြည့်တတ်သည့်အစ်ကို့မျက်နှာကို ကြည့်သည်။

"ဒီမှာ သူငယ်ချင်းတွေအများကြီးနဲ့ အနီးကပ်သင်ကြတော့ သူလိုက်လာတာပါ ကိုကိုရာ၊ တီချယ်တို့လည်း လာကြတဲ့ဟာ၊ တိုက်ကြီးခြံကြီးနဲ့ ညီက တစ်ယောက်တည်းနေတော့ စာသင်ဝိုင်း ထုပ်ဖို့ ဒီမှာပဲနေရာရွေးဖြစ်ကြတာပေါ့၊ သူရောက်လာတုန်း ညီက ကြီးကြီးကို လက်တို့ပြထားတာ"

ပြောပြီးပြုံးနေသည့် ညီမျက်နှာကိုစိုက်ကြည့်ရင်း ကော်ဖီ သောက်ရတာ သိပ်အရသာမတွေ့။

ဒီကောင် တကယ့်ကို ရောဂါရင့်နေတာပါလားဟုလည်း တွေးလိုက်မိ၏။ ချစ်သူတွေလည်း ဖြစ်နေကြပြီ။

သူကလည်း ဝန်ခံခဲ့ပြီ။

ကိုယ်တန်းဆယ်တန်းကျောင်းသားလေးလည်း မဟုတ်

www.burmeseclassic.com



တော့။

သူ့ဘက်က ပြောဖို့တစ်ခုပဲရှိတော့သည်။

"ကျောင်းမပြီးသေးဘဲ မင်း နိုးမပြေးနဲ့နော်"

"လုံးဝ စိတ်ချ"

ကတိပေးရဲတာလည်း သူမကြိုက်။

ပြောသလိုလုပ်မှကောင်းသည်ဟုတော့ ထပ်မပြောဖြစ်ခဲ့ပါ။

"ကိုကို"

အကဲက ကော်ဖီကို ကုန်အောင်သောက်ပစ်ပြီးမှ ပူတင်းကို လှမ်းဖွဲ့၍ခေါ်သည်။

သူနှင့် မျက်လုံးချင်းဆုံတော့မှ . . .

"ဒီမှာလာနေပါ ကိုကိုရယ်"

စီး မျက်နှာလွှဲပစ်၏။

"ဖေဖေက လုံးဝမလာဘူးလို့မှာလိုက်ပြီးသား၊ ပြီးတော့ ညီတို့အတွက်က အမွေခွဲပေးပြီးသား၊ ဒါ ကိုကိုနဲ့ညီရထိုက်တဲ့ အမွေတွေပဲဟာ၊ မာနတွေကြီးမနေပါနဲ့၊ ကိုကို ဒီမှာမနေဘဲလွှင့်နေ တော့ ဘာထူးမှာလဲ၊ ကိုကို ယူယူမယူယူ ဖေဖေကတော့ ခွဲပေးပြီးပြီ"

"ဟုတ်ပါတယ်သားရယ်၊ ညီအစ်ကိုလေး နှစ်ယောက်ပဲရှိ တာ၊ သား ဒီမှာပဲလာနေပါ၊ ဘွဲ့လည်းရပြီးပြီဆိုတော့ အလုပ်အကိုင် နဲ့ အတည်တကျဖြစ်ဖို့ ရင်းနှီးလုပ်ကိုင်စရာလည်း အဆင်သင့်





လမ်းပေါ်မှာသွားလာအချိန်ဖြုန်းနေမယ့်အစား"

"အချိန်ဖြုန်းနေတာမဟုတ်ဘူး ကြီးကြီး၊ အလုပ်အကိုင် စီးပွားတစ်ခုဆိုတာ ထူထောင်ဖို့ခက်တယ်၊ လူတွေနဲ့ငွေ ဘယ်လို ကစားနေကြသလဲဆို အရင်သိဖို့လိုတာ၊ ကျွန်တော် စိတ်လေနေ တာမှန်ပါတယ်၊ ဒါပေမဲ့ စိတ်လွတ်ကိုယ်လွတ် လေလွင့်နေတာ တော့မဟုတ်ဘူး"

ကြီးကြီးက သက်ပြင်းချသည်။

ဒီကလေးနှစ်ယောက်ကို ငယ်ငယ်ကတည်းက သူမထိန်း ကျောင်းခဲ့တာဖြစ်သည်။ ဦးမြကျော်တို့ကလည်း မောက်မောက်မာမာ မရှိခဲ့ကြ။

သူမအပေါ် အလုပ်သမားလိုသဘောမထားသဖြင့် သူမ ကလည်း ကလေးတွေကို ကိုယ့်သွေးသားလေးတွေလို စောင့်ရှောက် လာခဲ့သည်။

ခုလည်း "ဒေါ်ငွေက ခင်ဗျားတူတွေနဲ့ သွားနေပေးလိုက်ပါ၊ ဒီမှာက ကိစ္စမရှိဘူး၊ ဟိုမှာ တခြားတစ်မိန်းနဲ့ လုံးဝမဖြစ်ဘူး"

ဟုပြောကာ သူမကို ဒီကလေးနှစ်ယောက်နဲ့နေဖို့ လွှတ် လိုက်တာဖြစ်၏။

"အေးပါသားရယ်၊ ဒါပေမဲ့ ကောင်းကျိုးလည်းရှာ၊ ကိုယ့် ကိုယ်ကိုလည်း ဆင်ခြင်ပေါ့၊ လူလေးက ကိုယ့်ကိုယ်ကို ထိန်းနိုင် ပေမယ့် အကဲလေးကျတော့ လူလေးလိုမဟုတ်သေးဘူး၊ ကိုယ့်ညီလေး



www.burmeseclassic.com

www.burmeseclassic.com



မမှားသင့်တာမမှားရအောင် အနားမှာ လူလေးရှိဖို့လိုတယ်၊ ပြေး ကြည့်မှ ညီအစ်ကိုနှစ်ယောက်ပဲရှိတာ မဟုတ်ဘူးလား''

သူ မျက်မှောင်ကုတ်နေတော့ ကြီးကြီးက စကားလမ်း ကြောင်းပြောင်း၍ ဆွဲယူဖို့ကြိုးစားသည်။

''အကဲလေးကို ကလေးထိန်းသလို ထိန်းဖို့ပြောတာမဟုတ် ဘူး၊ လိုလည်းမလိုပါဘူး၊ ကြီးကြီး အဓိကပြောချင်တာက လူလေး ဒီမှာပဲ လာနေစေချင်တာ၊ ကိုယ်က ကလေးကချေမှမဟုတ်တာ၊ ကလေးကချေလို့ထင်အောင် လမ်းပေါ်မှာ မနေသင့်ဘူးလေ''

''ကျွန်တော် သွားတော့မယ်''

သူ ဖျတ်ခနဲထရပ်လိုက်တော့ ညီကိုပဲ စူးစိုက်ကြည့်၍. . .

''ညီ. . . မင်း ထင်ရာလျှောက်မလုပ်ရဘူးနော်၊ ကြီးကြီး ပြောတာကိုနားထောင်၊ ငါရောက်လာရင် မင်း ဒီထက်ပိုကြပ်သွား မှာ၊ ဖေဖေနဲ့ဝေးနေပေမယ့် ငါရှိနေသေးတာကို မမေ့နဲ့''

ကြီးကြီးကိုပင်နှုတ်မဆက်ဘဲ သူထွက်သွားတော့ အကဲလေး က ပခုံးတွန့်၏။

''ဟွန်း. . . ကိုကိုက တော်တော်တရားတယ်၊ သူ့ကျတော့ ဘယ်သူ့စကားမှနားမထောင်ဘဲနဲ့၊ ညီကျတော့ . . .''

''အံမယ်. . . သူ့ကျတော့လို့မပြောနဲ့လေ၊ စီးက ခုချိန်ထိ ရည်းစားမထားဘူး၊ အပေါင်းအသင်းမစုံဘူး၊ လမ်းပေါ်မှာသွားလာ နေပေမယ့် သူ့ကိုယ်သူ အများကြီးထိန်းသိမ်းနိုင်တယ်''

(ဖူးစာပေ)



ကြီးကြီးက ကိုကို့ရှေ့မှာဆို ဆူသလိုလို ဆုံးမသလိုလို။ ကွယ်ရာမှာကျတော့ ဘယ်တော့မှ မကောင်းမပြောတတ်ပေ။

''သူ့အဖေကို အထင်အမြင်လွဲတာလေးတစ်ခုကလွဲရင် စီးကို ကြီးကြီး သဘောကျတယ်၊ နေတာထိုင်တာ သိပ်စည်းစမ်းရှိတဲ့ ကလေး'' တဲ့။

ညီ မျက်ကြောစင်းစင်းက ကြီးကြီးဆီ မကျေနပ်ခြင်းများ သိသာအောင် အရင်ရောက်သွားပြီးမှ . . .

''ရည်းစားထားတာနဲ့ လူဆိုးဖြစ်ရောလားကြီးကြီးရဲ၊ အပေါင်း အသင်းရှိတာ ပိုမကောင်းဘူးလား။ ကိုကိုနေတာ ခြောက်ခြောက်သွေ့ သွေ့ကြီး မနေချင်ပါဘူး၊ ပြီးတော့ မျက်နှာကိုလည်းကြည့်ပါဦး၊ ဘယ်ကောင်မလေးကကြိုက်မှာလဲ၊ ရှုပုတ်ကောက်ချိတ်နေတာ''

''ကြည့်စမ်း၊ အစ်ကိုကိုပြောနေတာ''

အကဲလေးက စိတ်လိုလက်ရကြီးပြောလိုက်ပြီးမှ ဟဲခနဲရယ် ခ်လိုက်၏။

''ဟုတ်တယ်၊ ကြီးကြီးကြည့်ပါလား၊ သူ့မှာ အပေါင်းအသင်း ရောစုံလို့လား၊ ကိုထွန်းထွန်းတို့ ကိုသောင်းဦးတို့ပဲ မြင်တာ၊ ဘယ်သူ နဲ့မှ ခင်ခင်မင်မင်မရှိဘူး''

''လူပေါင်းစုံနဲ့ပေါင်းသင်းနေတော့လည်း မှားတာပဲ၊ ခုပဲ သူလေးကို ရင်တမမဖြစ်နေရပြီ''

(ဖူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မောဖို့မလိုဘူး၊ သားကနုပ်ပြီးသား၊ သားသူငယ်
ချင်းတွေထဲမှာ သူနိုးကျိုးလည်းမပါဘူး၊ ကဲပါ ကြီးကြီးရာ၊ သာ
ကိုကို့နောက်လိုက်ဦးမယ်"

"အမလေး. . . ဘာ. . . ဘယ်လို"

ပြောပြောဆိုဆို အကဲလေး ထရပ်လိုက်သဖြင့် ကြီးကြီ
မျာပျာသလဲဖြစ်သွား၏။

"ဘယ်ကိုလိုက်မှာလဲ၊ ဘာလုပ်ဖို့လဲ"

"ဘာလုပ်ဖို့မှမဟုတ်ဘူး၊ ကိုကို ဒီမှာလာနေအောင် ဗျူဟာ
တစ်ခုခုသုံးဖို့ ကြိုးစားရမှာ၊ ပြောလိုက်ရင် သူသိတယ်ဆိုတာချည်
ပဲ၊ သားသိတယ်ဆိုတာလည်း ပြရမှာပဲ"

"ဟဲ့. . . အို. . . သား"

ကြီးကြီး ဆွဲမတတ် လွဲမတတ် ဖြစ်ကျန်ခဲ့၏။

အကဲလေးက ပြုံး၍ ကားပေါ်တက်သည်။

ကိုကိုတစ်ယောက်ဟာ မထားသင့်တဲ့မာနတွေ သက်သ
ထားနေတာ။

"သား. . . မင်းအစ်ကိုကို နားလည်အောင် မင်းပဲကြိုးစာ
စမ်းပါ၊ ဖေဖေဟာ နောက်ထပ် အိမ်ထောင်ပြုလိုက်တာမှန်တယ်
ဒါပေမဲ့ သားတွေကို စွန့်လွှတ်လိုက်တာမဟုတ်ဘူး၊ သားနှစ်ယော
ဟာ ဖေဖေ့ရဲ့လက်နှစ်ဖက်ပဲကွ၊ သားကြီးကို ဖေဖေ သိပ်အားထား

(ဗျူးတာပေ)



ား၊ အဲဒါ မင်းစည်းရုံးပါ၊ ကြိုးစားပါ"

ဖေဖေ တဖွဖွမှာခဲ့တာလည်း ကိုကို့ကိုပဲဖြစ်၏။

ကိုကို ပြန်ရောက်လာမှဖြစ်မှာ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဒီမိန်းမနဲကမှ. . . တောက်. . .။

နှုတ်ခမ်းက အနည်းငယ်သာပွင့်ဟသွားပေမယ့် တက်

ခေါက်သံကတော့ ဆောင့်ခါထွက်သွားခဲ့၏။

ပြီးတော့ အံကိုပါကြိတ်ပစ်မိသည်။

'မိုးအထက်' အမည်ရှိသော စက်မှုဖုံဝန်းကြီးကို နောက်ပြ

လှည့်မကြည့်ဘဲ မြင်နေရ၏။

စက်မှုဖုံတစ်ခုလုံးထဲမှာ လုပ်ငန်းပေါင်း ငါးမျိုးလောက်ရှိ

သည်။ အားလုံးက တစ်ဦးတည်းပိုင်။

ထိုပိုင်ရှင်ဟာ သူမ။

ဒါကို အနည်းငယ်မျှပင် မထင်မှတ်ခဲ့။ မတွေးမိခဲ့။





အနီရဲရဲ ပိုးပျော့အင်္ကျီလက်ပြတ်လည်ပင်ဟိုက်ပေါ်မှာ အနီရောင်

အပေါ်လွှာပါးလေးတစ်ထည် ထပ်ဝတ်ထားသည့် ဖြူနုသောမျက်နှာ။

ဆေးသားတင်ထားသည့် ပန်းရင့်ရောင် စိုးရဲနေသော နှုတ်

ခမ်းနှစ်လွှာ။ သူမရှေ့ကိုမှ သူက မျက်နှာငယ်အောက်ကျစွာ။

ဒီလမ်းကိုထွက်လာခဲ့တုန်းက ထွန်းထွန်း ဖွတ်တရွတ်ထား

ခဲ့တာကို သူ သတိရမိ၏။

"အဲဒီရုံကို အထင်သွားမကြီးနဲ့. စီး လစာက ဘယ်လောက်

မှရတာမဟုတ်ဘူး၊ ဆက်ဆံရေးလည်းသိပ်မဟန်ဘူးတဲ့၊ ငါက

အကုန်ကြားပြီးသား၊ မင်းမှာ ဘာတွေဒီလောက်တောင်လိုအပ်နေလို့

လဲ"

"လိုအပ်နေလို့မဟုတ်ဘူး။ အဓိကက ငါလုပ်ငန်းထူထောင်ဖို့

ဒီ လုပ်ငန်းမျိုးထူထောင်ဖို့ ငါ ဒါတွေကို သိထားကိုင်ထားပြီးဖို့

လိုတယ်၊ 'မိုးအထက်' ဖုံက လုပ်ငန်းကျယ်တယ်၊ စုံတယ်၊ အဲဒီမှာ

ငါလုပ်မှဖြစ်မယ်"

အပြင်မှာလည်း သွားသွားလာတာနဲ့ သောင်တင်မနေချင်။

ညီနဲ့သွားနေလိုက်ရင်လည်း ဖေဖေ့ကို အထူးတလည်မဟုတ်

ဘဲ ကျေနပ်ပါသည် ကြည်ဖြူပါသည်ဟု လိုက်လျောကျေအေးပြီးသား

ဖြစ်သွားလိမ့်မည်။

သူ မေမေ သေဆုံးခဲ့ရတာကို မမေ့နိုင်သရွေ့ ဖေဖေ့ကို

အမြင်ရှင်းဖို့ဆိုတာ ဘယ်လိုနည်းနှင့်မှ အလွယ်တကူဖြစ်လာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။

မေမေ့အပေါ် ဥပေက္ခာထားခဲ့တာကို ညီက အငယ်ပီပီ အမှတ်တမဲ့နေတတ်ခဲ့၍ မမြင်ခဲ့ မသိခဲ့ပေမယ့် သူသိခဲ့မြင်ခဲ့သည်။

နောက်ထပ် မိန်းမကောက်ယူပစ်လိုက်ခြင်းဟာ အဆိုးဝါးဆုံးဖြစ်၏။

ထို့ကြောင့် သူ ဖေဖေ့အရိပ်မှာ မနေချင်။

နောက်ဆုံး သူ လုပ်ငန်းထူထောင်ဖို့ စဉ်းစားလိုက်တာတောင် ဖေဖေဖြစ်စေချင်သည့်အတိုင်း ဖြစ်ပေးဖို့မဟုတ်ပါ။

ကိုယ့်မာနနဲ့ကိုယ် စိတ်ကူးကတော့ဟုတ်နေသည်

စိတ်ကူးနဲ့လက်တွေ့ မဖြစ်ခဲ့တာလည်း ဘာမှမရှိ။

ခုကျတော့ . . .

ထိုမိန်းမမျက်နှာက ဖျတ်ခနဲပေါ်လာပြန်သည်။

“အထက်စီး”

ကိုယ့်နာမည်ကိုခေါ်သံကြား၍ မတ်တာပ်ထရပ်လိုက်မိစဉ် ရူးရူးရဲရဲကြည့်လိုက်သော မျက်ဝန်းပြာတစ်စုံကြောင့် ‘မှားပြီ’ ဆိုတာကို နောက်ကျစွာသိခဲ့ရ၏။

သို့သော် စားပွဲရှေ့ အနည်းငယ်အကွာမှာ ရောက်နေပြီမို့ ရှေ့ဆက်လှမ်းခဲ့သည်။

အင်တာဗျူးရန် မျက်နှာချင်းဆိုင်ရှေ့ လှူကြီးနှင့် ရင်ဆိုင်လိုက်သော်လည်း . . .





“အထက်စီးဆိုတဲ့နာမည်ကို အစပြုပြီး ရှင့်ကို ဒီအင်တာ
မအောင်ဘူးလို့ ကျွန်မသတ်မှတ်တယ်”

သူမအသံက ခန့်ညားစွာပေါ်လာသည်။

စီးကိုမေးမြန်းဖို့ ပါးစပ်ပြင်လိုက်သည့်လူကြီး ဖွင့်လက်စ
ပ်တန်းလန်းနှင့် ဟင်ခနဲဖြစ်သွား၏။

သူမကို မယုံနိုင်သလို လှည့်ကြည့်သည်။

စီး သူမကို ခပ်စောင်းစောင်းငဲ့ကြည့်၍ နှုတ်ခမ်းမဲ့ပစ်၏။

သူမရှေ့ရောက်စေခဲ့သည့် ခြေထောက်များကြောင့် ကိုယ်
ခဲ့တာက ကိုယ့်ရင်ထဲမှာပဲဖြစ်သည်။

တဘက်သားရှေ့မှာ မျက်နှာငယ်အောက်ကျစွာ အရှုံးပေးခဲ့
ည်မရှိတတ်သည့်အကျင့်က လှောင်ပြုံးတစ်ချက်နှင့် တုံ့ပြန်မှုက
ချင်းခုန်ထွက်၏။

“နာမည်ကြားတာနဲ့တင် လန့်သွားသလား။ နာမည်က ဒီလို
ည်ခဲ့လို့ပါ၊ လူကတော့ စီးစီးကြောကြော သိပ်မလုပ်တတ်ပါဘူး။
နှ်. . .”

ပြော၍ သူ ချက်ချင်းထရပ်သည်။

သူမကလည်း နှုတ်ခမ်းဖျားမှာ အမိပွါယ်များစွာလွှင့်တင်၍
သည်။

“ရှင့်စိတ်ကူးနဲ့ရှင်နေလိုက်ပါ။ အားလုံး အေးချမ်းသွား
ည်”



www.burmeseclassic.com

www.burmeseclassic.com



ရှုံးသွားပြီကိုသိလိုက်သည်။

သူမက ပို၍ လျှာစောင်းထက်၏။

အံ့အားသင့်နေကြသည့်အများရှေ့မှာ သူမနှင့် တစ်တန်းတည်းထိုင်နေကြသော လူကြီးတို့၏ရှေ့မှာ သူ ယောကျ်ားတန်မယ့် ဒီ့ထက်ပို၍ စကားစစ်ထိုးဖို့မသင့်။

ထို့ကြောင့် သူရှုံးခဲ့၏။

ပြိုင်ဆိုင်ခြင်းမဟုတ်သော်လည်း သူရှုံးခဲ့ရသည်။

စိန်ခေါ်ယှဉ်ပြိုင်ခဲ့ခြင်းမဟုတ်ပေမယ့် သူရှုံးခဲ့ပြီဖြစ်သည်။

ထိုအဖြစ်ကို ကိုယ်တိုင်ပဲ ဖန်တီးခဲ့မိတာမို့ ဘယ်လိုမှ ဖြေ မရအောင် ရင်ထဲမှာ တင်းကျပ်နေသည်။

သူမရှိသည့်အရပ်ကိုမှ ခြေဦးလှည့်ခဲ့မိသော ကိုယ့်ခြေထောက် ကိုပဲ ရိုက်ချိုးပစ်ရမလား။

တစ်ခါမှမစဉ်းစားခဲ့ဘူးသော သူများလက်အောက်မှာ အ ထမ်းဖို့ဖြစ်ပေါ်လာခဲ့သည့် ကိုယ့်စိတ်ကိုပဲကြိုးတုပ်ပြီး မီးပုံထဲပစ်ထည့် လိုက်ရမလား။

"ကိုကို"

အနားမှာ ကားတစ်စီးက ထိကပ်မတတ်တိုးဝင်၍ ရပ်တ သွား၏။

"ကိုကို 'မိုးအထက်' ကို ဘာသွားလုပ်တာလဲ"

ထိုအဆောက်အဦးဝင်းထဲက ထွက်လာတာကို အကဲ





မြင်လိုက်ပုံရကာ ကားပေါ်ကနေလှမ်းမေးသည်။

သူ့မျက်နှာ ဖျင်းခနဲရှိန်းသွား၏။

ကားတံခါးဆွဲဖွင့်ကာ နောက်မှာဝင်ထိုင်လိုက်ပြီးမှ . . .

"အလုပ်လုပ်မလို့သွားတာ"

ဟု တုံးတိတိဖြေလိုက်မိ၏။

"ကျွတ်"

အကဲလေးမျက်နှာ ရှုံ့မဲ့တွန့်လိပ်သွားတာ မီးပုံထဲပစ်ကျ သွားသည့် သားရေချပ်တစ်ခုလိုပင်။

ကားကိုလည်း မောင်းထွက်လိုက်ပြီး . . .

"ပြဿနာပဲကိုကိုရာ၊ မသင့်ဘူး၊ တကယ်လုံးဝကို မထင် ခဲ့တာ"

ဘေးကိုလှည့်ငေးနေခဲ့သည့် စီးမျက်နှာရှေ့ကို ပြန်ရောက်သွား ၏။

မှန်ထဲမှ ညီမျက်နှာကို မျက်မှောင်ကုတ်၍ စူးစိုက်ကြည့်မိ သည်။

ညီသည် အတော်ကြီးစိတ်ဓါတ်ကျသွားပုံနှင့် တော်တော်နှင့် စကားမဆိုနိုင်။

"ဘာဖြစ်သွားတာလဲ"

ဟု သူထပ်မေးတော့မှ . . .

" 'မိုးအထက်'က စံတို့လုပ်ငန်းတွေကိုကိုရဲ့ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပိုင်တာ၊ သူ့အစ်မဦးဆောင်နေတာ၊ အဲဒီမှာ မာနသျှန်ဆိုတဲ့ အမျိုးသမီး ကိုကို မတွေ့ခဲ့ဘူးလား"

"ဘာ"

ကားက အအေးဆိုင်တစ်ဆိုင်ရှေ့မှာ ထိုးရပ်သွား၏။

နှစ်ယောက်သား ဆိုင်ထဲဝင်ကာ သီးစုံနှစ်ခွက် ရှေ့မှာရောက်လာသည်အထိ စကားပြန်မစဖြစ်။

အကဲလေးက နှုတ်ခမ်းပွတ်လိုက် ပါးကုတ်လိုက်လုပ်နေပြီးမှ သူ့ကို ပြန်မော့ကြည့်၏။

"ကိုကိုက ဘာလုပ်တာလဲ၊ ကိုကို့မာနတွေ ဒီလောက်ကြီးနေရက်နဲ့ သူများလက်အောက်မှာလုပ်ဖို့ စိတ်ကူးမျိုးဝင်နေတာ အံ့ဩစရာပဲကိုကိုရာ၊ တကယ် လုံးဝကိုမထင်ဘူး"

ဟု ထပ်ပြောပြန်သည်။

"အဲဒီမှာ မာနသျှန်ရှိတယ်၊ စံရဲ့အစ်မလေး၊ သိပ်မောက်မာတာ၊ ဘဝင်မြင့်တယ်၊ သူ့ညီမကို ဟိုးကောင်းကင်က သောက်ရှူးကြယ်လို သူများမော့ငေးနေစေချင်တယ်၊ ဘယ်သူနဲ့မှကို တူတယ်တန်တယ်မထင်တဲ့မိန်းမ၊ အခု ကိုကိုက သူ့ဆီမှာ အလုပ်လုပ်ဖို့ အင်တာဗျူးဝင်လာတယ်၊ သွားပြီ"

ညီ့စကားသံတွေက သူ့နားထဲမှာနေ၍ ရင်ဘတ်ထဲထိ သံပူရည်စီးကြောင်းကြီးတစ်ခုလို စီးဝင်သွားသည်။

ထိုးခိုက်တိုးတိုက်သွားသမျှ ရင်ထဲမှာ အရည်ပျော်ပျက်စီး





ကုန်ပြီထင်၏။

"ကိုကို အဲဒီအလုပ်ကို မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်တောင်းပန်ပါတယ်၊ အလိုလိုကမှ တစ်လောကလုံးကို သူ့လက်အောက်ငယ်သားတွေလို ဆက်ဆံချင်နေတာ၊ ကိုကိုသာ အဲဒီမှာလုပ်လိုက်ရင် ပြီးပြီ"

သူ အလုပ်မရခဲ့ဘူးဆိုတာ ညီက တွေးမိပုံမပေါ်။

အင်တာဗျူးမအောင်ခဲ့ဘူးဆိုသည့်အဖြစ်ကိုလည်း မထင်မှတ်ခဲ့ဘူးဖြစ်မည်။

မခံစားခဲ့ဘူးသော မျက်နှာပူအရှက်ရခြင်းကြောင့် ကိုယ်ဟာ ယေင်ယယ်လုံးလုံးလေး ချုံးကျသွားသလို ဖြစ်လာခဲ့သည်။

မာနသျှန်ဆိုတာ သူမဖြစ်နေလိမ့်မည်ဟုလည်း သူ ဘယ်လိုမှမထင်ခဲ့မိတာ မှားယွင်းဖို့စတင်ခဲ့ခြင်းပဲ ဖြစ်သည်။

ကိုယ့်အဖြစ်ကို ဖွင့်ချမပြောရဲအောင် ရှက်ဖွယ်လိလိခံစားခဲ့ရတာလည်း ဒါ ပထမဆုံး။

ဘာပဲဖြစ်ဖြစ် သူ မကျရှုံးစေရ။

လျှင်သူစားကြတဲ့ပွဲပဲ ဖြစ်၏။

စိန်မခေါ်ရဘဲ သူကဘက်ကိုယ့်ဘက် ကံကြမ္မာအလေးသာနေသည့်အဖြစ်မျိုး။

နောက်ထပ်တစ်ခါ ကိုယ်မခံရဖို့အတွက် သတိမပြတ်ရှိဖို့လိုပြီ။

အားလုံးသော ဆင်းရဲညစ်နွမ်းမှုတွေကို သူ ဖျောက်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ကိုကို အခုဘာလုပ်မှာလဲ၊ ဒီအလုပ်ကိုပဲ ဖွတ်လုပ်ဖို့စိတ်ကူးနေတာမဟုတ်လား၊ တကယ်ခေါင်းမာတယ်ကိုကိုရာ၊ သူတို့ ချမ်းသာသလို ညီတို့လည်းချမ်းသာတာပဲ၊ သူတို့လုပ်ငန်းမျိုး ကိုကိုထူထောင်မယ်ဆို ခုလုပ်ခုရတယ်၊ ကိုယ်လည်း အင်ဂျင်နီယာ၊ ဘာလိုသေးလို့လဲ၊ ဖေဖေ့ကို အရွဲ့တိုက်ချင်တာတစ်ခုကိုက ဆိုးနေတာ"

"ညီ. . . တော်စမ်း"

ဝေဖန်တာကို သူမကြိုက်။

သူများကိုဝေဖန်ဖို့လည်း သူ ဝါသနာမပါ။

တစ်ချိန်လုံး ပါးစပ်ပိတ်ငေးငိုင်နေသဖြင့် သူထင်တာ မှန်နေပြီဟုတွက်ကာ အပူလုံးဆို့နေသမျှ စီး ခပ်ကြိတ်ကြိတ်ပိတ်အောင်တော့ အကဲလေး ပါးစပ်ပိတ်သွား၏။

"မင်း. . . အဲဒီစံဆိုတာကို လုံးဝစိတ်မကူးနဲ့တော့"

"ဗျာ"

ဘယ်လိုမှမထင်မှတ်သည့် စကား။

အကဲလေး ပါးစပ်အဟောင်းသားနှင့် ကြည့်၏။

"ဘာဆိုင်လို့လဲ ကိုကို၊ သူမဖြစ်စေချင်တာကို ခေါင်းငုံ့လိုက်လျှောပေးလိုက်ရမှာလား၊ သူ့ကိုဖက်ပြိုင်ဖို့ ညီတို့မှာ အင်အားမရှိလို့လား"

တကယ့်ကိုမထင်မှတ်တာပါ။





ကိုကို မာနကြီးတာ သူသိသည်။

မာနသျှင်နှင့် သိရိစံ ဤသို့ပတ်သက်တာ ဤသို့သော အခြေအနေမျိုးရှိနေတာ အားလုံးကိုသိလျှင် ကိုကို ဘယ်လိုမှ ငြိမ်နေမှာမဟုတ်။

အနည်းဆုံး 'မင်း အဲဒီကောင်မလေးကို ရအောင်ယူ' ဆိုတာမျိုးပါ ကိုကို့ပါးစပ်က ထွက်ကျလာနိုင်သည်ပဲ။

ထို့ကြောင့် ကိုကို ဒီစကားပြောလာတော့ ထင်စရာတစ်ခုပဲ ရှိတော့သည်။

"ဘာလဲ၊ ကိုကိုက အဲဒီစက်မှုဇုံထဲမှာ လုပ်ကိုလုပ်တော့မှာ သို့"

"ဘယ်တော့မှမလုပ်ဘူး၊ မာနသျှင်ဆိုတဲ့မိန်းမဟာ မင်းမသိခဲ့တစ်နေရာမှာ ငါနဲ့ ဘယ်တုန်းကမှ အဆင်မပြေခဲ့တဲ့မိန်းမပဲ"

"ဟင်"

ထပ်မံ၍ အံ့ဩရပြန်ပြီ။

ဒါနဲ့များ 'မိုးအထက်' ကိုသွားပြီး ကိုကို ဘာလုပ်တာလဲ။

ထုတ်မမေးဖြစ်လိုက်ပါ။

စီးမျက်နှာသည် ထိကိုင်လိုက်သည်နှင့် ပေါက်ထွက်တော့ သို့ နီရဲတင်းမာနေခဲ့ပြီး . . .

"မင်း ငါ့ကို ဘာမှပြန်မမေးနဲ့ ညီ၊ ခယတောင်းခံတဲ့အလုပ် စိတ်မဝင်စားလို့ ငါ ခုချိန်ထိ အချစ်ကိုမရှာခဲ့တာ၊ မင်းရှာထား



www.burmeseclassic.com

www.burmeseclassic.com



တာက သူ့ညီမဖြစ်နေတယ်၊ မင်းကိုလည်း ဒူးထောင်ခယခွင့် ဝ
မပေးနိုင်ဘူး။ ဒီမိန်းမနဲ့ ဘာကြောင့်မှ မင်း မပတ်သက်ရဘူး၊ စံဆို
တာကို မင်း ဖြတ်ရမယ်"

"ကိုကို. . . အဲဒါ ကိုကို သဘာဝမကျတာပဲ၊ စံနဲ့ညီကြားမှာ ခယဒူးထောက်ခဲ့ရတာ ဘာမှမရှိဘူး။ စံနဲ့ညီက သိပ်ချစ်ကြတာ၊ သူ့ဘက်က အုပ်ထိန်းသူဆိုတဲ့မာနနဲ့ ခွဲခြားတာမျိုးတော့ရှိမှာပဲ၊ ကိုကိုလည်း မာနကြီးပေါ့၊ မချစ်ရဘူးဆိုတာ ကိုကိုက အရှုံးပေးနိုင်းတာ ညီ စံကို မဖြတ်နိုင်ဘူး"

"မင်း လုပ်ကြည့်ပေါ့"

စီးကပြောပြီး ထရပ်လိုက်သည်။

"ကိုကို"

အကဲလေး ကမန်းကတန်းလိုက်ရပ်ပြီးမှ မသောက်ရသေးသည့်အအေးဖိုးအတွက် ပိုက်ဆံထုတ်၍ စားပွဲပေါ်မှာချလိုက်သည်။

"ကိုကို ဘယ်သွားမလို့လဲ၊ အဲဒီလိုကြီး ချုပ်ချုပ်ချယ်ချယ် လုပ်ပစ်ခဲ့တာတော့ မကောင်းဘူးကိုကိုရာ၊ ကျောင်းပြီးမှလက်ထပ်ရ ပါလို့ ညီ ကတိပေးထားပြီးသား ကိုကို"

ကားကိုကျော်လွန်ကာ စီးလျှောက်သွားသမျှ အကဲလေး ကပ်လိုက်ရင်း တတွတ်တွတ်ပြောနေမိသည်။

စီးက တင်းမာသောမျက်နှာနှင့် ခေါင်းငုံ့လျှောက်နေရာ တစ်ခွန်းမှတုံ့ပြန်စကားမဆိုခဲ့။





နောက်ဆုံး အကဲလေးနေရာမှာတင် ရပ်ကျန်ခဲ့ကာ. . .

"ညီကလေးမဟုတ်တော့ဘူး ကိုကို၊ ကိုကို့ဖယားထဲမှာ ညီက ငြိမ်ငြိမ်လေးနေချင်မှနေမှာ၊ ကိုကို တရားသဖြင့်စဉ်းစားပေး"

စီးခြေလှမ်းတွေ တုံ့ခနဲရပ်သွားသည်။

သို့သော် နောက်ပြန်မကြည့်ဘဲ ဆက်လျှောက်သွား၏။

အကဲလေး ကားဆီသို့ ခေါင်းငိုက်စိုက်နှင့်ပြန်လာခဲ့ရင်း
င့်မရဲကြီးဖြစ်နေခဲ့မိ၏။

ကိုကိုဟာ အပြင်ပန်းအားဖြင့် မာနကြီးသော ခက်ထန်
တ်သောအသွင်ပြင်မျိုးရှိပေမယ့် သူ့အပေါ်မှာတော့ အများကြီး
င်နာခဲ့သူပါ။

ဟိုအရင်ငယ်စဉ် မေမေနဲ့ဖေဖေ အဆင်မပြေမှုတွေ စတင်
က်ဖွားလာကတည်းက မိဘတွေကွယ်ရာမှာ ညီအစ်ကိုနှစ်ယောက်
ွင်းဖက်ချောင်ကုတ်၍ စည်းရုံးနေခဲ့ကြသည်။

ထိုစဉ်မှာ ကိုကိုထံမှ ကြင်နာမှု ညှာတာမှုများကြောင့် သူ့မှာ
ကြောင့် မေမေ့ကြောင့်ဆိုသော ခံစားမှု ကြေကွဲမှုအနည်းငယ်
အပူဟပ်ခဲ့တာမရှိ။

ငါတို့ဖေဖေကဘယ်လို မေမေက ဘာညာစသော ကိုကို့
ဝေဖန်စကား ဘာမှမရှိခဲ့။

သူ့ကိုဖက်ထား၍သာ အားမငယ်ရအောင် ပျော်ရွှင်ရအောင်
အကြီးပီပီ ထိန်းကျောင်းပေးခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို မေဖေ့အပေါ် ဘယ်လိုမြင်နေ စိမ်းနေခဲ့သည်အ
အရွယ်ရောက်လာတော့မှ မြင်လာခဲ့သည်။

မေမေ အိမ်ထောင်ပြုလိုက်လို့ ကိုကို ပြောင်ပြောင်တင်းတ
ဝေဖန်တုံ့ပြန်လာတော့မှ သိခဲ့ရ၏။

ကိုကိုဟာ စကားမများတတ်။

ဝေဖန်ကဲ့ရဲ့တတ်ခဲ့တာ မရှိ။

သို့ပေမယ့် ပြောရဲသည်။ ဆုံးဖြတ်ရဲသည်။

မှန်သည်ထင်လျှင် ဘာကိုမှဂရုမစိုက်တတ်။

ကိုကို့အပေါ် သူ လေးစားချစ်ခင်ခဲ့သည့်အချက်တွေ အမ
ကြီးပါ။

ဒီနေ့ ကိုကို ပိတ်ပင်တားဆီးခဲ့သောအဖြစ်တစ်ခုမှလွဲ
ကိုကို့အပေါ် ငြိုငြင်လောက်စရာ ဘာမှမရှိခဲ့။

ခေါင်းကို လေးတွဲစွာခါယမ်းမိလျက် ကားထဲမှာ ပစ်ခတ်ထိုင်ချလိုက်
မိသည်။

အတန်ကြာထိုင်နေမိလျက် မောင်းထွက်ဖို့လည်း လက်
မရောက်။

ကိုကို ဘာဖြစ်သွားတာလဲ။

ဒီစက်ရုံမှာ လုပ်ဦးမှာမို့လို့လား။

ဒါမှမဟုတ် မာနသျှန်ဆိုသည့်မိန်းမကိုပဲ မသိစိတ်က
မတိုက်ခိုက်ချင်တော့သည်လား။

(မှူးတာလေ)



ဒီပြင်နည်းလမ်းပေါင်းများစွာ ရှိနေသေးလို့လား။

တွေးကြည့်လေ စိတ်ရှုပ်စရာဖြစ်လာလေ။

စံမျက်နှာလေးကိုမြင်ယောင်ကာ သူ ဆုံးဖြတ်မိသည်က
တစ်ခုပဲဖြစ်၏။

ဘယ်သူတားတား စံကိုပဲလက်ထပ်မည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"စံ"

"ဟင်. . . ကို"

သူ ခေါ်လိုက်မိသည်က လွတ်လွတ်လပ်လပ်ပဲဖြစ်သည်။

ဒါပေမဲ့ စံ မျက်ဝန်းလေးဝိုင်းကာ ခြောက်ခြားသွားပုံကြော

အနီးအနားမှာ အနှောင့်အယှက်တစ်စုံတစ်ရာ ရှိနေပြီကို သူ သိလိုက်

၏။

"ကို. . . ကို. . . မမပါလာတယ်၊ ပြောစရာရှိလို့လားဟင်

စံလှမ်းကြည့်သည့်နေရာဆီ အကဲလေးကြည့်မိသည်။

အနက်ရောင်ကိုယ်ကျပ်ပေါ်မှာ အနက်ရောင်အပါးစားဓေ

ထပ်ဝတ်ထားသော မာနသျှန်။





ကော့ဝင်းနေသည့် နှာတံလှလှလေးက ဘေးတစောင်းမျက်နှာထက်မှာ ထင်းရှင်းနေသည်။

မြင်လိုက်တိုင်း နီရဲစိုအိနေတတ်သည့် နှုတ်ခမ်းထက်မှာ ခုလည်း နီရဲနေသည့်နှုတ်ခမ်းနီကို မြင်ရ၏။

ပြီးတော့ အနက်ရောင်မျက်မှန်ကို တပ်ထားသည်။

ထိုမိန်းမကို သူ သေသေချာချာမြင်ဖူးသည်။

ပြာလဲ့သောအရောင်နှင့် အလွန်လှသောမျက်နက်ဝန်းတို့မှာ မျက်တောင်ကော့များဝန်းရံလျက် ဘာမှပြောစရာမရှိ။

သို့သော် မျက်မှန်နက် သို့မဟုတ် အပြာရောင်နက်ကျက် မျက်မှန်တစ်ခုခုတော့ အမြဲတမ်းတပ်ထားတာကို မြင်ရသည်။

စတိုင်ထွင်တာလား။

အရုပ်မြင့်ရသည့်အထဲ ဒေါက်မြင့်ဖိနပ်ကိုပဲ အမြဲစီး၏။

တောင့်တင်းလှပသောကိုယ်ဟန်က အရုပ်မြင့်တော့ ပို၍ ပေါ်လွင်၏။

ဆံပင်ဂုတ်ဝဲထားတာချင်းအတူတူ သူ့မဆံပင်တွေက ပျော့နွဲ့ သယ့် အနည်းငယ်လှိုင်းတွန့်ထင်လျက် သူများထက်ပိုလှသည်။

ခြုံငုံသုံးသပ်လျှင် အလွန်လှသောမိန်းမဖြစ်၏။

ကိုကိုနှင့်ပတ်သက်ခဲ့ဖူးသည်ဆို၍ သူ ပို၍ စေ့စေ့စပ်စပ်ကြည့် သည်။ ဆံဖျားကနေ ခြေဖျားအထိ ရက်ရက်စက်စက်လှနေပေမယ့် ပိုင်သင်ရင် ခုတင်ရွှေနန်း။



www.burmeseclassic.com

www.burmeseclassic.com



အိုယ့်ချစ်သူအလှက သာပါသည်။

စုံ့မျက်နှာလေးက ကလေးဆန်ကာ အေးချမ်းနေ၏။

စုံ့မှာ ရလာဘ မာန ဘာမှမရှိ။

တဖက်သားအပေါ် စကားမှာမာပြောတတ်ရဲလားဟုပင် မထင်ရလောက်အောင် စံက နူးညံ့၏။

သူမမှာ ထိုအစ်မမျိုးရှိနေတော့လည်း ကြောက်ရှာပေမည်။

"ပြောစရာရှိရင် နောက်တော့တွေ့မယ်နော် ကို၊ ဟိုမှာ မမ"

"ခဏလေးကွာ"

"အို. . .ကို"

စံ၏လက်ကလေးကို ဆတ်ခနဲဆွဲကာ သူ အထည်ဆိုင်တစ်ဆိုင်၏ကြားထဲ တိုးဝင်လိုက်၏။

"စံ"

"ဘာဖြစ်လို့လဲ ကို"

"စံ့အစ်မက ဘာပြောလဲဟင်"

စံ မျက်နှာလေးပျက်သွားသည်။

သူ့ကိုလည်း အမှန်အတိုင်းမပြောချင်သလို အဆင်ပြေအောင်ပြောဖို့ ကြိုးစားနေရှာသည်။

"မညာကြေးကွာ၊ မှန်မှန်ပြော၊ ကိုယ်တို့ ကွယ်ဝှက်ထားတာမရှိမှ တိုင်ပင်လို့ရမှာပေါ့"

အကဲလေးပြောလိုက်မှ စံက ခေါင်းလေးညိတ်ကာ. . .





"ရည်းစားထားတယ်ကြားတာနဲ့ မန္တလေးကိုပို့ပစ်မယ်တဲ့ ကို"

"ပြဿနာပဲ၊ ကိုယ့်ဘက်ကလည်း ကျပ်နေပြီ"

"ဟင်. . .ဟုတ်လား၊ စံနဲ့ သဘောမတူတာလားဟင်၊ ရည်းစားထားခွင့်ကို မပြုတာလား"

သူ စံ့လက်ဖဝါးလေးကို ဆုပ်ဖျစ်ကာ ဘယ်လိုပြောရမှန်းမသိ။ အေးဆေးပြောဆိုပြဖို့လည်း အချိန်မရတော့ဘဲရှိရာ. . .

"စံ"

"ပြောလေ ကို၊ စံနားထောင်ရဲပါတယ်၊ ဘာပဲဖြစ်ဖြစ်ဒိုင်းဟာ ကိုယ့်အတွက်နဲ့ကိုယ်တော့ မှန်နေကြတာပဲ၊ ကိုယ့်ဘက်ကအက်အခဲဖြစ်နေရင် ပြောပါ"

စံရယ် နားလည်တတ်နေလိုက်တာ။

သူ့မှာ ပို၍ မချင့်မရဲဖြစ်ရရင်း စံ့ကို ဆုံးရှုံးမခံနိုင်သောစိတ်တို့သာ ပိုမိုဖိစီးလာခဲ့သည်။

"စံက အခြေအနေအကြောင်းကြောင်းတွေ မညီညွတ်ရင်ဆက်ဆုတ်မယ်လို့ပြောလိုက်တာလား"

"မဟုတ်ဘူးကို၊ ဒါပေမဲ့ စံ့ဘက်ကမဟုတ်ဘဲ ကိုယ့်ဘက်ကအခြေအနေတွေဖြစ်လာရင် စံ နားလည်ပေးဖို့အဆင်သင့်ရှိနေတာကိုပြောထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုယ့်ဘက်က ဘယ်တော့မှ လမ်းခွဲဖို့စမပြောဘူး ဆိုတာ ယုံ၊ စံလည်း အခက်အခဲဖြစ်လာရင် ရင်ဆိုင်ဖို့ကြိုးစားပါ"

စံ ခေါင်းညိတ်ရှာသည်။

ပြီးတော့ မလုံမလဲ တောင်ကြည့်မြောက်ကြည့်နှင့် လက်ကို ရှန်း၏။

"မမ သိသွားလိမ့်မယ်၊ စံသွားတော့မယ်ကို. . . နော်"

"စံ"

"ဟင်"

"ကိုကို ဘာမှထပ်မမေးနဲ့နော်၊ ပြောတာကိုနားထောင်"

"အင်း"

"စံ့အစ်မရှေ့မှာ 'အထက်စီး' ဆိုတဲ့နာမည်ကို လုံးဝ ထည့် မပြောနဲ့"

"ဟင်"

ဘာဖြစ်လို့လဲဟု မေးမိတော့မလိုပြင်ပြီးမှ ပါးစပ်ပိတ်ရသည်။ အကဲလေးက မာနသျှန်ရှိတဲ့ဆီ တစ်ချက်မျှော်ကြည့်ကာ . . .

" 'အထက်စီး' ဆိုတာ ကိုယ့်အစ်ကိုမှန်း စံသိတယ်နော်"

"သိတယ်လေ"

"စံ့ချစ်သူဟာ 'အထက်စီး'ရဲ့ညီမှန်းသိရင် ကိုယ်တို့ ပို ဝေးသွားလိမ့်မယ်"





"ဆိုင်လို့လားကိုဂျယ်၊ မမနဲ့ကို့အစ်ကိုက ပတ်သက်ခဲ့ဖူး လို့လား၊ စံ ရင်ပူလိုက်တာ"

"နောက်မှပြောမယ်ကွာ၊ အမှတ်တမဲ့ ပြောလိုက်မိမှာစိုးလို့ ကို သတိပေးတာ၊ ဘာပဲဖြစ်ဖြစ်မကြောက်နဲ့ကွာ. . . နော်၊ ကိုယ်တို့ ဘယ်တော့မှ မဝေးဘူး"

စံ့လက်ကလေးကို သူ လွှတ်လိုက်သည်။

မျက်လုံးချင်းအတန်ကြာဆုံနေပြီးမှ မေးချင်ပြောချင်သေး သည့်စကားလုံးတွေ ကိုယ်စီရင်ထဲမှာ ပြန်လည်သိမ်းဆည်းကာ ကျောခိုင်းလိုက်ကြ၏။

ထိုစဉ် . . .

ထပ်ညပ်နေအောင်ချိတ်ကာနေသည့် အင်္ကျီစင်တစ်ဘက်မှ အရိပ်တစ်ခု ဖျတ်ခနဲထင်လာသည်။

"မမ"

စံ့ထံမှ ထိတ်လန့်သံလေးထွက်လာသဖြင့် သူ လှည့်ကြည့် မိတော့မတတ် ဖြစ်သွားသည်။

မာနသျှန် ရောက်လာပြီကိုသိလိုက်သဖြင့် စိတ်ကို အချိန်မီ ပြန်ထိန်းကာ ဟိုကြည့်ဒီကြည့်လုပ်ရင်း ထွက်လာခဲ့ရ၏။

စံ ဘယ်လိုရင်ဆိုင်ကျန်ခဲ့ပြီလဲ။

ချစ်သူအတွက် သောကက ရင်ထဲမှာပူးတွဲပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှယ် မာနသျှန်နဲ့ကိုကို။

ဒီညီမနဲ့ သူနဲ့ကျမှ။

လေးပွင့်ဆိုင်ရှပ်တွေးဖို့ ဖြစ်လာခဲ့သော ပတ်သက်မှုတွေကို သူ့မှာ မကျေနပ်ဖြစ်နေမိရင်း . . .

❀ ❀ ❀

## အခန်း (၈)

အစကတည်းက ရှိသေခဲ့ရသည့်အစ်မမို့ ခုလို တရားခံတစ်ဦးလို စစ်ဆေးခံနေရတော့ မလုံလဲသည့်စိတ်ဖြင့် စံမျက်နှာလေး ငုံ့ထားမိသည်။

လိမ်ညာရသည့်ဒုက္ခကို နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ရသောအခါ ကျွမ်းကျင်သည့်ကိုယ့်အဖြစ်က မျက်လွှာပင့်ကြည့်ဖို့ပင် ကြိုးစားရသည့်အဖြစ်။

မာနသျှန်သည် အနီရင့်ရောင်ဆိုဖာထက်မှာ ဖြူဖွေးတ်သော တော်ရုံဖြင့် ခြေချင်းချိတ်ထိုင်လျက် လက်ပိုက်ထားသည်။

စံမျက်နှာလေးကို စေ့စေ့စပ်စပ်ကြည့်၍ တစ်ခွန်းမှထပ်မေးတော့ဘဲ ပြောလာမည့်စကားကို စောင့်နေ၏။

(ဖူးတာပေ)

www.burmeseclassic.com

www.burmeseclassic.com



စံ အားယူနေမိသည်။

အဖြူရောင်ဇာနားတပ် စကာတ်ထမီ၏အနားစလေးဖေးတင်နေသည့် ဖြူနုပြည့်သွယ်သော ခြေဖမိုးလေးကို တစ်ချက်လှမ်းကြည့်မိသည်။

ပြောမည့်စကားက သူကထက်ငါတိုးဖွေကာ ဘယ်ကစ၍ ဘယ်စကားကခုန်ထွက်လာမည်မသိ။

မမရွှေမှာ ကဘောက်တိကဘောက်ချာမပြောမိဖို့ အထူးသတိထားနေရသဖြင့် စေ့ပိတ်ထားသည့် နှုတ်ခမ်းလွှာတို့ကို အရမ်းကာရောမဖွင့်ရဲ။

ဆွဲချရွှေ့နေတစ်ဦးလို စကားမမှား။ မျက်နှာထားက အပြောင်းအလဲကောက်ကြောင်း အစစအားလုံးကို တစ်ချက်မှ မလွတ်အောင် အကဲခတ်နေသည့် မမရွှေမှာ စံ ချွေးပြန်ခဲ့၏။

"ကဲ. . . ဒီနေ့ဖြေဖို့ စိတ်ကူးရှိရဲ့လားစံ၊ မမ မေးထားတယ်လေ"

မမအသံက ပုံမှန်အတိုင်းပေမယ့် စံတုန်သွား၏။

စံတို့မညာတတ်တာ အဲဒီလောက်ထိ။

"ဟို. . . မ. . . မဟုတ်ပါဘူး မမ"

စကားက ထစ်ငေါ့နေသည်။

တုန်လှုပ်နေသည်က မေးချင်းရိုက်နေသည့်နှယ်။

"သမီးငယ်နော် ဘာဖြစ်ဖြစ် မမကိုတိုင်ပင်၊ မိဘမသိအောင်





မမသိအောင် ဘာမှမလုပ်ရဘူး။ မာမီတို့က သမီးတို့ကို ပစ်ထားတာမဟုတ်ဘူး။ သားသမီးကို စိတ်ချလို့ယုံကြည်စွာထားတာ၊ မျက်နှာပျက်အရှက်ရအောင် ဖြစ်လာလို့ကတော့ ဘယ်မျက်နှာကိုမှ ဖုံးမှာမဟုတ်ဘူး"

မာမီက ကြပ်ကြပ် သတိပေးထားခဲ့သည်။

ဒယ်ဒီက မျက်မှန်ဝင်းဝင်းလက်လက်ကြီးအောက်မှ မာမီ့စကားကို ထပ်၍အတည်ပြုသော အေးစက်မှုများနှင့် စကားတစ်လုံးမှမဆိုဘဲ သတိပေးခဲ့သည်။

စကားနည်းပေမယ့် ဒယ်ဒီ့အကြည့်များကို စံကြောက်သည်။

စကားကို ဘယ်ဘက်ကမှမလွတ်အောင် ပိတ်ဆို့ချောင်ပိတ်ပြောတတ်သည့် မာမီ့ကို ဘယ်တုန်းကမှမညာရဲခဲ့။

ဒယ်ဒီနဲ့မာမီတို့၏ကိုယ်ပွားလို အစစအရာရာ စိတ်ချယုံကြည်နေကြသည့် မမကိုတော့ တရင်းတနှီး ဘယ်တုန်းကမှ မနေရဲခဲ့တာပါ။

ညီအစ်မနှစ်ယောက်တည်းပေမယ့် မမနဲ့စံက စရိုက်သဘာဝချင်းမတူ။

ငယ်ငယ်ကတည်းက မမက သီးသန့်ဆန်ဆန်နေတတ်သူ။

ကစားစရာတွေရှိလည်း အပုံလိုက်ထားပြီး တစ်ယောက်တည်းဆော့သည်။

ဒါမှမဟုတ် ညီအစ်မနှစ်ယောက် ဆော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စားစရာဆို ကလေးပီပီ စံက ပက်ပက်စက်စက်စားသည်။ ကြိုက်လျှင်ကြိုက်သလို စားပစ်တတ်၏။

မမကတော့ ဘာစားစား တို့တို့တိတိသာ။

ကြိုက်လှပါသည်ဆိုသော အစားအစာမရှိ။

လှုမှန်းသိတတ်ပြီးသည့်အရွယ်လေးကတည်းက သူမစားသောက်ဖို့အတွက်ကို အိမ်ဖေါ်တွေလုပ်မပေးရ။

မာမီနဲ့ဒယ်ဒီမအား၍ လုပ်ကိုင်မပေးနိုင်သည့်အခါ သူမ ဘာသာဝင်ပြီး ချက်ပြုတ်စားသည်။

ဤသည်ဟာ ဂါဝန်လေးနဲ့အရွယ်ကတည်းက ဖြစ်၏။

အပြောအဆိုကြွမ်းတမ်းခြင်းမရှိသော်လည်း မျက်နှာလေးမှာ အမြဲတမ်းတင်းနေတတ်သည့်တဲ့။

မမနဲ့ပတ်သက်သော အမှတ်တရအကျင့်ရှိတာလေးတွေကို မာမီနဲ့ဒယ်ဒီ စကားစပ်မိတိုင်း ပြောတတ်ကြသည်။

"မာနခဲလေး"

"သိပ်အေးချမ်းတဲ့ သမီး"

"ငါ့သမီး မာနကြီးတာကောင်းတယ်၊ မိန်းကလေးဆိုတာ ပျော့ညံ့တာမကောင်းဘူး"

ဒယ်ဒီကဆို မမကို သားလောက်အားကိုးတဲ့သူ။

'မာနသျှန်' ဟု နာမည်ပေးခဲ့တာ ဒယ်ဒီပဲဖြစ်သည်။

စံ့ကိုတော့ အရိပ်တကြည့်ကြည့်ရှိတတ်ကြပြီး စိုးရိမ်တာတွေ





သတိပေးတာတွေသာ စံ့အတွက်ဖြစ်ခဲ့သည်။

သူငယ်ချင်းတွေအများကြီးနှင့် ဆော့ချင်၍ တစ်ဘက်ခြံကို ခိုးသွားတတ်သော ဘယ်သူနဲ့ရန်ဖြစ်ဖြစ် မျက်ရည်လည်တတ်သည့် အကျင့်ရှိသော သီရိစံဆိုသည့် သူမသည် မမရှေ့မှာ လက်ပိုက်ရပ်ပေးခဲ့ရဖူးသည်။

"ရိုက်. . . နာနာလေးရိုက်၊ အစ်မကြီးတော့အမိအရာတဲ့၊ ဒီအစ်မကိုမှမကြောက်ရင် ဘယ်သူနိုင်တော့မှာလဲ၊ သူတို့ကြီးပြင်းလာတဲ့အခါ မိဘက အစစအရာရာ လိုက်ကြည့်ဆုံးမနေနိုင်မလား"

မာမီနဲ့ဒယ်ဒီ နှစ်ယောက်လုံးရှိနေလျက်နှင့် စံ အပြစ်ရှိတာကို မမကိုပဲ ရိုက်ခိုင်းသည်။

မမကိုင်ထားသည့်တုတ်ချက်များအတိုင်း စံ မှတ်မှတ်ရရဖြစ်ခဲ့သည်က မမကို ကြောက်ရွံ့ရိုသေခဲ့ရခြင်းတွေ ဖြစ်၏။

မမကိုကြောက်ခဲ့သည်။ ရိုသေရသည်။

ပြီးတော့ မမကို စံချစ်လေသည်။

တစ်ခါတစ်ခါ ညီအစ်မ ရယ်မောရင်းနှီးခွင့်လေးရသည့်အခါတိုင်း မမပါးကို ခဏ ခဏ နမ်းခဲ့မိသည်။

မမ ဒေါသဖြစ်ပြီဆို ကြောက်သည့်စိတ်ကလည်း ချစ်ကြောက်ရိုသေဆိုတာမျိုးပဲ ဖြစ်ပါလိမ့်မည်။

လက်ဖဝါးချင်းဆက်။

ဒီအတိုင်း ပွတ်ဆုပ်၍ ကြာရှည်စွာငြိမ်နေလျှင် ချွေးစေး



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် စိုရွှဲလာ၏။ ပြီးတော့ ပူလာသည်။

တစ်ခါတစ်လေ ကိုယ့်ကို မမက ကလေးဟုပင်ခေါ်တတ်ပါ၏။

ခုတော့ ကိုယ်ကရည်းစားထားခဲ့မိပြီ။

ဒါကို ဟုတ်သလားဟုမေးနေတာ မမ သိခဲ့ပြီး၍လား။

ဒါမှမဟုတ် ပလာဇာမှာမြင်လိုက်တာကိုပဲ မသင်္ကာတာလား။

ဘာပဲဖြစ်ဖြစ် မဟုတ်ပါဘူးဟု ညာလိုက်မိပြီ။

ဒါပေမဲ့ နောက်ထပ်တစ်ခါ မဟုတ်ဘူးဆိုတာကို အတည်ပြုဖို့ ပါးစပ်ကို ဘယ်လိုမှဖွင့်မရတော့ပါလား။

စံ မရဲတရဲမျက်လွှာလေးပင့်ကာ မမကို ခိုးကြည့်မိသည်။

စူးစိုက်၍ ငြိမ်သက်စွာကြည့်နေသည့် မျက်ဝန်းများကိုမြင်လျှင် ရင်ထဲမှာ ဒိန်းခနဲမြည်ဟီးသွား၏။

ထို့ပြင် တွန့်ခနဲမဲ့ကျသွားသည့် မမနှုတ်ခမ်းသားလေးတွေကို မြင်လိုက်ပြန်ရာ ရင်ခုန်သံတွေက သောင်းသောင်းဖျဖျဖြစ်လာခဲ့၏။

မမရှေ့ကနေ ပြေးထွက်ပျောက်ကွယ်သွားချင်လို့လည်း မရပါလား။

"ပလာဇာမှာ တွေ့နေကျထင်တယ်. . . ဟုတ်လား စံ"

"မ. . . မဟုတ်ပါဘူး မမရယ်"

"မဟုတ်ဘူးဆိုတာက ဘာလဲ၊ ညီမလေးကို မမမေးတာက





အဲဒီကောင်လေးနဲ့ ညီမလေးက ဘာလဲလို့မေးတာ"

"ဟင်"

စံ မျက်နှာလေးငယ်ကျသွားပြန်သည်။

မမ အဒိုက်ဖမ်းပစ်လိုက်ပြီကို သိ၏။

ဒါပေမဲ့ ကိုယ်ကစကားမှားခဲ့ပြီ။

စိတ်ကို အတတ်နိုင်ဆုံးစုစည်း၍ . . .

"မမထင်သလို မဟုတ်ဘူးလို့ စံကပြောချင်တာပါ"

"မမက ဘယ်လိုထင်နေတယ်လို့ ညီမလေးကထင်လို့လဲ"

ထပ်၍ တုပ်နှောင်လာသည့်စကားတို့ကို ထပ်ရှင်းလျှင် ထပ်ရှုပ်၍ စံ မှောက်လျက်လဲတော့မည့်သာ။

မမမေးခွန်းတွေက ဒီနေရာမှာပဲ တချစ်ဝဲဝဲ။

"စံ"

"ရှင်"

"မညာတတ်ဘဲ မညာနဲ့"

"ဟို"

"ရည်းစားမဟုတ်ဘဲ ပလာဇာမှာ နှစ်ယောက်တည်း ညီမလေး တွဲသွားနေကျလား"

"အို. . . မဟုတ်ဘူး မမ"

"ကျဉ်းကျဉ်းကျပ်ကျပ် အထည်စင်တွေကြားထဲနေရာလေးမှာ ယောကျ်ားလေးတစ်ယောက်နဲ့ အတူရပ်နေပြီး ရိုးသားပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဘာလဲ"

"မမ. . . စံလေ"

"ဝန်မခံသေးဘူးလား"

မမလေသံ မာကျောပြတ်တောက်စွာထွက်ပေါ်လာလျှင်

မျက်ရည်တွေဝေ့ခနဲတက်လာ၏။

စံ မညာရဲတော့ပါ။

မမမျက်နှာကိုလည်း မော့မကြည့်ရဲတော့။

ခေါင်းငုံ့နေရင်း မျက်ရည်တို့ တစ်ပေါက်ပေါက်ကြွေဆင်း

နေသည့် ညီမဖြစ်သူကိုစိုက်ကြည့်ကာ သျှန် ရင်တွေပူနေမိ၏။

သည်မျှ နူးညံ့ကြောက်တတ်လွန်းသည့် ညီမလေးကို တစ

တရုံးလက်ထဲ ဘာလို့ထည့်ပေးရမလဲ။

ပြီးတော့ မိဘဘိုးဘွားတို့၏ စည်းစိမ်ချမ်းသာမှုတွေက

မနည်းမနော။

ချစ်သူကြင်ဘက်ရှာတယ်ဆိုတာ ဘာတွေလိုအပ်သလဲ။

သူ့ဘက်ကိုယ့်ဘက် ဘယ်လိုဘာတွေ ပြည့်စုံရမလဲ။

ဒါတွေ ညီမလေး ဘယ်လောက်သိလို့လဲ။

အထူးသဖြင့် ယုံလွယ်တာ။ နူးညံ့ခံစားတတ်လွန်းတာ

စိတ်မချနိုင်။

"စံ"

စံ အင့်ခနဲရှိုက်ကာ မျက်နှာလေးသာမော့လာလျက် မ





နိုင်ရှာ။

"မျက်ရည်တွေသုတ်လိုက်စမ်း၊ ထစ်ခနဲရှိ ဝမ်းနည်းကြေကွဲ

တတ်နေတာမျိုး မမ မကြိုက်ဘူး။ ကြောက်တတ်တာကသပ်သပ်

ရှင်းရဲတာကသပ်သပ်၊ ဟန်ဆောင်ကမ္ဘာလောကကြီးမှာ လူတစ်

ယောက်ဟာ မာယာဆိုတာရှိကိုရှိရမယ်၊ အဲဒီမာယာက တစ်ဖက်

သားကို ဖြားယောင်းဖို့မဟုတ်ဘူး။ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့၊ ကိုယ

ချင်တာဖြစ်ဖို့ ညီမလေး ဘာဖြစ်လို့ ဒီလောက်တောင် ဝမ်းနည်း

တတ်နေတာလဲ"

သျှန် နေရာမှထရပ်လိုက်သည်။

"အဲဒီတစ်ယောက်က ဘယ်သူလဲ ဘယ်ကလဲ ချစ်နေကြ

တာ ဘယ်လောက်တောင်ကြာနေပြီလဲ၊ သူက ညီမလေးကို တကယ်

မချစ် ညီမလေးက ဘာကိုကြည့်ပြီးရွေးလိုက်တာလဲ၊ ဘာလဲ

မျှော်ရည်းစားထားကြတာလား"

မေးခွန်းတွေက ဆက်တိုက်။

စံ မျက်လုံးလေးဝိုင်းလျက် ပြည့်လျှံနေသောမျက်ရည်တို့က

ဝန်းထဲမှာ ရေခဲပြင်လို အေးခဲကုန်ကြပြီလားမသိ။

ပါးပြင်ထက်သို့ ဆင်းကျမလာခဲ့ဘဲ သျှန့်ထံသို့ စံနဲ့အတူ

တကြီး မော့ငေးနေရှာသည်။

"မိန်ကလေးတစ်ယောက်ဟာ အပျော်ရည်းစားထားခြင်းကို

တတ်ရတယ်၊ ရည်းစားဆိုတဲ့လွတ်လပ်ခွင့်တွေထဲမှာ လိုက်လျော



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရတာတွေ အများကြီးပဲ၊ လက်ကလေးပဲဖြစ်ဖြစ် ပါးကလေး... ပဲဖြစ်ဖြစ် အို ကိုယ်လက်ထပ်ဖို့မရည်ရွယ်ဘဲ ဘာတစ်ခုမှ ညစ်နွမ်း... မခံရဘူး၊ ဘယ်ယောကျ်ားကိုမှ အလွယ်တကူမယုံရဘူး၊ နင် မိုက်... လှချေလားစံရယ်၊ ပြောစမ်းပါ၊ အဲဒီကောင်မှာ ဘာတွေ ယုံကြည်... ထိုက်ဖွယ်ရှိလို့ ချစ်ပစ်လိုက်တာလဲ၊ အပျော်ရည်းစားထားတာလား... လက်ထပ်ဖို့ထိ ဆုံးဖြတ်လိုက်တာလား"

ထိုနေရာမှာ မေးခွန်းကရပ်သွားပြီမို့ စံ ဖြေရတော့မည်။

သူမ မဖြေတတ်ပါ။

ကိုကို စံချစ်ခဲ့တာ ချစ်လို့ပဲဖြစ်သည်။

သူကလည်း လက်ထပ်ကြဖို့မပြောခဲ့။

စံလည်း လက်ထပ်ဖို့ဆိုတာထိ စိတ်ကူးမယဉ်ခဲ့။

အဖြေပေးခဲ့မိသည့်ညကပင် အိပ်ရာထဲမှာ ရင်ခုန်နေမိတာ... ကိုကိုချစ်၍လား မမကိုကြောက်၍လား မခွဲခြားခဲ့နိုင်။

ပြီးတော့ နေ့စဉ် ကျောင်းမှာမဟုတ်သော တွေ့ဆုံဖို့တွေ... ကြိုးစားလာတိုင်း ထိတ်လန့်ဖျာများခဲ့ရတာတွေ။

လက်ထပ်ဖို့များ ဘယ်အခန်းကဏ္ဍာထဲ ထည့်ကြည့်လို့... မှာလဲ။

မမကိုပြောလိုက်လျှင် ရင်ဘတ်ထုချေတော့မည်။

"လက်ထပ်ဖို့ရည်ရွယ်ရင်တောင် အဲဒီယောကျ်ားလေးဟာ... ကိုယ့်ကို ရည်းစားဦးဟုတ်ရဲ့လား၊ ကိုယ်က အချစ်ဆုံးဖြစ်ခွင့်ရရဲ့...



...လား၊ ဒါတွေ ညီမလေး ဘယ်လောက်လေ့လာပြီးပြီလဲ"

စံ ဘာမှမပြောနိုင်ခဲ့။

"မမက ကလေးကလားစကားတွေ ပြောနေတာမဟုတ်ဘူး၊ ...ချစ်ဆိုတာ ကမ္ဘာဦးအစကတည်းက ဒီနေ့ထိ မချစ်ခဲ့ဘူးတဲ့သူ ...ရှိဘူး၊ မလွမ်းခဲ့ဖူးတာမရှိဘူး၊ မိန်းမတစ်ယောက်အတွက် အချစ် ...အိမ်ထောင်ရေးဟာ အရေးကြီးဆုံးပဲ၊ ညီမလေးနဲ့ ဒါတွေကို မမ ...ယ်တော့မှ ဆက်စပ်မကြည့်ခဲ့ဖူးဘူး၊ ဒါပေမဲ့ အခု ညီမလေးက ...ကို တကယ်ပူရဲ့လားလို့ သံသယစိတ်နဲ့ကြည့်တတ်လာပြီ၊ မပြော ...မရတော့ဘူး၊ လိုအပ်လို့ပြောနေရတာ၊ မေးတာကိုဖြေစမ်း၊ သူ့ ...ကြောင်း ညီမလေး ဘယ်လောက်သိသလဲ"

စံ ဒီတစ်ခါ ပါးစပ်ပိတ်နေလို့မရတော့။

သျှန်က အနားသို့ ဆိုးဆိုးဆတ်ဆတ်လျှောက်လာကာ စံ ...လေးနှစ်ဖက်ကို ဆွဲခါပစ်လိုက်၏။

"စံ. . . နင် ဘာဖြစ်လို့ ဘာမှမဖြေတာလဲ၊ အားလုံးပဲ ...တ်နေသလား၊ မမပြောနေတဲ့ကိစ္စတွေ မေးခွန်းတွေ နင် ဘာမှ ...ဖြေနိုင်တော့ဘူးလား၊ ချေပစရာမရှိတော့တာ၊ ဘာမှရှိမနေလို့ ...တာလား"

"မမ"

စံ မမကို တအားဖက်ပစ်လိုက်ပြီး ငိုမိတော့သည်။

"မမရယ်. . . စံလေ စံ့ကိုအပြစ်တင်ပါ၊ ရိုက်ပါ၊ စံ တကယ်...



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြောနိုင်ပါဘူး။ ဒါပေမဲ့. . . ဒါပေမဲ့ စံ သူ့ကိုချစ်တယ် သူချစ်တယ်ဆိုတာလည်း သိတယ်''

''တိတ်စမ်း''

''မာမီတို့ကိုမတိုင်ပါနဲ့ မမရယ်၊ စံ့ကိုသနားပါနော်၊ မ စံ့ကိုရိုက်ပါ၊ ကြိုက်. . . ကြိုက်သလိုအပြစ်ပေးပါ၊ သူ့ကိုတော့ မမုန်း နိုင်းပါနဲ့''

''မပြောနဲ့. . . မချစ်ရဘူး၊ ငါလည်း မချစ်တတ်အောင် တာ၊ နင်လည်းမချစ်ရဘူး၊ ဒီလိုမျက်ရည်လွယ်တာမျိုးနဲ့ ဘယ် ရင်ဆိုင်မှာလဲ၊ ဒီလောက်ပျော့ညံ့တဲ့စိတ်တွေနဲ့ ဘာကိုဆုံးဖြတ်မှာလဲ အဲဒီကောင်ကို လုံးဝမချစ်ရဘူး၊ ခုချက်ခြင်းဖြတ်ပစ်. . . လုံး နော်''

ပြောနေရင်း စိုးရိမ်ခြင်းကာပိုလာကာ သျှန့် အသံတွေတု လာသည်။

နုံးညံ့လွန်းလို့ ညီမလေးကို ဒီယောက်ျား ဘယ်လောက် ဖမ်းစားထားပြီလဲ။ ဘယ်လောက်ထိစည်းရုံးခဲ့ပြီလဲ။

လူကြီးတွေဆူပြီဆို မျက်နှာလွှာချနေတတ်သည့် ညီမ နှုတ်ဖျားမှ ခုတော့ အချစ်အတွက် တောင်းပန်မှုတွေ ခယပြောဆို တတ်ပြီ။

အံကြိတ်ထားမိရင်း သျှန် တစ်စုံတစ်ခုကို ဆုံးဖြတ်လို မိ၏။





ထိုအရာသည် ညီမလေးကို ကျောင်းထုတ်ပစ်ဖို့ပဲဖြစ်သည်။

ဆရာဝန်မဖြစ်ရတော့ ဘာဖြစ်လဲ။

ဘာဘွဲ့ပဲဖြစ်ဖြစ် ဘွဲ့တစ်ခုခုကိုရဖို့က မျက်စိအောက်မှာပဲ ထားခြင်းဖြင့် ကြိုးစားယူလို့ရသည်ပဲ။

''နောက်နေ့ကစပြီး ညီမလေး လုံးဝကျောင်းမတက်ရတော့ ဘူး''

''ဟင်. . .''

စံ့မျက်နှာလေးသည် သွက်သွက်ခါလည်ပတ်နေသော အိုး ထိန်းစက်ကြီးထဲမှာ ရပ်နေရသူလို ချက်ချင်းမူးမိုက်လဲကျတော့ မတတ် တောင့်တင်းငြိမ်ကျသွား၏။

နောက်ထပ် သူမထံမှ တစ်စုံတစ်ရာပြောဆိုမလာမီ သျှန် ကျောခိုင်းထွက်လာခဲ့သည်။

ဒါဟာ အလိုလိုက်စရာမဟုတ်။

မီးဟာ ပူတယ်ဆိုတာ သဘာဝတရားပေမယ့် ရင်ခွင်ပိုက် ကလေးငယ်လေးကတော့ သိချင်မှသိလိမ့်မည်။

ဒါကိုမသိရကောင်းလားဆိုပြီး 'ရော့. . . ကိုင်ကြည့်' လို့ ကရုဏာဒေါသနှင့်လည်း လက်ထဲထည့်မပေးလိုက်နိုင်။

'နေပစေ. . . ကိုင်ပစေ၊ ပူမှန်းသိမှ နောက်မကိုင်တော့မှာ' တဲ့။

သိသိမသိသိ အပူလောင်မခံနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကို ဥပမာလေးဖြစ်ဖြစ်တောင်မှ သောကမပေးရက်နိုင်။

ထို့ကြောင့် သူသိသိမသိသိ တားကိုတားရမည်။

မှန်းစမ်းပါစေ။

ဒါဟာ သိပ်ကိုနက်ရှိုင်းတဲ့မေတ္တာတွေမှန်း သူကိုယ်တိုင်မေတ္တာထားတတ်တဲ့အခါ သိလာလိမ့်မည်။

သျှန်ဟာ ဆုံးဖြတ်ပြီးလျှင် တွေဝေခဲ့တာဘာမှမရှိ။

❀ ❀ ❀



## အခန်း (၉)

"မာမီတို့က ကြာချင်ကြာမှာ၊ သမီးဒယ်ဒီ တကယ်လို့ ရှန်ရောက်နေတယ်ဆိုရင် မာမီလည်းလိုက်သွားမှာပဲ၊ ဒီမှာ သမီးနဲ့ ညီမလေးကို မာမီ စိတ်ချချင်တယ်"

"စိတ်ချပါမာမီ"

လေဆိပ်ကိုလိုက်ပို့ရင်းလည်း 'ဟုတ်ကဲ့' ဟု အာမခံလိုက်သည့် ကိုယ့်ကိုယ်ကို အထပ်ထပ် ပြန်မေးနေခဲ့မိသည်။

နေရာတကာ မတွေဝေတတ်ခဲ့သည့်စိတ်ဟာ ကွယ်ရာမှာ ရှိနေတတ်သည့် ညီမလေး၏ချိုက်ငယ်များကိုကြားတိုင်း နာကျင်ခဲ့သည်။

ထိုကိစ္စမှတစ်ပါး အားလုံးကိုဖြစ်စေရမယ်ဟု ပုံပေး၍ ချော့



www.burmeseclassic.com

www.burmeseclassic.com



မော့ချင်မိ၏။

ဒါပေမဲ့ မချော့မိအောင်နေခဲ့သည်က ညီမလေး ဒါကိုပဲ လက်ညှိုးထိုးမယ်ဆိုတာသိနေ၍ ဖြစ်သည်။

ညီမလေးကို သူမ ချစ်သူထားခွင့် လက်ထပ်ခွင့်ကို စောစီးစွာခွင့်မပြုနိုင်။ နောက်လည်း ခွင့်ပြုနိုင်မည်မဟုတ်။

မိတသဘောတူစေ့စပ်ထားမည်။

ညီမလေးအပေါ် ယုယ ကြည့်ဖြူ မြတ်နိုး နှစ်သက် လိုက်လျောနိုင်မည့် ယုံကြည်ထိုက်သူကို တကယ်လေ့လာသေချာပြီဆိုမှ ညီမလေးကို ထည့်ပေးလိုက်နိုင်မည်။

နူးညံ့ယုံလွယ်လွန်းတဲ့သူလေးမို့ပါ။

ကျောင်းမတက်နိုင်းတော့သည့် လုပ်ရပ်အတွက်လည်း မာမိက ဆိုးသည်ကောင်းသည် ဘာမှမပြော။

"သမီးဒယ်ဒီသိရင်တော့ စိတ်ကောင်းမှာမဟုတ်ဘူး"

ဆိုတာလောက်ပဲ ပြောသည်။

ဒါတောင် လေဆိပ်ကိုဆင်းကာနီးတော့ . . .

"သမီးငယ်နော်. . . မမစကားကို နားထောင်" ဟု ထပ်မှာသွားသေးသည်။

ဒယ်ဒီကတော့ စီးပွားရေးကို ဝါသနာလည်းကြီးသည်။ ကြိုးလည်းကြိုးစားသည်။

သျှန်တို့ညီအစ်မ အရွယ်လေးတွေရလာမှ ပို၍ပင် ကြိုးစား





လာ၏။

"ကိုယ်ကလမ်းပြမှ ကိုယ့်သမီးတွေ ကြီးပွားချမ်းသာချင်တဲ့ စိတ်တွေရှိလာမှာပေါ့။ ပညာသင်တာကသပ်သပ်၊ ကြီးပွားချမ်းသာဖို့ လမ်းကြောင်းက သပ်သပ်၊ လူဆိုတာ အမြဲကြိုးစားနေမှ"

ဒယ်ဒီ နောက်ပိုင်းမှာ အိမ်ကပ်သည်ပင်သိပ်မရှိ။

အိမ်မှာ မိသားစုဆုံဖြစ်ကြတာ နည်းပါးလာခဲ့၏။

ဒါပေမဲ့ စုစည်းမိသည့်အခါတိုင်း မာမီနဲ့ဒယ်ဒီ ရှာဖွေအောင်မြင်ကြတာချင်းပြိုင်။

စကားနိုင်လုနှင့် ပထမတော့ ရန်ပဲဖြစ်တော့မလိုလို။

နောက်တော့ ရယ်မောဖြစ်ကြ စနောက်ကြနှင့် ပျော်စရာလေးတွေဖြစ်ကုန်၏။

ဒယ်ဒီဟာ ကျော်ကြားသလောက် စိတ်ဓါတ် စာရိတ္တ အလွန်ကောင်းပါ၏။

မာမီ့ကိုလည်း ချစ်သည်။

သျှန်တို့ညီအစ်မကိုလည်း ဂရုစိုက်၏။

ဒယ်ဒီကြိုးစားတာကို အားကျခဲ့သည့်သျှန်သည်လည်း ဒယ်ဒီ့လိုအောင်မြင်ဖို့ ကျားကုတ်ကျားခဲ ကြိုးစားနေခဲ့မိသည်။

"စက်မှုဇုံမှာမထိုင်နဲ့ သမီး၊ သမီးယူထားတဲ့ဘွဲ့နဲ့ ဒီလုပ်ငန်းကို သမီး ကျွမ်းကျင်မှာမဟုတ်ဘူး"

"ဒီဘွဲ့မျိုးမရခဲ့ပေမယ့် သမီး ဝါသနာပါပါတယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ့လုပ်ငန်းတွေထဲမှာ ဒါပဲ ကြီးကြီးမားမားရှိတာ''

''ငါ့သမီးက စမှန်းကတည်းက အမြင့်ကိုမှန်းတာကို''

ဒယ်ဒီက သဘောတကျ ရယ်ခဲ့သေးသည်။

ပြီးတော့ ကိုယ်တိုင် ကြုပ်မတ်သင်ကြားပေးသည်။

သျှန်နဲ့အတူ အချိန်တွေပေးကာ သားအဘနှစ်ယောက် လုပ်ငန်းခွင်ဝင်ခဲ့၏။ မျက်နှာလွှဲရလောက်ပြီဆိုမှ ဘေးကို ခွဲထွက်သွားတာဖြစ်သည်။

ဒါတောင် သျှန့်ဘေးမှာ စိတ်ချလောက်သည့်ပညာရှင်တွေ လူယုံတွေနှင့် ဝိုင်းဝိုင်းလည်အောင် စီမံပေးခဲ့၏။

မိဘကျေးဇူးတို့ကို ပြန်လည်အောင့်မေ့ရင်း ညီမလေးကို သတိရလိုက်မိသည်။

သူမလေးကကော 'မမက ငါ့ကိုချစ်လို့ပါလား' ဆိုတာမျိုး တွေးမိရဲ့လား။

ကိုယ့်စိတ်ကူးများနှင့် ထိုင်နေကျတီးစင်တာလေးရှေ့ရောက်တော့ မဆုံးဖြတ်ရသေးမီ ကားကို ရပ်ပစ်လိုက်မိ၏။

ခပ်လှမ်းလှမ်းသစ်ပင်ရိပ်မှာ ကားကို သေချာရပ်ပစ်ခဲ့ပြီး လက်ကိုင်အိတ်ကိုကိုင်၍ ဆိုင်ဘက်ထွက်ခဲ့၏။

ထိုစဉ် ရှေ့မှလျှောက်လာသူနှစ်ယောက်သည် ဘေးထွက်ရှောင်တိမ်းသွားသည်မဟုတ်ဘဲ တစ်ယောက်က ပခုံးတစ်ခြမ်းချင်း ပစ်တိုက်သွား၏။





''အား''

သျှန် လက်ကိုင်အိတ်လည်း လွတ်ကျသွားသည်။

လူလည်း နောက်ပြန်လန်ကာ ခြေနှစ်လှမ်းခန့် ယိမ်းယိုင်သွားခဲ့၏။

''ဟာ. . . ဆောရီးနော်. . . ညီမ. . . ဆောရီး''

''အို. . . ဖယ်ပါ''

တွဲကိုင်တော့မတတ် အနားကပ်လာသည့် တစ်ယောက်၏ လက်တို့မှ လွတ်အောင် နောက်ကိုထပ်ဆုတ်၍ သျှန်က ပုတ်ထုတ်ပစ်၏။

ထိုလူကလည်း အားနာသွားဟန်နှင့် လက်ကို ချက်ချင်း ပြန်ရုတ်ကာ တောင်းပန်နေသေးသည်။

''ပြဿနာတစ်ခုရှိနေလို့ပြောလာရင်း တိုက်မိသွားတာပါ၊ တောင်းပန်းပါတယ်ညီမရယ်. . . နော်''

''ရော့''

ကိုယ့်အိတ်ကို တစ်ယောက်ကလာပေးမှပဲ သတိရမိသည့်အဖြစ်။

အိတ်ကို သျှန် ဆတ်ခနဲဆွဲယူကာ ဆိုင်ထဲကိုပဲ ခပ်သုတ်သုတ်ဝင်ခဲ့မိသည်။

သူတို့ကပဲ အိုက်တင်ကောင်း၍လား. . .

ကိုယ်ကပဲ ညံ့နေလားတော့မသိ။



www.burmeseclassic.com

www.burmeseclassic.com



တမင် ဗရုတ်ကျ၍ ဝင်တိုက်လိုက်ခြင်းကို သိလိုက်ပေမယ့် ကောင်းကောင်းမွန်မွန် တောင်းပန်နေတော့လည်း ဆက်မပြောချင်။

သို့သော်၊ လွတ်နေသည့်စားပွဲတစ်လုံးမှာ ထိုင်မလိုဖြစ်ပြီးမှ စိုးဟ်ထဲမှာ လက်ကိုင်အိတ်ကိုပြန်ပေးသည့်လူ၏ မျက်လုံးတို့က ရိုတီတီ။

သျှန် လက်ကိုင်အိတ်ကို ကမန်းကတန်း ဖွင့်ကြည့်လိုက်မိ၏။

"ဟင်"

"အိတ်ထဲမှာ ဘာမှမရှိ။

ထိုထက်ပိုဆိုးသည်က အရေးကြီးသောစာချုပ်တစ်စောင်နှင့် ကားသော့မရှိတော့ခြင်းပင်။

သူမ ကားသော့ကို လက်ကိုင်အိတ်ထဲဖွင့်ထည့်လိုက်တာ မှန်သည်။ ဘယ်အကန့်ထဲ ဝင်သွားမှန်းမသိ။

အထဲကဇစ်သုံးခုကို အချိန်ပြည့် သုံးခုလုံးပိတ်ထားတာ မဟုတ်။

ဖွင့်ထားသည့်အကန့်ဟာ ငွေရှိသည့်အကန့်ပဲဖြစ်နေကာ ကားသော့က ညပ်ပါသွားခဲ့တာဖြစ်မည်။

ပြီးတော့ စာချုပ်။

သျှန် လက်တွေပင်တုန်လာသည်။

ငွေကိုမက်၍ ကမန်းကတန်းယူသွားသည့်လူက စုပြုံဆွဲချသွားတာပေမယ့် သူမအတွက် ငွေထက်အရေးကြီးတာတွေပါသွားသောအဖြစ်က ဆိုးဝါးလှသည်။





သျှန် လက်ကိုင်အိတ်ကိုဆုပ်ကိုင်ရင်း ဆိုင်ပြင်သို့ ကမန်းကတန်းပြေးထွက်ခဲ့မိသည်။

မဖြစ်နိုင်မှန်းသိပေမယ့် တွေ့များတွေ့ဦးမလားဟု မျှော်လင့်မိ၏။

'ငွေကိုယူသွားပါ၊ ကားသော့နဲ့စာချုပ်ကိုတော့ ပြန်ပေးပါ' ဟု တောင်းပန်ရပါစေ။

သို့သော် . . .

"ဟာ"

ဆိုင်အဝင်ဝနားကစားပွဲမှ ထရပ်လိုက်သူတစ်ယောက် ပခုံးစွန်းနှင့် သူမပခုံးလေး ထိခတ်မိသွားသည်။

ဘောင်းဘီအိတ်ထဲသည့် သူ့မျက်နှာကတော့ ထူးခြားအံ့သြဟန်မရှိ။ သူကပဲ စပြီး ဖျတ်ခနဲမျက်နှာလွှဲသည်။

ဘောင်းဘီတ်ထဲက ပိုက်ဆံအိတ်နှိုက်နေတာအထိ ကြည့်နေပြီးမှ . . .

"ဘယ်ကိုပဲလှမ်းကြည့်ကြည့် ထိုလူနှစ်ယောက်၏ အရိပ်အယောင်ကိုမျှ မမြင်ရတော့ပါ။

လုပ်စားနေကျမို့ ထင်ပါသည်။

နှစ်ယောက်လှုပ်ရှားသွားကြတာ တကယ့်ပိပိရိရိ။

တစ်ယောက်က ပိုက်ဆံအိတ်ဖင်တန်းမှာ တစ်ယောက်က ကိုယ်နှင့်ပိတ်ကွယ်၍ ကျကျနန တောင်းပန်သွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ထူပူနေတာတွေ ပြေကျသွားတော့ ဒေါသက ထောင်း
ဖြစ်သွားသည်။

ဒါဟာ မိန်းမတစ်ယောက်၏ ပျော့ညံ့မှုပဲဖြစ်၏။

တိုးတိုက်ပစ်လိုက်ခြင်းခံရကာ ကိုယ့်ကိုယ်ကို ထိခိုက်ပ
ခတ်မခံရအောင် ကာကွယ်နေရသဖြင့် အိတ်ကို ရုတ်တရက်သ
မရ။

ဒီနေရာဟာ လမ်းမကြီးပေါ်ကနေ သပ်သပ်ဖွဲ့ဝင်လာရသည့်
နေရာ။

ကားငှားဖို့အတွက် လမ်းမဆီပြန်တက်ရမည်။

ကားကိုအပ်ခဲ့ဖို့အတွက် ဆိုင်ထဲပြန်ဝင်၍ ပိုင်ရှင် သို့မဟုတ်
တစ်ယောက်ယောက်ကို ရှာရဦးမည်။

ပြဿနာက မသေးပါ။

သျှန် အကြံအိုက်သွား၏။

ကားကိုလည်း မထားခဲ့ချင်။

ထားခဲ့ဖို့အတွက် ကားအပ်ဖို့ကြိုးစားရမှာက ပိုဆိုး၏။

ဒီတိုင်းကြီးထားခဲ့ဖို့က ဘယ်လိုမှ စိတ်ချလို့မရ။

အိမ်ကို ဖုန်းလှမ်းဆက်ပြီးစောင့်ဖို့ကော။

မှန်တံခါးတွေတပ်ထားသည့်ဆိုင်ရှေ့မှာ ဒီတိုင်း ထင်းထ
ကြီးရပ်နေရမှာက မဖြစ်နိုင်။

(ဖျူးစာပေ)



အပြင်ကနေ သူတို့ကိုမမြင်နိုင်ပေမယ့် သူတို့ကတော့
ကိုယ့်ကိုမြင်နေလိမ့်မည်။

ထိုစဉ် ဆိုင်ထဲကထွက်လာသည့်သူ့ကို လှမ်းမြင်လိုက်၏။

အထက်စီး

နာမည်ကို သတိတရပြန်ရွတ်မိရင်း တစ်ခုခုပြောဖို့ ပါးစပ်
ဖွင့်မိသည်။

သူနဲ့ကိုယ် စကားပြောအဆင်မပြေသော်လည်း လောလော
ဆယ် ရန်ဖြစ်ရသည်က ပို၍ လုံခြုံမှုရှိနိုင်သည်။

သျှန် တွေခနဲဖြစ်သွားပြီးမှ ပင့်သက်တစ်ချက် ရှူသွင်းလိုက်
ပြီး . . .

"ဒီမှာ. . ."

စီးက မော့မကြည့်ပါ။

နီးနီးလေးပဲရှိတော့တာမို့ မကြားတာတော့ မဖြစ်နိုင်။

နေပစေ. . .

"ဒီမှာ"

သျှန်က သူ့ရှေ့ကပိတ်ရပ်၍ ထပ်ခေါ်လိုက်၏။

"ဘာလဲ"

ထူးပုံက ခပ်ဆောင့်ဆောင့်။

ယောက်ျားဖြစ်ပြီး မိန်းမတစ်ယောက်၏ စတင်လိုက်လျော
အပေါ် ကျေနပ်ပျော်ဝင်သွားပုံမျိုးလည်း မရှိ။

(ဖျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးအစုံနှင့် စေ့ပိတ်နေသောနှုတ်ခမ်းပါးတို့က အငြိ တကြီးရှိလျက် စူးရှုးရဲရဲဖြစ်နေသည်။

ကျောက်စိမ်းရောင်ရင့်ရင့် လည်ပင်ဟိုက်ပခုံးချိတ်နှင့် ရင်တွ ပါသော ခပ်ပွပွဂါဝန်က ပွပွကြီးမဟုတ်ဘဲ ခြေဖျားထိ ကပ်ကပ်လေ ဆင်းကျနေ၏။

အပေါ်က အစိမ်းဖျော့လက်စက အလွှာပါးလေးတစ်ထ ကို ထပ်ဝတ်ထားသဖြင့် အင်္ကျီကလည်ပင်းဟိုက်ပေမယ့် သိပ်မရို

ပခုံးချိတ်လေးသာရှိသော်လည်း ထင်ထင်ရှင်းရှင်းကြီး မနေ။

သူမသည် အရောင်နုနုကို ဝတ်ထားတာသိပ်မတွေ့ရ လည်ဟိုက်လက်ပြတ်တွေပဲ အတော်များများဝတ်ကာ အရောင် အပေါ်လွှာပါးတစ်ထည်ကိုတော့ အမြဲ ဝတ်ထားတတ်ပြန်သည်။

နီးနီးလေးမှာ မျက်နှာချင်းဆိုင်ရပ်ကာ တစ်ယောက် တစ်ယောက် စူးစိုက်ကြည့်မိကြခြင်းသည် ဒါ ပထမဆုံး။

ဆုံဖြစ်ခဲ့ကြသော အကြိမ်များစွာအနက်မှာ ခနဲ့ကြရှုံ့ကြ မကြာခဏဖြစ်ပေမယ့် ခုလောက်တော့ ကြာရှည်စွာ ရင်ဆိုင်မ ဘူးကြ။

သူကြည့်သလောက်ကို သျှန်ကလည်းပြန်ကြည့်သည်။

သူမကပဲ စတင်၍. . .

"ကျွန်မကို တစ်ခုလောက်ကူညီပါ"





"မကူညီနိုင်ဘူး"

သူက ပြတ်သည်။

တစ်ခွန်းတည်းပြော၍ ခြေလှမ်းပြင်၏။

"ဒီမှာ. . . ရှင် ယောကျ်ားဖြစ်ပြီး ဒီလောက်တောင် အငြိုး ကြီးတတ်နေရသလား"

"ဟုတ်တယ်. . . ညစ်ချင်ပတ်ချင်တဲ့ဥာဉ်ရှိတယ်၊ မင်း ှောင်နိုင်အောင်ကြိုပြောထားတာ၊ ပါးကိုက်ရင် နားကိုက်ချင်တယ်၊ ာဒင်ဆို ကိုယ်ကဒေါင်ပဲ"

မျက်နှာကိုစူးစိုက်ကြည့်၍ တမင်ပြောချနေတာကိုကြည့်ကာ သျှန် နှုတ်ခမ်းလေးကိုက်၏။

ဟုတ်မှာပါ။ ဒီလိုလူမျိုး ဒီစိတ်ရှိမှာပါပဲ။

ဒါပေမဲ့ အဲဒီလိုပြောရဲတဲ့လူကို သျှန် ဂရုမစိုက်။

"နေဦး"

သူ့ဘေးမှာလိုက်ရပ်လိုက်ပြီး သျှန်က နောက်ထပ်တား၏။

"ရှင်နဲ့ကျွန်မ အတို့အလုည်တွေ နောက်မှစာရင်းရှင်းကြ ပေါ့၊ ဟန်းဖုန်းခဏလောက်ငှားပါ"

"ဘက်ထရီဒေါင်းနေတယ်"

စိပိတ်ထားသည်မဟုတ်သော နှုတ်ခမ်းစေ့ထားပုံကိုကြည့်၍ တမင်ညစ်တာမှန်း သျှန် သိလိုက်၏။

သျှန် ပါးပြင်လေးနှစ်ဖက် ရဲတက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . .

"ဒါဆို လမ်းထိပ်ရောက်ရင် ကားတစ်စီးလောက်လွှတ်ပေ စမ်းပါ"

"ရောက်မှာမဟုတ်ဘူး"

"ပြီးရော. . . ပြီးရော၊ သွား. . . ရှင်သွားတော့. . . ဟွန်း"

သျှန် သူ့ရှေ့ကနေ ချာခနဲအလှည့်မှာ မျက်ရည်တွေ တက်လာတာ အံ့ဩစရာပဲဖြစ်သည်။

ရှက်သော ခံပြင်းသောမျက်ရည်တို့က မာနကြောင့်ပဲထ သည်။

ဒုက္ခရောက်နေသည့် မိန်းကလေးတစ်ယောက်ကို ဒီလို လှ ပစ်ပညာပြသွားနိုင်တာ နည်းနည်းနောနော ဥပေက္ခာမဟုတ်။

ကောင်းပါတယ်။ ကျွန်မ ပညာပိုရတာပေါ့။

ထိုစဉ် သူမကျောနောက်မှ အရိပ်တစ်ခုကပ်ပါလာသည်။

နှာခေါင်းထဲမှာ ကိုယ်သင်းနံ့တစ်မျိုးက နောက်ထပ်ရော ၏။

"မင်းခေါင်းကဆံထိုး ခဏပေး"

နေပစေတော့လို့ အော်ထုတ်ပစ်လိုက်ချင်သည်။

ဒါပေမဲ့ လောလောဆယ် ကိုယ့်မှာ အကမ်းအလှမ်းကမ

သျှန် ခေါင်းကဆံထိုးကို ဖြုတ်ပေးလိုက်သည်။

တကယ်တော့ ဆံထိုးမဟုတ်ပါ။ ခေါက်ကလစ်ကလေး





ည်။

သူက ဆံထိုးကိုယူကာ ကားတံခါးကိုဖွင့်သည်။

ထိုအခါ ဘယ်လိုလုပ်ပစ်လိုက်မှန်းမသိသော ဆံထိုးက သူ့ က်ထဲမှာ တစ်စစီဖြစ်သွားခဲ့၏။

ကားတံခါးလည်း ပွင့်သွားသည်။

ပြီးတော့ သူ ခြေတစ်ဖက်အောက်ချလျက်နှင့် ကားထဲကို ိုယ်တစ်ခြမ်းတိမ်းပစ်ကာ ဘာတွေလုပ်နေမှန်းမသိ။

တအောင့်ကြာတော့ ပြန်ထွက်လာပြီး . . .

"မောင်းလို့ရပြီ"

သျှန်က ကားသော့အလုခံလိုက်ရတာကို ရှင်မြင်လိုက်တယ် ား"

"မြင်သားပဲ"

ကျေးဇူးတင်ဖို့မေ့သွားသည်။

ဒေါသက ထောင်းခနဲဖြစ်၏။

သို့သော် မဲ့ပြုံးတစ်ခုသာ မျက်နှာမှာဖြစ်လျက် သျှန် ကား ဆောင့်အောင့်တက်သည်။

တံခါးကိုဆွဲပိတ်လိုက်ပြီးမှ ကျောခိုင်းသွားသည့်သူ့ကို လှမ်း ည့်ကာ . . .

"ဒီမှာ ကျေးဇူးအတင်ခံချင်တယ်ဆိုရင် တင်တယ်၊ မလိုဘူး ရင်လည်း လုံးဝမတင်ဘူး၊ နောက်နောင် မျက်စိရှေ့မှာတွေ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မကျညီမိအောင် ရှင့်အတွက် နာစရာနောက်တစ်ခုပေါ့"

ပခုံးစွန်းတစ်ဖက်မှာ မေးဖျားကပ်လာသည်အထိ ငဲ့ကြည့်ကာ သူကလည်း ခပ်မဲ့မဲ့ပြုံးသည်။

ပြီးတော့ . . .

"ကောင်းတယ်"

ဟု မပွင့်တပွင့်ပြောလိုက်တာကို ကြား၏။

သျှန်မောင်းနှင်သောကားလေးက သူ့နံဘေးမှ မညင်သာသောပြေးနှုန်းဖြင့် ဖြတ်သန်းလေသည်။

တိုက်ဆိုင်စွာ ဆုံဆည်းသွားသည်က နောက်ကြည့်မှန်ထဲမှ မျက်ဝန်းနှစ်စုံ။

❀ ❀ ❀



## အခန်း (၁၀)

သူ့မေးခွန်းကို ချက်ချင်းမဖြေနိုင်ဘဲ ကြီးကြီးစကားတွေ ဆစ်ငေါ့နေသည်။

နောက်တော့ ညီအခန်းထဲကို ချာခနဲပြန်ပြေးဝင်ပြီးထွက် လာတော့ လက်ထဲမှာ စာတစ်စောင်ပါလာ၏။

"ဒီစာကိုဖတ်ကြည့်ပါဦး လူလေးရယ်၊ ကြီးကြီးလည်း မသိ တော့ဘူး"

စီး ရင်တွေပူသွားသည်။

တစ်စုံတစ်ခုဆိုတာကို တွေးလိုက်မိကာ လုံးဝလက်မခံနိုင် သောစိတ်နှင့် စာကို ချက်ချင်းဖွင့်ဖတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



*ကို*

*စံ ဘယ်လိုမှ အပြင်ထွက်လို့မရတော့ဘူး ××× မန္တလေးမှာ ကျောင်းသွားတက်ဖို့ အားလုံးစီစဉ်နေကြပြီ ××× စံ ရန်ကုန်ကမထွက်ရသေးခင် ကိုနဲ့ တွေ့ပါရစေနော် ×××*

*စံ*

"တောက်. . . အလကားအပိုတွေ"

ဒေါသနှင့် စာကို လုံးထွေးလွှင့်ပစ်လိုက်မိသည်။

"ညီ. . . ဘယ်အချိန်ကတည်းက ထွက်သွားတာလဲ"

"ညနေ ငါးနာရီလောက်ကတည်းက ထွက်သွားတာသားရဲ့၊ ရေမိုးချိုးပြီး ဘောင်းဘီအိတ်ထဲ ပိုက်ဆံတွေ ထိုးသိပ်ထည့်နေတာ မြင်လို့မေးတော့ သူငယ်ချင်းတွေနဲ့ မုန့်ထွက်စားမလို့တဲ့ အဲဒီကတည်းက ထွက်သွားလိုက်တာ ခုထိ ဖုန်းလည်းမဆက်ဘူး၊ လာလည်းမလာတော့ဘူး၊ သားရောက်လာတာ အံကိုက်ပဲကွယ်၊ ကြီးကြီးတစ်ယောက်တည်း ဘာလုပ်ရမှန်းမသိဘူးဖြစ်နေတော့"

နာရီကိုကြည့်တော့ ညကိုးနာရီထိုးဖို့ ဆယ်မိနစ်သာလိုတော့သည်။

ဘာအကြောင်းမှမဟုတ်ဘဲ စိတ်ထဲမှာ သတိတရတွေဖြစ်ရင်း သူ့ညီဆီ တမင်ဝင်လာခဲ့ခြင်းဖြစ်သည်။

ညီအစ်ကိုမို့ စိတ်က ဆက်သွယ်နေခဲ့သည်ထင်သည်။





ညီ တစ်ခုခုများဖြစ်နေပြီလား။

ကောင်မလေးကို မန္တလေးပို့ပစ်ဖို့တောင် လုပ်နေပြီဆိုတော့ ညီနဲ့ကို လုံးဝသဘောမတူဘူးဆိုတာ ထင်ရှားနေ၏။

ဒါဆို. . . ညီမှာ အန္တရာယ်ရှိနေပါပြီ။

သူ ခြံထဲပြေးဆင်းခဲ့သည်။

သူနဲ့ညီအတွက် တစ်စီးစီထားပေးခဲ့သော သူ တစ်ခါမှပင် အနားသွားမရပ်ကြည့်ခဲ့ဘူးသည့်ကားဆီသွားကာ မောင်းထွက်လာခဲ့မိသည်။

ကားလေးက ညအမှောင်နှင့် လမ်းဘေးမီးတိုင်တို့၏ ကျိုးတိုးကျဲတဲအလင်းရောင်များကြားမှာ တဟဲဟဲပြေးနေ၏။

'မိုးအထက်'ကို သွားမယ်ဟုတ်လား၊ ဘာလဲ အိမ်ကိုလား ဘာကိုလား"

မိုးအထက်မိသားစု ဘယ်မှာနေလဲဆိုတာ စဉ်းစားကြည့်လိုက်တော့ ထွန်းထွန်းစကားတွေကို သတိရလာသည်။

သူအလုပ်အတွက် အင်တာဗျူးသွားမယ်ပြောတုန်းက ထွန်းထွန်း တားဆီးခဲ့ဖူး၏။

"အိမ်ကို ငါက ဘာသွားလုပ်ရမှာလဲ၊ စက်မှုဇုံမှာ အလုပ်သွင်းမလို့"

"သိဘူးလေကွာ မင်းလည်း ရာဇဝင်ဟောင်းလေးတွေကို ပြန်ဝင်စားနေပြီလားလို့၊ ရွှေတောင်ကြားထိပ်မှာ 'မိုးအထက်' ခြံကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လေ၊ အဲဒီကအုတ်ခုံဖြူဖြူလေးမှာ ဂစ်တာခေါက်တုန်း အသည်းကြွေသွားကြတဲ့ရာဇဝင်တွေ"

"ဘာတွေလဲ အပိုတွေလာပြောမနေနဲ့၊ မိန်းမဆို 'မ'ဂဏန်းနဲ့တောင်ကံမစမ်းခဲ့ဘူး"

"လွန်လွန်းရင် အထိနာတတ်တယ်"

ထွန်းထွန်း ရိခဲ့သေးသည်။

ဤနည်းအားဖြင့် သူ 'မိုးအထက်'ကို သူသိထားခဲ့တာဖြစ်သည်။

သို့ပေမယ့် အတိအကျတော့မဟုတ်။

ကားကို ရွှေတောင်ကြားဘက်သို့လှည့်၍ အရှိန်အနည်းငယ်ထပ်မြှင့်လိုက်၏။ ထိုစဉ်. . .

ရှေ့မှ တလကြမ်းမောင်းနှင်လာသည့် ကားတစ်စီးကို လှမ်းမြင်လိုက်ရသည်။ မီးရောင်တွေအောက်မှ ဖြတ်ပြေးလာတာကို မြင်ရသော်လည်း မီးလုံးများမှလွဲ၍ ဘာရောင်ဆိုတာကိုမမြင်ရ။

သူ သိလိုက်သည်။ ဒါ ညီမောင်းသည့် မာစီဒီးအနက်။

ပို၍သေချာသည်က ကားပေါ်မှာ ကောင်မလေးပါလာပြီ။

နောက်ကြောင်းမှ ကားတစ်စီး ထပ်ကြပ်မကွာပါလာပုံကလည်း တလကြမ်း။ ကားကို ဦးတည်ချက်ပြောင်းကာ မာစီဒီးရှိရာသို့ ဦးတည်လိုက်၏။ ဟိုတုန်းက မကြာခဏကားပြိုင်မောင်းခဲ့ဖူးကာ ညီအစ်ကိုချင်းသာသိကြသော အချက်ပြခြင်းဖြင့်စီးက ကားမီး





ကို ကစားလိုက်သည်။

မာစီဒီးနှင့် ခေါင်းချင်းဆိုင်မိလျှင် နှစ်စီးလုံးရပ်သွားကြ၏။

"ကိုကို. . ."

ကားထဲကမီးရောင် ဝင်းခနဲထိန်သွားသည်။

အထဲမှာ ဆံပင်ကျော့လယ်ခန့်ရှိသော မိန်းကလေးတစ်ယောက်နှင့် ညီကို သူလှမ်းမြင်လိုက်၏။

"ကိုကို. . . ညီ မိန်းမခိုးလာခဲ့ပြီ"

ညီကမျက်နှာငယ်လေးနှင့် တောင်းပန်ဖို့ကြိုးစားရင်း နောက်ကကားကိုလည်း စိုးရိမ်တကြီးလှည့်ကြည့်၏။

"ညီ. . . မင်းဘယ်မှမသွားနဲ့၊ အိမ်ကိုပဲမောင်း"

"ကိုကို"

"မြန်မြန်သွား"

စီးက ကားကို ဝေါခနဲကွေ့ရှောင်ကာ ဖြတ်တက်သွား၏။

ညီချက်ချင်းမောင်းထွက်သွားသည်။

နောက်ကလိုက်လာသည့်ကားက စီးကားကို ရှောင်ဖို့ကြိုးစားသည်။

စီးက ကားနောက်မြီးကိုပတ်ခါ၍ ဘောင်ဒီချင်းချိတ်ပစ်လိုက်၏

"ဟာ"

"ဂျိုး"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်ကကား သေလုမျောပါးရှောင်၏။

သို့သော် ကပ်ငြိသွားသည်ကတော့ ငြိသွားသည်ပဲဖြစ်၏။

ကားနှစ်စီးလုံးခါထွက်သွားကာ လမ်းဘေးသို့ ယိမ်းထိုးဆင်းသွားကြသည်။

"ဟော့လူ. . . ခင်ဗျား ဘာလုပ်တာလဲ"

"ဘာမှမလုပ်ဘူး ဒီမှာ စီယာရင်ချောင်နေလို့၊ ဖြစ်ကြတာချင်းအတူတူ လာမဟောက်နဲ့"

"တောက်"

တစ်ဘက်ကကားပေါ်မှာ လူတွေ လေးငါးယောက်။

"ဖိုးတုတ် စကားမများနဲ့တော့၊ ကားကိုပြန်ဆွဲတင်၊ မြန်မြန်လိုက်"

အသံခပ်ကြီးကြီး အမျိုးသမီးကြီးတစ်ယောက်၏ ပြောသံကိုကြားရသည်။

ကားကိုစက်နှိုးနေ၏။

သို့သော် လမ်းပေါ်ကို ရုတ်တရက် ပြန်မတက်နိုင်သေးဘဲ. . .

"သရီးပီယာက ချော်နေတယ်၊ ရှေ့ဘီးတစ်ဘက် ချိုင့်ထဲကျနေတာတက်လို့မရဘူး"

"တောက်"

သူတို့ အတော်ကြီးကြာမှ လမ်းပေါ်ပြန်ရောက်သွားကြသည်။





ခုချိန်ထိတော့ ကံကြမ္မာကကိုယ့်ဘက်မှာ။

စီး ကားပေါ်ပြန်တက်မောင်းခဲ့တော့ မျက်ခုံးနှစ်ဖက်က အလိုမကျစွာတွန့်ကုတ်နေခဲ့၏။

ညီ ထင်ရာလုပ်လာတာကို သူ့မှာ အပြစ်မဆိုနိုင်အား။

တကယ်ဒုက္ခရောက်ပြီဆိုတော့ ဝင်ပါခဲ့ရပြန်သည်။

ရှေ့ဆက် ဘာတွေဆက်ဖြစ်လာဦးမည်မသိ။

မာနသျှန်ဆိုသော မိန်းမ၏မျက်နှာကို သတိရမိသည်။

သူတို့က ညီနဲ့ ဘာဖြစ်လို့သဘောမတူတာလဲ။

ဘယ်လိုကွာဟနေတာတွေ ရှိလို့လဲ။

ဘာ့ကြောင့်မှမဟုတ်ဘဲ ရည်းစားထားတာကိုပဲ လက်မခံနိုင်တာဆိုရင်တောင် ခေတ်ကာလ ခေတ်အမြင်နဲ့ကြည့်ဖို့ ကောင်းတယ်။

နိုင်မြဲသောအချစ်ကို ဘာနဲ့မှ တားဆီးလို့မရ။

မိုက်ရူးရဲချစ်တတ်သူတို့၏ မာနကပိုပြင်းသည်။

မလုပ်နဲ့ဆို ပိုလုပ်ချင်၏။

ရှားပါးလေ တန်ဖိုးကြီးလေ။

နေ့စဉ်တွေ့မြင်နေရသည့်ချစ်ခြင်းစိတ်နှင့် မတွေ့မမြင်ရသောအခါ ထွက်ပေါက်ရှာချင်လာတတ်သော အချစ်ဖန်ပူလောင်ပြင်းပြမှုမှာ တားဆီးခြင်းသည် မီးကိုကာသောဖယောင်းပဲ ဖြစ်၏။

ပြင်းပြင်းထန်ထန် တားမြစ်ချင်လာလျှင် နည်းနည်းတော့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လျှော့ပေးထားဖို့လိုမယ်ဆိုတာ သူတောင်မှသိနေလျှင် သင်းတို့ မသိဘူးလား။

ခုတော့ ကျုပ်လွန်း၍ ချောင်သွားရသည့်အဖြစ်။

ငယ်သူတို့၏ဆုံးဖြတ်ချက်တွေ မှားယွင်းကုန်ရတာ တချို့ အုပ်ထိန်းသူများ၏ ထိန်းကျောင်းမှုညံ့ဖျင်း၍သာ။

ဘာမှ ပြန်၍ပြင်ဆင်ခွင့်မရှိတော့သော ညအမှောင်ထဲမှာ သူမောင်းနှင်နေသည့်ကားသည် စောစောကလိုမဟုတ်တော့။ ကြိုးဆွဲသည့်အတိုင်း ကောက်ကောက်ပါမလာဘဲ စိတ်ကောက်၍ ခြေကန်ရင်းလေးဖင့်စွာလိုက်ပါနေသည့် ခွေးကလေးတစ်ကောင်လို. . .။

❀ ❀ ❀



## အခန်း (၁၁)

"သားကြီးကဘယ်မှာလဲ"

"ကိုကိုမလာဘူး ဖေဖေ"

"မလာလို့ရမလား၊ ဒီသားအဘသုံးယောက်ပဲရှိတာ၊ ဒီဘိုစွမှာ သုံးခေါင်းလုံးရှိမှဖြစ်မှာပေါ့"

ဖေဖေက ရောက်ရောက်ခြင်း ကိုကို့ကိုမေး၏။

ပြီးတော့ စုံကိုကြည့်၍. . .

"ပြောပါဦးသမီးရယ်. . . သမီးမိဘများက သားနဲ့ သဘောတူရတဲ့အကြောင်း"

ကို့ရဲ့ဖေဖေဆိုသော နှမျိုးချော[illegible]ည့် မဟာနုပ်ူး ဘွယ်ကျယ် အရပ်မြင့်မြင့်နှင့် အသားဖြူသောလူကြီးကို စုံ မော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိသည်။

ချောမောသန့်ပြန့်သည့်ရုပ်သွင်ရှိသလောက် အပြောအဆို လည်း နူးညံ့ပါသည်။ စည်းစိမ်ခမ်းနားဖြင့် တစ်သက်တာလုံး မကြောင့်မကြနေလာခဲ့ရသူမှန်းလည်း သိသာလှသည်။

ကို့ကျမှ အသားညိုနေတာ ဘာ့ကြောင့်လဲဟု ဖျတ်ခနဲ တွေးလိုက်မိသေး၏။ ကိုဟာ နူးညံ့ပြုံးချိုနေတတ်သည့် မျက်နှာ ချောချောနှင့်ပေမယ့် အဖေဖြစ်သူလောက် မချောတာတော့ သေချာ ပါ၏။

"ပြော. . . သမီး။ ဘာမှအားနာငဲ့ညှာမနေနဲ့၊ ဖေဖေတို့က သားရှင်၊ မိန်းကလေးဘက်က တောင်းဆိုသမျှအားလုံး ဖြစ်စေရမယ့် သူ၊ ဘယ်လိုမှသဘောမတူနိုင်ပါဘူးဆိုတာမျိုး ဖြစ်လာရင်တော့ တစ်မျိုးပေါ့"

နောက်ထပ်မေးတော့ စံ မျက်နှာလေးပျက်သွား၏။

လက်ဖဝါးကိုဆုပ်ကိုင်ထားသည့် ကို့လက်ကို ကျန်သည့် လက်တစ်ဖက်နှင့် ထပ်အုပ်ဆုပ်ကိုင်လိုက်မိတာ အားကိုးတကြီး။

အေးစက်နေသည့် စံ့လက်ဖဝါးလေးကို ဖျစ်ဆုပ်ပြီး အဘ လေးက နားလည်၏။

"ဒီလိုဖေဖေ၊ သူ့ဒယ်ဒီက လောလောဆယ်နိုင်ငံခြားမှာ ဒီမှာ သူ့မာမီနဲ့အစ်မတစ်ယောက်ပဲရှိတယ်"

"ဟုတ်ပြီလေ၊ ဒါကိုဖေဖေသိတယ်၊ သူ မင်္ဂလာကို...



ပြော၊ သားငယ် ဒီမှာ ဒီလိုလုပ်လိုက်ပြီဆိုတာကို သတင်းရတာနဲ့ ဖေဖေ ရန်ကုန်ကိုဆင်းလာခဲ့တာ၊ မိုက်လိုက်တာလို့ပြောမလို့ အား တော့ခဲလာခဲ့တာပဲ၊ ဒါပေမဲ့ ဒီရောက်တော့ သားကိုချစ်ခင်စုံမက်လို့ သားနဲ့အတူလက်တွဲပြီး မိုက်ရဲခဲ့တဲ့မိန်းကလေးကိုမြင်ပြီး ဖေဖေ ပြောရက်တော့ဘူး"

ဦးဝဏ္ဏက စံ့ကို စူးစိုက်ကြည့်၍ ဆိုဖာမှာခပ်ဖြည်းဖြည်း ထိုင်သည်။

"မိုက်ကြတာမှန်ပေမယ့် ဒါ ပြန်ပြီးပြုပြင်လို့ရတော့မှာမှ မဟုတ်ဘဲ၊ သမီးတို့ဘက်ကလည်း ဒီတိုင်းပဲမြင်စေချင်တယ်၊ ဖေဖေ တို့ဘက်က သားရှင်၊ မိဘဝတ္တရား ကျေချင်တယ်၊ အထူးသဖြင့် ...မဆိုလည်းဟုတ်၊ သမီးလည်းဟုတ်နေပြီဆိုတော့ သမီးကိုလည်း ...ချမ်းသာစေချင်တယ်၊ ဖေဖေတို့ဘက်က တာဝန်ကျေချင်နေတာ ... သမီးတို့ဘက်က အထင်တစ်မျိုးနဲ့ မောက်မောက်မာမာတွေ ...လုပ်ထပ်ပြောလာရင်သာ အားလုံးစိတ်ညစ်စရာတွေ ဖြစ်ကုန်မှာ၊ ...သဘောနဲ့ပြောရရင် မိဘတို့ဝတ္တရားအတိုင်း စီရင်ပေးကြတဲ့ ... အဆောင်အယောင်ပကာသနတွေ ပြိုင်ကြဆိုင်ကြတာမျိုး မပါ ...ချင်ဘူး၊ လူကြီးတွေက မှန်းကြငြိုးကြ၊ ပြီးတော့ ကလေးက ...နာယယ်ရမယ်"

ဦးဝဏ္ဏပြောတာတွေကို စံနားလည်သည်။

ရန်ကုန်ကိုရောက်ကတည်းက မာမီတို့ဘက်က ခါးခါး...



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြတာတွေကို ကြားပြီးဖြစ်မှာပါ။

လူကြီးမို့မပြောပေမယ့် 'ညည်းတို့ချမ်းသာသလို ကျုပ်လည်း ချမ်းသာတာပဲ' 'ကျုပ်သားကို ကျုပ်လည်းနှမျောတာပဲ' 'ခွဲပစ်လိုက် စမ်းပါ၊ ကျုပ်ကသားရှင်၊ ဂရုမစိုက်ဘူး' စသော မာနမျိုးတွေလည်း ရင်ထဲမှာ ပြည့်နှက်နေလိမ့်မည်။

သို့ပေမယ့် သူမကိုလည်း ငဲ့ညှာလိုစိတ်ရှိနေသည်။

သူ့သားကိုလည်း အလိုလိုက်ချင်နေမည်။

ဦးဝဏ္ဏဆိုသည့်လူကြီး၏ သဘောထားကြီးမှုကို စံ နား လည်နေပါသည်။

မာမီတို့ဘက်က ဆိုးဝါးစွာပယ်ချနေကြသည့် အကြောင်း များကတော့ တင်းမာလွန်းပါ၏။

"လုံးဝသဘောမတူဘူး၊ သူ့ဟာသူ ဘာကောင်ဖြစ်ဖြစ် သဘောမပူဘူး၊ ကျွန်မညီမ လက်ထပ်တဲ့အဖြစ်ကို ကျွန်မ လက် မခံတာ"

မမက ခါးခါးသီး။

ဦးဝဏ္ဏက ရောက်ရောက်ချင်း ဖုန်းဖြင့်စေ့စပ်ခဲ့သည်။

မိန်းကလေးကိုပြန်အပ်ဖို့၊ ဖြစ်စေချင်တဲ့အတိုင်း ပြောဖို့၊

ဖုန်းချလိုက်ပြီးတော့ ဦးဝဏ္ဏမျက်နှာ မကြည်လင်ခဲ့။

"လုံးဝသဘောမတူဘူးဆိုတာ ဘာဖြစ်လို့လဲ"

ဟု တစ်ယောက်ယောက်ကို မေးသလိုမျိုးပြောခဲ့သည်။





"ပညာမစုံကြပေမယ့် လက်ထပ်သင့်တဲ့အရွယ်မဟုတ်ဘူး လို့တော့ ပြောလို့မရပါဘူး။ သမီးအစ်မက လက်ထပ်တာကိုပဲ ခါးခါး သီးသီးလက်မခံနိုင်တာ"

ဟု သူမမျက်နှာကိုကြည့်၍ ဝေဖန်ခဲ့သည်။

ဤမျှလောက် စကားဟလိုက်တာနှင့် မမ ဘာတွေပြော လိုက်ပြီကို စံသိလိုက်သည်။

ထို့ကြောင့် ဦးဝဏ္ဏဘာပြောပြော မျက်နှာပူနေမိသည်။

ဒီမှာ တစိမ်းတစ်ရံတွေလက်ထဲမှာ သူမရောက်နေခဲ့ပြီ။

ညီမလေး မျက်နှာငယ်နေရှာမလားလို့များ မမ မတွေးမိ ဘူးလား။

မာမီကကော စံ့ကို ဂရုမစိုက်တော့ဘူးလား။

စံ မျက်ရည်တွေဝေ့လာသည်။

မျက်တောင်များဖြင့် ပုတ်ခတ်တားဆီးနေမိစဉ် ချစ်သူကို အရိပ်တကြည့်ကြည့်ရှိနေသည့် အကဲက နားလည်စာနာမှုများနှင့်. . .

"စံက သူ့အစ်မနဲ့ လုံးဝမတူတဲ့သဘောရှိပါတယ် ဖေဖေ၊ သားကိုလည်းချစ်တယ်၊ သူ့အစ်မနဲ့ သူ့မာမီဘာပြောပြော ဖေဖေ စံ့ကို တစ်မျိုးမမြင်ပါနဲ့"

"ဖေဖေကနားလည်ပါတယ်၊ မိန်းကလေးအားမငယ်ဖို့ဘဲလို သား တစ်ဘက်နဲ့တစ်ဖက် ဖြစ်လာကြရင် ပုတ်ခတ်တဲ့စကားတွေ ပေါ်လာနိုင်တယ်၊ ဥပမာ ဖေဖေက ပြေလည်အောင်ညှိနှိုင်းဖို့ အခွင့်



www.burmeseclassic.com

www.burmeseclassic.com



ကုန်ကြိုးစားမယ်၊ တတ်နိုင်သမျှ သည်းခံမယ်၊ ဒါပေမဲ့ တစ်ဖက်က မလျှော့ခဲ့ဘူးဆိုရင် သူတို့ဖက်မှာ မိန်းကလေးရဲ့အစ်မရှိနေသလို ဖေဖေတို့ဘက်မှာ မင်းရဲ့အစ်ကိုရှိနေတယ်၊ လူကြီးချင်းကမဖြစ်သင့်တာမဖြစ်ရအောင် ထိန်းသိမ်းကြပေမယ့် လူငယ်ချင်းက သည်းခံကြမှာမဟုတ်ဘူး၊ သားကြီးရဲ့သဘောကို ဖေဖေသိတယ်၊ အခု ဖေဖေဦးဆောင်မှာပဲမို့လို့ သူရှောင်နေတာ၊ ဖေဖေ့လိုပဲ ဟောဒီမိန်းကလေးကိုငဲ့ညှာနေတာမျိုးပဲ ဖြစ်ချင်ဖြစ်မယ်၊ တစ်ဖက်က စကားတွေဒီ့ထက်လွန်ကျူးလာရင် သူငြိမ်နေမှာမဟုတ်ဘူး''

စံ ကို့မျက်နှာကိုပဲ မော့ကြည့်လိုက်မိသည်။

အိမ်ထောင်တစ်ခုတည်ဆောက်ဖို့မှာ ချစ်ကြတာနဲ့တင် မပြီးဘူးလား။

နှစ်ဘက်မိဘ ချမ်းသာပြည့်စုံနေရုံနှင့် မပြီးဘူးလား။

ယောက္ခမ ယောက်မ ခဲအို ခယ်မ

စသော အစွယ်အပွားတို့ဖြင့် ဤမျှ စိတ်ညစ်နေရဖို့တွေ ရှိသတဲ့လား။

စံတွက်ခဲ့သော အိမ်ထောင်ရေးထဲမှာ စံရယ် ကိုရယ် မမရဲ့ မာမီရယ် ကို့ဘက်က ဘယ်သူဘာညာဆိုတာကို လုံးဝမတွက်မိခဲ့။

အကဲက စံလက်ဖဝါးလေးကို တစ်ချက်ဖျစ်၍ ပြုံးပြသည်။

ပြီးတော့ ခေါင်းခါပြ၏။

သူ့အစ်ကိုဆိုတာကို ဂရုမစိုက်နဲ့ဆိုတဲ့သဘောလား။





စံ မယုံပါ။

နိုးပြေးခဲ့ကြသည့်နောက်နေ့မှာ 'ကိုကိုရောက်နေပြီ' ဟု ပြော၍ စံ့ကို အခန်းထဲကမထွက်နိုင်အောင် အစ်ကို့ကို ပျာပျာသလဲ ထွက်တွေ့ခဲ့သည်။

အကြာကြီးနေပြီးမှ ပြန်ဝင်လာပြီး သက်ပြင်းချသည်။

သူမ ဖွတ်မေးတော့မှ. . .

"စံနဲ့ပတ်သက်ပြီးပြောတာမဟုတ်ပါဘူး၊ ကိုယ်ပြောခဲ့သားပဲ၊ ကိုကိုနဲ့ စံအစ်မက ငြိထားခဲ့တာရှိပါတယ်လို့"

"ချစ်သူတွေဖြစ်ခဲ့ဖူးတာလားဟင်"

"အဲဒါတော့ ကိုယ်မသိဘူး၊ ဒါပေမဲ့ အခြေအနေမကောင်းဘာတော့သေချာတယ်၊ စံကို သူမလိုလားတာမဟုတ်ဘူး၊ မာနသျှင်ညီမဖြစ်နေတာကို ဖယ်ထုတ်ချင်နေတာ"

"ကို"

ထိုနေ့ကတည်းက စံ ဝမ်းနည်းခဲ့ရသည်။

သူမနဲ့ ကိုရယ်

မမနဲ့ အထက်စီးဆိုသည့်လူ။

ဒီလေးယောက်ကျမှ ဘာဖြစ်လို့ တိုက်ဆိုင်စွာ အမုန်းများနဲ့ ရစ်ဖွဲ့မိကြတာလဲ။

ဒါပေမဲ့ စံနဲ့ကိုကတော့ အသည်းနှင့်အောင်ချစ်ကြပါ၏။

ထို ထိုသောအကြောင်းများဖြင့် မမနှင့် ကို့ရဲ့ကိုကိုတို့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့လျှောက်ဘယ်လိုပြေလည်နိုင်မှာလဲ။

စိတ်ညစ်လျှင်မျက်ရည်ကျ၊ ဝမ်းနည်းလျှင် ငိုပစ်ချင်သော စုံမျက်နှာလေးက သိသာစွာ အိုကျသွားရှာသည်။

သေချာမမြင်ဘူးသော်လည်း အထက်စီးဆိုသည့်လူကို သူမ ကြောက်နေမိသည်။

မမနဲ့ ဘာတွေ ပြိုင်ကြဆိုင်ကြဦးမလဲ။

နောက်ထပ်တစ်ခါ ဖုန်းရှိရာထလျှောက်သွားသည့် ဦးဝဏ္ဏ ကို လှမ်းကြည့်နေမိသော စုံမျက်ဝန်းလေးတွေမှာ စိုးရိမ်ခြင်းတွေ အပြည့်။

အထက်စီးဆီကို ဆက်မှာလား။

မမတို့ဆီကိုလား။

မမတို့ဘက်မှ ထို့ထက်ပြင်းထန်သော ငြင်းဆန်ပြတ်သားမှုတွေ ထပ်ရောက်မလာပါစေနဲ့။

ကို့ရဲ့ ကိုကိုလည်း ကျေကျေနပ်နပ်ဖြစ်သွားပါစေ။

အကဲက စိုးရိမ်နေသည့် စုံပခုံးလေးကို ဖွဖွဖက်ကာ. . .

"မစိုးရိမ်နဲ့နော်၊ ကိုယ် ကိုကို့ကိုပိုင်ပါတယ်"

ဟုတ်ရဲ့လားကိုရယ်လို့ မမေးဖြစ်ခဲ့။

❀ ❀ ❀

(ဖျူးတာပေ)

## အခန်း (၁၂)

သျှန် မာမို့မျက်နှာကို တအံ့တသြကြည့်မိသည်။

နေရာတကာ 'သမီးပဲဆုံးဖြတ်လိုက်ပါ' 'သမီးကောင်းမယ် ဆင်ရင်လုပ်ပေါ့' စသော ယုံကြည်စိတ်ချမှုများနှင့် ဘယ်တော့မှပြန် ကြည့်တတ်ခဲ့သူက. . .

"ဒီကိစ္စ သမီးပြောသလို အပြတ်အသက်လုပ်လိုက်လို့ ဖြစ်ဘူး" ဟုပြောလာခဲ့၏။

"ဘာဖြစ်လို့လဲ. . . မာမီ"

ဆိုဖာတွေနောက်မှာ လက်ပိုက်ရပ်နေသည့်မာမို့နားကို ထ သွားမိရင်း သျှန် နားမလည်နိုင်စွာမေးမိသည်။

ထို့နောက် မာမီဒါကိုပဲထပ်၍ အတည်ပြုမလာမီ. . .

(ဖျူးတာပေ)

www.burmeseclassic.com



"လူမှုရေးတွေ ဖြစ်သင့်တာတွေကို ထည့်မတွက်ပါနဲ့မာမီ၊ ဒါ. . . အိမ်ထောင်ရေး၊ ညီမလေးရဲ့ဘဝတစ်ခုကလွဲပြီး ဘာကိုင့်နေရမှာလဲ၊ ခုနေ သျှန်တို့ စံကိုပြန်သိမ်းလိုက်ကြည့်ပါလား၊ အဲဒီကောင်သည်းပြုလွမ်းပြုရင်တစ်ပတ်ပေါ့၊ ဘာဖြစ်လဲ 'ငါကယောကျ်ားလေး' ဆိုပြီး ချက်ချင်းလက်မထောင်သွားမှာပဲ. . . ကြည့်နေ"

"အဲဒါကြောင့်ပြောတာ သမီး၊ ကိုယ်ကမိန်းကလေးရှင်"

"မဟုတ်ဘူး. . . မာမီ၊ ဖြစ်ပြီးမှမထူးဘူးဆိုပြီး သျှန်တို့က မထူးစိတ်ပိုက်လိုက်ရင် ညီမလေးတစ်ဘဝလုံး ဆုံးရှုံးသွားရမှာ၊ ခုဟာက ရည်းစားမထားခဲ့ဘူးဘဲထားပြီး ရှူးရှူးမိုက်မိုက်ဆုံးဖြတ်သွားတာ၊ ချစ်တယ်ကြိုက်တယ်ဆိုတာ ရည်းစားစာရေးတတ်ရုံနဲ့ ဟုတ်လှပြီထင်နေတဲ့အရွယ်၊ နောင်တစ်ချိန်ရင်ခုန်ပြေသွားရင် အစကနေပြန်ကောက်လို့ရတော့မှာမဟုတ်ဘူး၊ ခုနေ သဘောမတူဘူးဆိုပြီး ပြန်သိမ်းထားလိုက်ရင် မကြာခင် နေသားတကျဖြစ်သွားမှာပါ"

"သမီးကထင်သလား"

မာမို့မျက်နှာက သူမထင်ထားတာထက် အများကြီးလေးနက်နေသည်။

စကားတစ်လုံးပြောဖို့ပြင်တိုင်း အကြာကြီး နောက်ပြန်မကြည့်ဘဲ ခြေစုံရပ်ကာ . . .

"ဒါဟာ နေသားတကျဖြစ်သွားနိုင်တဲ့ကိစ္စမျိုး မဟုတ်ဘူးသမီး၊ မိန်းမတစ်ယောက်ရဲ့ဘဝအရေးဟာ သမီးပြောသလောက်





လွယ်ဘူး၊ မိဘ မွေးချင်း၊ အသိုင်းအဝိုင်းရဲ့ဂုဏ်သိက္ခာ၊ အဲဒီမိန်းကလေးရဲ့အနာဂတ်၊ အားလုံးကိုထည့်တွက်ရမယ်၊ ဒီနေရာမှာသမီး ခဏလေးနောက်ဆုတ်နေဦး၊ မာမီဆုံးဖြတ်မှဖြစ်မယ်"

"ဆုံးဖြတ်ပါမာမီ၊ ဒါပေမဲ့ ညီမလေးရဲ့အနာဂတ်ကို သျှန်တို့ရဲ့လက်ထဲမှာ တစ်ပိုင်းတစ်စစီပဲ ဆက်ယူရယူရ ပြန်ယူကြရအောင်ဆိုး ညီမလေးစိတ်ပျော့တာ ယုံလွယ်တာ ကြောက်တတ်တာ အမြဲတမ်းအနိုင်ကပ်နေရတဲ့သျှန်က ပိုသိပါတယ်၊ တစိမ်းတစ်ရံတွေလက်ထဲမှာ ဘယ်လိုမှစိတ်မချနိုင်ဘူး"

"တစိမ်းတစ်ရံနဲ့ဆိုတာ ခုမဟုတ်လည်း နောင်တစ်ချိန်မှာ ဆက်ဆံရမှာပဲလေ၊ ဘာဖြစ်လို့လဲဆိုတော့ တစ်မိသားနဲ့တစ်မိသားမှ ဆက်ထပ်လို့ရတာမဟုတ်ဘူးလား၊ သမီးရဲ့ညီမကို ဘယ်အချိန်ထိ သမီး ဝှက်ထားလို့ရမှာလဲ"

သျှန် နှုတ်ခမ်းလေးကိုက်၍ ငြိမ်ကျသွားရှာသည်။

မာမီက သျှန့်ဆီကိုပြန်လျှောက်လာကာ . . .

"ညီမလေးအပေါ် သမီးစေတနာထားတာကို မာမီသိတယ်၊ ဒါပေမဲ့ သူ့ရဲ့ခံစားချက်နဲ့သူ့ဘဝကို မာမီတို့ ဖယ်ကြည့်လို့မရဘူး၊ နောက်ဆိုရင် ဟိုဘက်ကမိသားစုကသာ စိတ်သဘောထားသေးကြမယ်ဆိုရင် သမီးရဲ့ညီမလေးတစ်ယောက်တည်း မျက်နှာငယ်နေရရှာမှာ"

သျှန် မျက်နှာလေးပျက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို သူမမေ့နေခဲ့ပါ၏။

''စိတ်လျှော့လိုက်ပါသမီးရယ်၊ မာမိမှာလည်း ခရီးသွားဖို့ ကိစ္စက အားလုံးစီစဉ်ပြီးနေပြီ၊ မင်္ဂလာကိစ္စကိုလက်ခံပြီး ညီမလေး မျက်နှာမငယ်အောင် မာမီတို့စီစဉ်ပေးကြတာပေါ့၊ ပြီးတော့ သမီးတို့ ဒယ်ဒီ့ကို အကြောင်းကြားရမယ်၊ သူလာနိုင်မှာမဟုတ်ပေမယ့် ခွင့်ပြုဖို့ပေါ့၊ မာမီရောက်သွားရင်လည်း ထပ်ပြောပြမယ်၊ ကျေနပ်ကြည်ဖြူမယ်ဆိုရင်လည် သမီးဒယ်ဒီ့ဆီက လက်ဖွဲ့ သပ်သပ်ရောက်လာမှာပါ၊ သူတို့ဖုန်းဆက်တာ နှစ်ခါရှိပြီဆို၊ ဒီတစ်ခါဖုန်းဆက်ရင် သမီးလက်ခံလိုက်တော့နော်''

သျှန် ဘာမှမပြောနိုင်တော့။

ရင်ထဲမှာ ရှိသမျှအရာအားလုံးဟာ ညီမလေး မျက်နှာငယ်နေရှာပြီဆိုသော အသိတစ်ခုကြောင့် အရည်ပျော်သွားခဲ့သည်လား။

ထိုအခါ သူတို့ဘက်က နောက်ထပ်ဆက်သွယ်မလာခဲ့လျှင်ဆိုသည့် စိုးရိမ်စိတ်က ဖြစ်လာခဲ့၏။

အောင်ကျော်ခေါ်မှ ဗျာထူးရမည့်အဖြစ်က ပိုဆိုးတော့မည်။

ညီမလေးကိုများ လက်ညှိုးထိုးမဲ့ရွဲ့ကာ ကဲ့ရယ်နေကြပြီလား။

စိုးရိမ်ခြင်းတို့နှင့် မျက်လုံးတို့က ဖုန်းဆီအရောက်မှာ ထမြည်လာသောဖုန်းသံကြောင့် လှုပ်ရှားကာ ဆတ်ခနဲဖြစ်သွား၏။

မာမီနဲ့သျှန် မျက်လုံးချင်းဆုံသွားသည်။

(ဖျူးစာပေ)



ညီမလေးပါသွားပြီးကတည်းက ဖုန်းလာတိုင်း ဒေါသထွက်တာ မာန်မာနများနှင့် ကောက်ယူနားထောင်ခဲ့ဖူးသည့်လက်တို့က ဘာကြောင့်မှန်းမသိဘဲ မငြိမ်သက်ဘဲဖြစ်နေမိ၏။

မာနသျှန်ဆိုသော မိန်းမတစ်ယောက်၏ရင်ထဲမှာလည်း ချစ်တတ်သောချစ်ခြင်းများစွာနှင့် ဖြစ်လေသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

သီရိစံတို့ဘက်ကလည်း စေ့စပ်တောင်းရမ်းအပ်နှံခြင်းကို လက်ခံခဲ့သည်မို့ သူမတို့ဘက်က လိုအပ်သမျှအားလုံးပြင်ဆင်၍ စောင့်ကြိုနေခဲ့၏။

ဦးဝဏ္ဏတို့ဘက်ကလည်း ပြည့်စုံစွာပြင်ဆင်ပြီးသွားခဲ့ကြသည်။

နှစ်ဦးနှစ်ဘက်မှ ဆွေနေရွှေရပ်များနှင့်တကွ လူကြီးတွေစုံညီနေကြ၏။

သို့သော် **စီးရောက်မလာသေးသဖြင့်** ဦးဝဏ္ဏက ခေတ္တစောင့်ဆိုင်းပါရန်ပြောထားသဖြင့် စေ့စပ်ဆွေးနွေးပွဲက မစဖြစ်သေး။

အနားမှာထိုင်နေသည့် စုံလက်ဖဝါးလေးကို ဆုပ်ကိုင်ထားကာ ဦးဝဏ္ဏဆိုသောလူကြီးဘေးမှာထိုင်နေသည့် သူ့ထက်ကဲထံ မကျေ





နှပ်သော သျှန့်မျက်လုံးတွေ တစ်ချက်ဝေ့သွားသည်။

"သားကြီး မရောက်သေးပါလား"

"ကိုကို့ကို သား သေချာပြောထားတာဖေဖေ၊ လာမှာပါ"

ထိုသားအဘ ပြောနေကြတာကိုလည်း သူမကြားနေရ၏။

နဂိုက မကြည်ဖြူခဲ့မိသည့်စိတ်ထဲမှာ မကျေနပ်ခြင်းတွေ ဖြစ်လာခဲ့၏။

လူကြီးတွေစုံနေပြီ။

အဲဒီတစ်ယောက် ဘယ်လောက်အရေးကြီးနေလို့လဲ။

မာမီလည်း လည်ပင်းရှည်၍ မျှော်နေရသည့်အဖြစ်။

ဒါကို သျှန်မကျေနပ်ပါ။

"သူက ဘယ်လောက်တောင်အရေးပါနေလို့လဲ စံ၊ အမိပ္ပါယ်မရှိတာ"

စုံကိုငဲ့ကြည့်၍ ပြောလိုက်သည့်သျှန့်စကားကို အကဲ ကြားသွား၏။

မျက်နှာတစ်ချက်ပျက်သွားကာ စုံကို လှမ်းကြည့်လိုက်မိသည်။

နှစ်ဦးနှစ်ဘက်ပြေလည်ဖို့သာ လိုသောအချိန်မှာ သျှန်မကျေနပ်ဖြစ်နေခြင်းကို စိတ်မကောင်းနိုင်။

ဒါပေမဲ့ လှမ်း၍ဖြေရှင်းပြဖို့လည်း မဖြစ်နိုင်။

ထိုစဉ် ခြံထဲသို့မောင်း**ဝင်လာသည့်ကားတစ်စီး**ကို အားလုံး



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်လိုက်ကြ၏။

"ကိုကိုလာပြီ ဖေဖေ"

ဖေဖေဟုပြောလိုက်ပေမယ့် သျှန်ကြားအောင် အကဲက လေသံကိုမြှင့်လိုက်သဖြင့် အားလုံးကြား၏။

"ဟင်"

အထက်စီး

နံ့သာရောင်ရှပ်လက်ရှည်ပွပွနှင့် ရေညှိစိမ်းခပ်ဖျော့ဖျော့ အရောင်ရှိသော ဘောင်းဘီရှည်ပွပွကိုဝတ်ထား၏။

အမြဲမြင်နေကျအတိုင်း ဆံပင်တွေက ပခုံးအောက်ထိရှည် နေသော်လည်း ခပ်ပါးပါးပျော့ပျော့မို့ အကြည့်ရဆိုးမသွား။

သူသည် အားလုံး၏ရှေ့သို့ ခြေလှမ်းကျဲများနှင့်လျှောက်ဝင် လာစဉ် သျှန့်မျက်နှာလေးထဲမှ အကြည့်တွေဝေ့သွားသည်။

သူက သျှန်အံ့ဩနေသလို မအံ့ဩဘူးလား။

စံဟာ သျှန့်ညီမဆိုတာ ကြိုသိနေခဲ့သလား။

သျှန် မျက်မှောင်ကုတ်လျက် စဉ်းစားနေမိဆဲ သူမရှေ့ တည့်တည့်မှာပဲ တမင် အလွတ်ချန်ထားသည့်ကုလားထိုင်မှာ သူက ဝင်ထိုင်သည်။

"မင်းက. . ."

ဦးမင်းလူ၏ဘေးမှ စက်ရုံမန်နေဂျာလည်းဖြစ် သျှန်တို့နှင့် လည်း ဆွေမျိုးမကင်းသော ကိုမောင်နိုင်က ထပ်၍ လက်ညှိုးထိုး





မတတ် တအံ့တဩဖြစ်သွားပြန်သည်။

ဒိုပြင်လူတွေကတော့ နားမလည်ကြသေး။

ဦးမင်းလူက တစ်ချက်ငေးသွားပြီးမှ ပြုံးလိုက်ကာ. . .

"မှတ်မိပြီ. . . ကလေးထွက်ပြေးတဲ့ညက ကျုပ်တို့ကားကို ခရီးဖင့်အောင် တမင်လိုက်ချိတ်တဲ့ကား။ ကားမောင်းလာတာ မင်း မဟုတ်လား"

"ဟား. . . ဟား. . . လူငယ်တွေ တတ်လည်းတတ်နိုင် တယ်နော်၊ စွန့်စားရဲလိုက်တာလည်းလွန်ရော၊ အဲဒီညက ကံကောင်း လို့"

"ဩော်. . . အင်း. . . ကျွန်မမှတ်မိပြီ"

မာဠီထံမှ နောက်ဆုံးအသံထပ်ထွက်လာတော့ သျှန် သဘော ပေါက်သွား၏။

လူကြီးတွေကတော့ ပြုံးနေကြတာပင်။

"ညီအစ်ကိုဆိုတော့ ကာကွယ်ရမယ့်တာဝန်ရှိတယ်လေ၊ ဒါ . . . သဘာဝကျတာပဲဟာ"

ဘေးလူတချို့ကပါ ဝင်၍နောက်ကြ၏။

စီး မပြုံးဖြစ်ပါ။

မျက်ခုံးနှစ်ဖက် အနည်းငယ်တွန့်ကျသွားကာ သျှန့်ထံ ချက်ခနဲကြည့်မိသည်။

အေးစက်စက် အထင်မြင်သေးသောမျက်ဝန်းများကို သူ



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းနားလည်လိုက်၏။

ဒီမိန်းမ အထင်လွဲပြန်ပြီ။

"ဒါ. . . ကျွန်တော့်သားကြီးပါ၊ နာမည်က အထက်စီးတဲ့ကဲ. . . လူစုံပြီဆိုတော့ သားရေးသမီးရေးကိစ္စ ဆွေးနွေးလို့ရပါပြီ ခင်ဗျာ"

လူကြီးတွေဘာတွေပြော၍ ဘယ်လိုပြေလည်သွားကြသည် မသိ။

မျက်ဝန်းနှစ်စုံကတော့ မကြာခဏမလုတ်တိုက်ကာ အနိုင်မခံ အရှုံးမပေး တိုက်ပွဲဝင်နေခဲ့ကြ၏။

မတွဲကြသည့်လူနှစ်ယောက်အကြောင်းကို သိထားကြသော စံနဲ့အကဲတို့မှာလည်း စီးနဲ့သျှန့်အခြေအနေကိုမြင်နေရကာ မသက်မသာတွေဖြစ်နေခဲ့ရှာသည်။

အထူးသဖြင့် စံ မျက်နှာလေးငယ်နေသည်။

ဘာဖြစ်လို့များ ဒီလောက်တောင် အငြိုးတကြီးဖြစ်ခဲ့ကြတာလဲ။

❀ ❀ ❀

(များစာပေ)

အခန်း (၁၄)

"သားငယ်ကို ဖေဖေ သပ်သပ်လက်ဖွဲ့မနေတော့ဘူး။ ဒီတိုက်တိုပဲ သူတို့နေကြပစေ၊ သားကြီးလည်း ညီလေးနဲ့ဒီမှာပဲနေမလား၊ အခြားမှာ ဖေဖေဝယ်ပေးရမလား"

ပြန်ခါနီးတော့ ဖေဖေကပြောလာသည်။

သားအဘ တမင်ဆုံဖြစ်အောင်ဖန်တီး၍ သားကျေနပ်အောင်ကြိုးစားတာလည်းဖြစ်၏။

စီးကတော့ အနည်ငယ်မျှလျှော့မပေးခဲ့ပါ။

"ကျွန်တော့်အတွက်အပူပါနဲ့ ဖေဖေ၊ ညီကိုသာ ပြည့်စုံအောင်လုပ်ပေးလိုက်ပါ"

သူ ဒါပဲပြောခဲ့သည်။

(များစာပေ)

www.burmeseclassic.com

www.burmeseclassic.com



အတူတူနေပြီးဘာလုပ်မှာလဲ။ သူများလင်မယားနားမှာ ကန့်လန့်ကန့်လန့်၊ ညီတစ်ယောက်တည်းတုန်းကတောင် အတူနေဖို့ သူ စိတ်မကူးခဲ့ထာ။

ဒေါ်မေရီစံလည်း မင်္ဂလာပွဲပြီးသည်နှင့် နိုင်ငံခြားထွက်သွားခဲ့၏။ မိဘတွေပြန်သွားကြတော့ လှပသောတိုက်ကြီးထဲမှာ စံရယ် အကဲရယ် နှစ်ယောက်တည်းကျန်ခဲ့၏

ပြီးတော့ ကြီးကြီးဒေါ်ပုရယ်. . .။

"စံ. . . ဒီတိုက်ကိုကြိုက်ရဲ့လားဟင်"

"ကြိုက်တယ်ကို၊ အရမ်းလှတာပဲ၊ တိုက်ကကြီးပေမယ့် ချောက်ချားစရာပုံစံမျိုးလည်းမဟုတ်ဘူး၊ ပြီးတော့ အထဲမှာအေးနေတာပဲ၊ နာမည်တစ်ခုခုပေးရအောင် ကို၊ မကောင်းဘူးလား"

"အင်း. . . ကောင်းတယ်၊ လောလောဆယ်တော့ ဘာမှ မစဉ်းစားနဲ့၊ ဘာမှလည်းလုပ်မနေနဲ့ကွာ"

ပြောပြောဆိုဆို အကဲက ခန်းဆီးအသစ်တွေထုတ်ယူနေသည့် ဗီရိုနားကနေ စံ့ကိုယ်လေးကို ဆွဲဖက်ထားလိုက်၏။

"ကိုယ်ကလည်းကွာ၊ ဘာမှန်းမသိဘူး"

"ဘာ ဘာမှန်းမသိရတာလဲ၊ နီးပြေးလာတော့လည်း မိန်းမ ငိုနေလို့ ချော့ရ စိတ်ညစ်ရ၊ အားလုံးအေးချမ်းသွားတော့လည်း စံက တတောက်တောက်နဲ့ ဘာတွေလျှောက်လုပ်နေမှန်းမသိဘူး၊ မရဘူး"

"အို. . . လွှတ်စမ်းပါ. . . ကိုနော်"





စံကိုင်ထားသည့်ခန်းဆီးစတွေ လွတ်ကျကုန်သည်။

ကို့ကိုထုနက်ရင်း နူးအိသောမွေ့ရာကြီးပေါ် ပစ်ကျသွား၏။

ရင်ခုန်ကြည်နူးသော ရယ်မောသံများနှင့် လောကကြီးတစ်ခုလုံး သာယာနေ၏။

ထိုစဉ် . . .

"တင်းတောင်. . . တင်းတောင်"

"ဟာကွာ"

အိမ်ရှေ့ကလူခေါ်ဘဲလ်သံကြောင့် အကဲ ရှုံ့မဲ့သွားတော့ စံက ရယ်၏။

"သွားလေ ကိုရဲ့. တော်ကြာ ကိုကြီးဖြစ်နေဦးမယ်"

စံက ကိုကို့ကို ကိုကြီးဟုခေါ်သည်။

သူ ခေါင်းခါ၍. . .

"ကိုကိုက ဒီလိုအချိန်မှာ ညွှဲသည်လာလုပ်မှာမဟုတ်ဘူး။ လုံးဝသေချာတယ်. . . ဟွန့်. . . ဒီညွှဲသည်မျိုးကို နဖူး ဆယ်ချက် လောက်တောက်ပစ်ချင်သေးတယ်"

အကဲ ထွက်သွားသည်နှင့် စံလည်း ထွက်လိုက်လာခဲ့မိသည်။

ဝင်လာသူက မမ. . .။

"ဟင်. . . မမ"

စံ အံ့သြသွားပြီးမှ စောစောက ကိုကြီးမ်းဝါးတာကိုသတိ



www.burmeseclassic.com

www.burmeseclassic.com



ရကာ ဖက်လေးပွေ့ပြုံးလိုက်မိ၏။

မျက်နှာပျက်ပျက် မလုံမလဲနှင့် မြင်မြင်ချင်းဟဲခနဲရယ်သော အကဲကို မျက်မှောင်ကုတ်၍ကြည့်မိဆဲ နောက်ကလိုက်လာသည့်စံကို ပါ ပြုံးစိစိနှင့်မြင်လိုက်ရသဖြင့် အကဲခတ်သောသျှန့်မျက်လုံးတို့က နှစ်ယောက်ထံမှာ စူးစူးရဲရဲဖြစ်သွား၏။

''မမ. . . မမ ထိုင်လေ''

စံ မျက်နှာကိုချက်ချင်းပြုပြင်ကာ မမလက်ကိုဆွဲ၍ ခေါ်မိ၏။

''မထိုင်တော့ဘူး၊ ပေါ်တီကိုအောက်မှာ ပန်းအိုးတွေ အသစ်တွေကော အဟောင်းတွေကော ဘာလုပ်ထားတာလဲ''

''ရှင်. . . ဩော်. . . ဟို. . . အွဲ့ဒါလေ. . . ပန်းအိုးတွေ နေရာပြန်ချမလို့မမရဲ့၊ အသစ်တွေဖြည့်တဲ့နေရာဖြည့်ဖို့လေ၊ မလု ဖြစ်သေးတာ''

''ဟိုမှာ စုပုံနေတဲ့ဆိုဖာအဟောင်းတွေနဲ့ ကွန်ပျူတာ ကကော''

ညည့်ခန်း၏အတွင်းထောင့်ဆီသို့ သျှန်ကြည့်သည့်အတိုင်း စံတို့နှစ်ယောက်လုံး လိုက်ကြည့်မိသည်။

အကဲက ပြုံးတော့လိုမဲ့တော့မလိုနှင့် စံကပဲ. . .

''အွဲ့ဒါတွေလည်းသိမ်းမှာ မမရဲ့၊ ဟိုလေ ခြံစောင့်ကို ခိုင်း ထားတာပြန်မလာသေးလို့၊ ကိုတစ်ယောက်တည်းမှ မနိုင်တာ''

သျှန်က အလိုမကျ။





''မနိုင်ရင်လည်း နိုင်တဲ့လူနဲ့လုပ်ပေါ့၊ ဒီလိုတွေစုပုံထားတာ ဘယ်လောက်ရုပ်ဆိုးလဲ၊ အရင်ပြီးရမယ့်ဟာကို အရင်ရှင်း၊ ပြီးမှ ကျန်တာဆက်ခိုင်း၊ ဟိုဟာမပြတ် ဒီမှာမပြတ်နဲ့ စိတ်က တောင်ခုန် မြောက်ခုန်ဖြစ်တာမကောင်းဘူး''

အကဲ မျက်နှာမဲ့သွားသည်။

စံ ကို့ကို ဖျတ်ခနဲကြည့်လိုက်မိ၏။

''အလုပ်သမားဆိုတာ ကိုယ်ကခိုင်းတတ်မှ၊ ကိုယ်တိုင်စံနစ် ရှိမှ ကိုယ့်ကိုလေးစားတာ၊ လက်ညှိုးထိုးမှာလား၊ ခိုင်းမှာဆိုခိုင်းပစ်၊ ကိုယ်လုပ်မှရမှာမျိုးဆိုလည်း ကိုယ် ဘယ်လိုလုပ်တတ်တာကို သူတို့ သိအောင် လုပ်ပြရတယ်၊ ကိုယ်ကတော်မှ ကိုယ့်လိုတော်အောင် ပြောနိုင်မှာမဟုတ်ဘူးလား၊ အိမ်ရာအသစ်ကိုပြောင်းရွှေ့တယ်ဆိုတာ ပထမဆုံးဦးစားပေးလုပ်ရမှာက ပြောင်းရွှေ့တဲ့ကိစ္စ၊ အားလုံးပြည့်စုံ မှ နား၊ ကြည့်စမ်း အားလုံးရှုပ်ပွနေတာပဲ၊ အိမ်တစ်အိမ်ရဲ့ အရည် အချင်းဟာ မိန်းမနဲ့ပဲဆိုတာမဟုတ်ဘူး၊ အိမ်ထောင်ဦးစီးနဲ့လည်း ဆိုင်တယ်''

လှည့်လာပြီ. . .။

အကဲ နှာခေါင်းကိုတစ်ချက်ပွတ်၍ မျက်နှာငံ့ထားလိုက် သည်။

ကြောက်၍တော့မဟုတ်ပါ။

ဒါပေမဲ့ မိန်းမ စိတ်ညစ်သွားမှာစိုးလို့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်သားမယားကို ညှာတာအလိုလိုက်တာလည်းရှိရမယ် ဆုံးမပြောဆိုတတ်တာလည်း လိုတယ်၊ မင်းကိုယ်တိုင် ဘာမှ လက်ကြောမတင်း၊ မွေ့ပျက်ပျက်ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

စိတ်ထဲမှာ နည်းနည်းတော့တင်းသွားမိ၏။

စံ မျက်ဝန်းလေးတွေကိုမြင်တော့ သူ ငြိမ်နေလိုက်ပါသည်။

သျှန်က ဘာကိုမှဂရုမစိုက်။

"ခြံစောင့်က ပန်းပင်ပါစိုက်ပေးသလား"

ဟု ထပ်မေး၏။

စံကပဲဝင်ဖြေသည်။

"ဟုတ်တယ်မမ၊ အဲဒီအတွက် လခတိုးပေးထားတယ်လေ"

"တိုးမပေးနဲ့၊ မာလီသပ်သပ်ထပ်ရှာ၊ ကိုယ့်တာဝန်နဲ့ကိုယ် ဆိုတော့ အလုပ်ကိုလေးစားတယ်၊ လခဘယ်လောက်ပဲပေးထားထား အလုပ်နှစ်လုပ်လုပ်နေရတာဆိုတဲ့ ပြယုဂ်နဲ့ သူတို့ကတော့ အခွင့် အရေးယူမှာပဲ၊ ကိုယ်လခတိုးပေးရတာ ပေါ်လွင်မှာမဟုတ်ဘူး နိုင်းချင်တိုင်း ကိုယ်ကပဲပြန်ငိုနေရမှာ၊ ကြီးကြီးဆိုတာကကော မင်းရဲ့ ဆွေမျိုးလား"

မျက်နှာကြည့်၍မေးလာတော့ အကဲက ခေါင်းခါလိုက်၏။

"မဟုတ်ပါဘူး၊ ကျွန်တော်တို့ငယ်ငယ်ကတည်းက ထိန်း ကျောင်းလာခဲ့တဲ့သူ၊ မန္တလေးကနေ ဖေဖေက ဒီမှာနေဖို့လွှတ်လိုက် တာ"





သျှန်က တကယ့်မိန်းမကြီးတစ်ယောက်လို ခေါင်းဆတ် ညိတ်၏။

"ဒါဆို သူပဲချက်ပြုတ်နေတာပေါ့"

"ဟုတ်"

"လျှော်တာဖွတ်တာကော"

"သူပဲလုပ်တာ"

"မလုပ်စေနဲ့တော့၊ အိမ်ဖော်တစ်ယောက် မမရှာပေးမယ်၊ အဝတ်ဖွတ်လိုက်၊ ပြေးချက်လိုက်နဲ့မကောင်းဘူး၊ သူလည်းလူကြီး ဆိုတော့ ပင်ပန်းမှာပေါ့၊ ညီမလေးကလည်း ကျောင်းစာတစ်ဖက်နဲ့"

သူမကပဲ စီမံခန့်ခွဲပေးနေပြန်သည်။

မထိုင်တော့ဘူးဟုဆိုပြီး မတ်တပ်ကနေပြောသွားလိုက်တာ မှန်သုတ်တံလဲနေတာကအစ ကောက်သိမ်း၏။

ဆိုဖာကျောမှီက ဖာအုပ်ရွဲ့နေတာကိုလည်း မချန်။

တဗျစ်တောက်တောက်ပြော၍ နောက်ဆုံးကျတော့ သူ့ညီမ ညံ့တာမရှိ။

"မင်းက မြင်တတ်မှပေါ့"

ဟု သူ့ကိုပဲအပြစ်တင်သည်။

"ညီမလေးက တကယ့်ကလေးလိုပဲ၊ သူ ဘာမှလုပ်ဖူး ကိုင်ဖူးတာမဟုတ်ဘူး၊ အိမ်ရှင်မလို မင်း သူ့ကို ချက်ချင်းကြီးခန့် အပ်လို့တော့မရဘူး" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်ကတော့ ဒါမျိုးတွေလုပ်ဖူးကိုင်ဖူးခဲ့တဲ့ လေးဆယ် ကျော်ငါးဆယ်အရွယ်ကြီးလား။

မကျေနပ်တာတွေတော့စလာပြီ။

"ကဲ. . . မမပြန်မယ်၊ ရော့. . . ဒါလာပေးတာ"

ပြောနေရင်း လက်ကိုင်အိတ်ကိုဖွင့်နေသည်။

ထုတ်လိုက်တော့ ရွှေဘူးလေးတစ်ဘူး။

"ဒီမှာလေ. . . ပတ္တမြားလက်စွပ်နှစ်ကွင်း၊ ညီမလေးတို့ အတွက် မမ ဆင်တူလုပ်လာတာ"

ရွှေသားကို ကြွရွလုပနေအောင် ဒီဇိုင်းခတ်၍လုပ်ထားသည့် ပတ္တမြားလက်စွပ်က မိန်းမဆန်နေတာလည်းမဟုတ်။

ပတ္တမြားက အရည်လဲ့နေသည်။

မိန်းမနဲ့ကော ယောက်ျားနဲ့ပါ လိုက်ဖက်နေ၏။

တကယ်စေတနာရှိလို့ လုပ်ပေးတာလား၊ လာကြွားတာလား

"ညီမလေးက လက်ဝတ်လက်စားဆို လစဉ်လဲဝတ်တာ သူ့အတွက် ဒီဇိုင်းမထပ်အောင် စဉ်းစားရတာတစ်လုပ်ပဲ၊ ခုတော့ ဒီတာဝန်ကို မင်းယူရမယ်၊ ညီမလေးကိုတော့ စိတ်မဆင်းရဲပါစေနဲ့" တဲ့။

သူပဲ ချစ်တတ်တယ်ထင်နေသလား။

အရေးထဲ ကပ်ကြွားနေတာကရှိသေးသည်။

လစဉ်မဟုတ်ဘူး။ တစ်နေ့တစ်မျိုးဆင်နိုင်တယ်ဟု ပြောလိုက်ချင်သည်။





ဒါပေမဲ့ 'မိဘစည်းစိမ်နဲ့မကြွားနဲ့၊ အထင်ကြီးစရာမရှိဘူး' ဟု ဒီမိန်းမပါးစပ်က ထွက်ကျလာနိုင်သေးသည်မို့ မပြောဖြစ်။

စံနဲ့မတိမ်းမယိမ်းပဲဟာ သူ့ကိုယ်သူ တကယ့်မိန်းမကြီးလို ဟွန်း။

ဒါကြောင့် ကိုကိုနဲ့မတည့်တာ။

"မမ ပြန်မယ်"

"ပြန်ပေါ့. . . ဟာ. . ."

လွှတ်ခနဲ ကိုယ့်ပါးစပ်ကိုပြန်ပိတ်လိုက်ပေမယ့် ထွက်သွားပြီ။

သျှန်က ခပ်စူးစူးကြည့်၏။

ပြီးတော့ နားလည်သည့်အပြုံးနှင့် နှုတ်ခမ်းလေးကို မသိ သာမဲ့၏။

ဘာမှမပြောတော့ဘဲ ကားပေါ်တက် မောင်းထွက်သွားသော် လည်း သူ့မှာ မျက်နှာပူတုန်း။

စံက နှုတ်ခမ်းလေးစူလျက် သူ့လက်မောင်းကို ဆွဲဆိတ် သည်။

"အား. . . သေပြီ"

"သေလေ. . . သေပေါ့၊ မမကို ဘာပြောလိုက်တာလဲ"

"မပြောပါဘူး၊ တကယ်မရည်ရွယ်ဘူး၊ လွှတ်ခနဲ ထွက် သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း ရုပ်က စပ်ဖြဲဖြဲကြီးဖြစ်လာတော့ စံက မျက်...
စောင်းထိုးသည်။

"လွှတ်ခနဲထွက်မှာပေါ့။ မမကို ကိုက ပြန်စေချင်နေတာကို"

"အဲဒါတော့ လုံးဝဟုတ်တယ်၊ ဘယ့်နှယ်ကွာ၊ ရောက်လာ...
တာနဲ့ဆူလိုက်တာ မထိုင်ဘဲပြန်သွားလို့၊ ထိုင်များထိုင်ရင် ဒီနာ...
အရည်ပျော်ပြုတ်ကျသွားနိုင်တယ်"

"ကိုနော်"

စံ မျက်နှာလေးညှိုးသွားသည်။

နှာသီးဖျားလေးတွေ ရဲတက်လာ၏။

"ဟာ. . .စံ. . .စံ. . .ဝမ်းနည်းသွားလား၊ ဆောရီး
ကိုယ်က ချစ်လို့စတာပါကွာ၊ မကြိုက်ရင် နောက်မပြောတော့ဘူး"

"မပြောပေမယ့် ကို့ရင်ထဲမှာ မမကို မလိုလားဘူးဆိုတာ
ထင်ရှားနေတာပဲ၊ စံက မမကိုသိပ်ချစ်တာ၊ ကို့ကိုလည်းချစ်တယ်
စံချစ်တဲ့သူနှစ်ယောက် မသင့်မြတ်ကြတာကို ဘယ်လိုလုပ်ပေးရမလဲ"

ပြောရင်း စံ မျက်ရည်ကျ၏။

သူ့မှာ စံကိုဖက်ထားကာ မျက်ရည်သုတ်ပေးရင်း ချော့...
တော့သည်။

"ကိုယ့်စိတ်ထဲမှာ ဘာမှမထားဘူး"

"ကိုယ်ကပဲ လျှော့ပါ့မယ်"

"သူ့ဘာပြောပြော ဘာဆူဆူကွာ"





ပေးလိုက်ရတာ ကတိတွေအထပ်ထပ်။

ကိုကိုရေ. . .ကိုကို့စကားနားမထောင်မိလို့ ဟု စိတ်ထဲမှာ
မြည်တမ်းနေတာများ စံကြားသွားရင် ချီးပွဲချဦးမလားမသိ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"အား"

"ဟာ. . . စံ. . . စံ ဘာဖြစ်တာလဲ"

ငါးအလှမွေးကန်လေးကို နေရာချပြီးလို့ ဆိုဖာပေါ်ထိုင်လိုက်မိရုံပဲရှိသေးသည်။

စံ့အော်သံကြောင့် ဝုန်းခနဲခုန်ထလိုက်မိ၏။

"စံ"

အသံကြားသည့် ရေချိုးခန်းဘက်ဆီ ပြေးထွက်လာခဲ့တံခါးဝမှာ ဇွေ့ဇွေ့ခုန်အော်နေသည့်စံ့ကို မြင်လိုက်ရ၏။

"စံ. . . စံ ဘာဖြစ်တာလဲ"

"ဟိုမှာ. . . ဟိုထဲမှာ"





"ဘာလဲ. . . ဘယ်ထဲမှာလဲ"

စံက အလန့်တကြားလွှတ်ချပစ်လိုက်ပုံရသည့် ကြမ်းပေါ်မှာ အထွေးလိုက်ရှိနေသော အဝတ်စိုကို လက်ညှိုးထိုးရ . . .

"ဟိုထဲမှာ ကို. . . အကောင်. . . အကောင်"

"ဘာကောင်လဲ"

"မသိဘူး၊ လှုပ်လှုပ် လှုပ်လှုပ်နဲ့"

အကဲက ကိုင်မလို့ လက်ကြီးနှစ်ဖက်စုံမြှောက်လိုက်ပြီးမှ အသာလေးအရှိန်ပြန်သတ်ကာ . . .

"ဘာကောင်လို့ထင်လဲ"

"ဩော်. . . ကိုရယ် သေချာကိုမကြည့်ရဲဘူး၊ အဲဒီထဲမှာ ရှိသေးတယ်သိလား"

"ဒါဆို ကိုယ်ကြည့်မယ်"

သူ ထမီနှင့်တူသော ရေစိုခွေခေါက်နေသည့် အဝတ်စိုနားမှာ တားကားကြွကြွကြီးထိုင်လိုက်သည်။

လက်ခေါက်ထားပြီးသည့် ရှပ်အင်္ကျီလက်ဝကို ထပ်၍ဆွဲတင်လိုက်ပြီး ရေစိုအဝတ်ကို ကိုင်ဖို့ပြင်၏။

"စံထင်တာကတော့ မြွေပေါက်လေးဖြစ်မယ်သိလား"

"ဟင်"

ဖြန့်ကား၍ရွေ့ထုတ်လိုက်ပြီးသည့် လက်က တွန့်ခနဲ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်နေပုံကိုကြည့်ကာ ထိတ်လန့်တာတွေပျောက်လျက် စံကရယ်သည်။

"ကိုင်လိုက်ပါကိုရယ်၊ ဆတ်ခနဲကိုင်ပြီး ဖြည်လိုက်"

"အံမယ်. . . ပြောတော့လွယ်လိုက်တာ၊ မြွေဆိုရင် တွန့်တွန့်ခါခါနဲ့ လျှောထွက်လာမှာ၊ သံမံတလင်းပေါ်မှာဆို သိပ်မြန်တာ၊ တော်ကြာ ပြေးပေါက်မှားနေရင် ဘယ်လိုလုပ်မလဲ"

"ဒါဆို စံ တုတ်ရှာလိုက်ဦးမယ်"

စံက ချိုးအောက်မှာပတ်ချည်ထားသည့် မွေးပွတာဘက်ကြီးကို ပိုရှ်ကျပ်အောင်ထပ်ဆွဲပြီး တုတ်လိုက်ရှာ၏။

"တော်ပြီ. . . တော်ပြီ၊ စံသွားတော့၊ ဒါ ကိုယ့်ဘာသာရှင်းမယ်"

"အို. . . မသွားချင်ပါဘူး"

"သွားပါကွာ. . . ဘာကောင်ဖြစ်ဖြစ်"

"စံ အနားမှာရှိတော့ နှစ်ယောက်အတွက်ပူနေရမှာ၊ သွားအင်္ကျီသွားဝတ်လိုက်"

"တော်ပါကိုရယ်၊ သူလည်း ကြောက်နေတာများ မသိတာမှတ်လို့"

"မစော်ကားနဲ့နော်၊ ကြောက်တာမဟုတ်ဘူး၊ ခင်ဗျားဆီ ပြေးထွက်သွားရင် မပြေးတတ်မလွှားတတ်ဖြစ်နေမှာကို စိတ်ပူလို့"

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ ကဲ. . . ခစ်. . . ခစ်"





စံက သူ့လက်မောင်းကိုဖက်၍ ရယ်သည်။

အကဲ မျက်မှောင်ကြီးကုတ်လျက်. . .

"ဘာလဲ. . . ဘာရယ်တာလဲ၊ လူကို လှောင်သလိုပြောင်သလိုနဲ့"

"လှောင်တာမဟုတ်ပါဘူး ကိုရဲ့၊ စံ့ကို ကိုစိတ်ပူသလို စံလည်းပူတာပေါ့"

ပြောပြောဆိုဆို စံက လှေခါးဘက်ကိုပြေးသွားပြီး သစ်သားချောင်းတစ်ချောင်းနှင့် ပြန်ရောက်လာ၏။

"ကဲ. . . ကို. . . ဆွဲခါလိုက်တော့"

တုတ်နှင့် အကျအနချိန်ထားပြီး စံက အသင့်ပြင်၏။

"ပေးပါကွာ. . . အဲဒီတုတ်ကို၊ မင်း အအေးပတ်လိမ့်မယ် သွား"

"မသွားပါဘူးဆို"

ထမိပုံထဲမှာ ဘာသတ္တဝါက ဘယ်ဘဝရောက်နေပြီမသိ။ သူတို့မှာ ဆွေးနွေးလို့မပြီးနိုင်။

နောက်ဆုံး တုတ်ကိုတောင်းမရဘဲ အကဲ တဘီစကို အသာလေးဆွဲလိုက်သည်။

"ဒီထဲမှာ ဘာကောင်ဝင်မှန်းမသိရလောက်အောင် ဘယ်မှာ သွားထားလို့လဲ"

"ဩော်. . . ကိုယ်ကလည်း ရေမချိုးခင် လျှော်ထားပိုက်



www.burmeseclassic.com

www.burmeseclassic.com



တာလေ၊ ဟိုပေါ်မှာပုံထားခဲ့တာ၊ ရေချိုးပြီးတော့ ဆွဲယူလိုက်တာလည်း ဘာမှမဖြစ်ဘူး၊ ဒီနားကျမှ ပျော့ပျော့လှုပ်လှုပ်ကြီးကိုင်မိတာ''

စံပြောတာကိုနားထောင်၍ ကိုင်မိပြီးသည့်ထမီစကို ခပ်တည်တည်ပဲ ဆွဲဖွပ်လိုက်၏။

''ဟ''

''အမေ့''

ရိပ်ခနဲခုန်ထွက်လာသည့် သတ္တဝါကြောင့် လင်မယားနှစ်ယောက်လုံး လန့်ဖျန့်ထခုန်မိကြ၏။

ကြည့်လိုက်တော့ ဖားလေးတစ်ကောင်။

''ဟား. . . ဟား. . . ဟား''

''ခစ်. . . ခစ်. . . ဖြစ်ရလေနော်. . . ငါ့နှယ်. . . ဖားနဲ့မြွေကို မှားရတယ်လို့''

သဘောတကျရယ်ရင်း အကဲက ထမီကို လုံးထွေးကိုင်လျက် ထရပ်လိုက်၏။

''ဖားရဲ့အဖြစ်ကလည်း အဝတ်စိုပေါ်တက်ပေါ့၊ ဘယ့်နှယ်ကြားထဲထိတိုးဝင်နေရတာလဲ၊ ဟွန်း. . . ရိုက်သတ်ပစ်ဖို့ပဲကောင်းတော့တယ်''

ခုန်ဆွခုန်ဆွနှင့် ရေချိုးခန်းထဲပြန်ရောက်သွားပြီဖြစ်သည့်ဖားကိုလှည့်ကြည့်ကာ ပြေကျနေသည့်ထမီကို သေချာစုလုံးကိုင်လိုက်၏။





ထိုစဉ် ဖွင့်လျက်သားရှိနေသော အိမ်ရှေ့တံခါးမှ လှမ်းဝင်လာသည့် စီးမျက်နှာကြီး နီရဲသွားခဲ့ပြီး. . .

''ညီ''

''ဗျာ. . . ကိုကို''

အကဲက ကိုင်ထားသည့်ထမီကို စုံလက်ထဲ ကပျာကယာထည့်၍ လက်နှစ်ဖက်ကို ဆန့်ကပ်ထားလိုက်သည်။

စီးသည် နှစ်ယောက်ရှေ့သို့ ချက်ချင်းရောက်လာကာ ထမီရေစိုနှင့် ညီဖြစ်သူကို စူးလက်သောမျက်ဝန်းများနှင့်ကြည့်၏။

ပြီးတော့ စုံကို စေ့ကြည့်ပြီးမှ အကဲဘက်ပြန်လှည့်ကာ . . .

''တာဝန်တွေ သိပ်ကျေနေတယ်ပေါ့''

''ဟာ. . . ကိုကို မဟုတ်ဘူး''

သူ့ကို ထမီလျှော်ပေးနေသည်ဟု ကိုကို တလွဲထင်သွားပြီနှန်းသိကာ အကဲ ပျာပျာသလဲဖြစ်သွား၏။

စီးကလည်း လက်တွေ့ဖမ်းမိထားပြီမို့ အကဲကို တရားခံကြည့်သလိုစူးစိုက်ကြည့်၏။

''ညီ မလုပ်ဘူးကိုကို၊ ဟို. . . ဖား. . . ဖား. . .''

''ဘာလဲ. . . မိန်းမကိုဖားတာလား၊ မင်းလိုကောင်ကြောင့် ယောကျ်ားတွေကန္တားဖြစ်ရတာ၊ အိမ်ထောင်တစ်ခုကို ဒီနည်းနဲ့ပဲ တည်ဆောက်လို့ရသလား ညီ၊ မင်း ယောကျ်ားမဟုတ်ဘူးလား''

''မဟုတ်ဘူးကိုကို၊ ကိုကိုမှားနေတာ ညီ. . .''



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းညီ"

"မဟုတ်ဘူး ကိုကြီး၊ ကို့ကို စံ အဲဒီလိုမနိုင်းပါဘူး ကိုကြီးရယ်"

"သိရိစံ"

စီးက ခပ်တင်းတင်းခေါ်သည်။

နဂိုကတည်းက စီးကို ကြောက်ရွံ့စိတ်လေးရှိထားခဲ့သူမို့ တည်တင်းနေသည့်မျက်နှာရှေ့မှာ စံ စကားလုံးတွေ ပျောက်ရှကုန်၏။

"မင်းကို ငါမေးနေတာမှမဟုတ်တာ"

"မေမေး မမေးမေး သူလည်းရှင်းပြသင့်တာပေါ့၊ ရှင်ဖြော နေဆူနေသမျှ ငြိမ်နေပေးရအောင် ကျွန်မညီမက ရှင့်တပည့်မှ မဟုတ်ဘဲ"

ရှုပ်ကုန်ပါပြီ. . .။

သျှန်ထပ်ဝင်လာတော့ စံနဲ့အကဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။

အကဲက မသိမသာ ပခုံးတွန့်၏။

ဖြစ်နိုင်ခြေရှိသည်ကတော့ မုန်တိုင်းက လမ်းကြောင်းပြောင်းတော့မည်။

စီးမျက်နှာက သျှန့်ဘက်ရောက်သွား၏။

သျှန်က နီစွေးသောအသားကပ်ဂါဝန်ပေါ်မှာ အပါးတစ်ထပ်





ဝတ်ထားလျက် ရဲတောက်နေသည့်နှုတ်ခမ်းနီကို ဆိုးထားသည်။

ဘယ်ဘက်က ဘေးဆံပင်တွေကို အနီရောင်ဘီးကုတ်လေးနှင့် သိမ်းတင်ထားကာ နားကပ် လည်ကုံး လက်ကောက်ကအစ အားလုံး ပတ္တမြားတွေချည်းဝတ်ထား၏။

သူမသည် ညစ်ခံပွဲ သို့မဟုတ် ပွဲလမ်းတစ်ခုခုမှ ပြန်လာဟန်ရှိ၏။ တစ်ကိုယ်လုံး စွေးစွေးနီလျက် လှချင်တိုင်းလှနေသည့်သူမ ကို စီးက အနည်းမျှ ပျော်ဝင်ခြင်းမရှိသောမျက်ဝန်းများနှင့် ကြည့်၏။

သျှန်က ဂရုမစိုက်စွာ ပေစောင်းစောင်းပြန်ကြည့်၍ . . .

"ဒီစကားမျိုးတွေက ယောက္ခမတွေ ယောက်မတွေ ပစ်ပစ် ပြောကြတဲ့စကားတွေပါ၊ ရှင်ပြောတတ်နေတာ အံ့ဩစရာပဲ"

စကားက ထိချက်ပြင်းသည်။

စီးမျက်နှာ ချက်ချင်းညိုတက်လာ၏။

"မာနသျှန်. . . မင်း စကားကိုကြည့်ပြောနော်"

"ရှင့်ကို ကြည့်ပြောနေတာလေ၊ ရှင် သဟောက်သဟမ်း လုပ်နေတာက ကျွန်မညီမ၊ ညီမလေး အဲဒီလိုမပြောတတ်မဆိုတတ် မှန်းသိလို့၊ နေရာတကာ အနိုင်ကျင့်ခံရတတ်လွန်းလို့ ဘယ်သူနဲ့မှ စိတ်မချဘာ၊ ဘယ်မှာနေနေ စိတ်မဖြောင့်ဘူး။ ဟွန်း. . . ယောကျ်ား ဆိုပြီး. . ."

"မင်း. . . တိတ်စမ်း"

ကိုင်လှုပ်ဆွဲခါပစ်တော့မတတ် စီး ရှူးရှူးရှားရှားဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သူတို့လင်မယားချင်း ဘယ်လိုနေနေ ငါစိတ်မဝင်စားဘူး။ မင်းလို သူတို့ ဘယ်လိုနေထိုင်ကြသလဲ၊ ဘယ်သူကနိုင်နေသလဲ စိုးတထိတ်ထိတ်နဲ့ လာချောင်းနေတာမျိုးလည်း ဝါသနာမပါဘူး"

"အံမာ"

"ငါ့ကိစ္စနဲ့ငါလာတာ၊ အမြင်မတော်လို့ပြောနေတာ၊ လင်မယား ဘာဖြစ်ကြဖြစ်ကြမဆိုင်ပေမယ့် ထမီလျှော်ပေးနေတဲ့အထိတော့ ခွင့်မလွှတ်နိုင်ဘူး၊ ယောကျ်ားကယောကျ်ားအလုပ်ကိုပဲ လုပ်"

သျှန် ဟင်ခနဲဖြစ်သွားသည်။

အကြည့်တို့က စံလက်ထဲမှထမီရေစိုဆီ ရောက်သွား၏။

ဒါဟာ လက်ခံသင့်သည့်ကိစ္စမှန်းသိပေမယ့် မျက်နှာကို တစ်ချက်ကလေးမှမလျှော့။

"ဘာဖြစ်လဲ၊ လင်နဲ့မယားဆိုတာ သာတယ်နာတယ် တွက်နေလို့ရမလား၊ သူ့အလုပ်ကိုယ့်အလုပ်မခွဲဘဲ ကြုံသလိုကျသလို လုပ်ရမှာပဲ"

"မမ. . . စံပြောပါရစေ"

စံ ပါးစပ်ဟလိုက်သည်နှင့် သျှန်က ဖျတ်ခနဲလှည့်အော်၏။

"တိတ်တိတ်နေစမ်း"

စံ ဘာမှထပ်မပြောရဲပါ။

"မိန်းမတစ်ယောက်ကို ရအောင်ယူတတ်ရင် ပျော်အောင်





လည်းချော့ရမှာပဲ၊ ရှင့်ညီကို ရှင်ကိုယ်တိုင်ပဲ အားပေးအားမြှောက်ကူညီနိုးပေးခဲ့တာ မဟုတ်ဘူးလား၊ ကိုယ်ပိုင်ပြီဆိုမှ ဟိုကဖွဲ့ဒီကဖွဲ့ဖွဲ့ရအောင် ဒီကရှုံ့ရုပ်မှမဟုတ်တာ"

"ဘာလဲ. . . ဘယ်သူက အားပေးအားမြှောက်လုပ်တာလဲ၊ မင်း သေချာမသိဘဲနဲ့စွပ်မပြောနဲ့၊ ဟွန်း မိန်းမယူဖို့မပြောနဲ့ မိန်းမဆိုလေတင်လေအောက်တောင် ထိုင်တာမကြိုက်ဘူး"

"ရှင်. . . ပြောင်မငြင်းနဲ့နော်၊ ဘာဘတို့ကားကို ရှင်ဘာလုပ်ပစ်ခဲ့လဲ"

"ဟုတ်တယ်လေ၊ လုပ်ပစ်ခဲ့တာနဲ့ပဲ မင်းညီမကိုနိုးပေးတယ်ဖြစ်ရောလား၊ သူ့ဟာသူ. . . ကျွတ်"

ပြောနေရင်း စကားတွေက ကာယကံရှင်တွေကို ထိခတ်ကုန်ဖို့ဖြစ်လာ၏။

စီး ကိုယ့်ပါးစပ်ကိုပြွတ်ပိတ်ကာ ထိန်းသိမ်းဖို့တွေများလွန်းသည့် ယောကျ်ားသိက္ခာတို့ကို ငြိုငြင်စိတ်လေးဝင်မိသည်။

ပြောပြန်လျှင် မိန်းမကောင်းရန်တွေ့ဟု ကဲ့ရဲ့ဦးမည်။

မပြောဘဲ နှုတ်ဆိတ်နေတော့ ဝန်ခံသလိုဖြစ်နေပြီ။

"တော်ပါတော့ ကိုကိုရာ၊ ကိုယ်တို့နှစ်ယောက်လုံး အထင်လွဲနေကြတာ၊ ညီက ထမီလျှော်တာမဟုတ်ဘူး"

"ဟုတ်ပါတယ် မမရယ်၊ ထမီထဲကို ဖား. . ."

"အို. . . ဟုတ်ဟုတ်မဟုတ်ဟုတ် နေရာတကာ ဝင်ဝင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တတ်တာကိုက အခိပ္ပါယ်ရှိတာ၊ မပြောနဲ့ပေါ့၊ သူ့လင်မယားချ
ကျေနပ်နေကြရင်ပြီးတာပဲ၊ ဒီလိုသာနာကြေးဆိုရင် ညီမလေးကို မ
ဘယ်လိုလုပ် စိတ်ချလက်ချဒီမှာထားရမလဲ၊ အခု မမရှိနေလို့၊ မဟု
ရင် သူ ဘယ်လောက်ဖိဟောက်ပြီး ပါဝါတွေ လွှတ်နေမလဲမသိဘူး"

"မင်းကွာ. . . တောက်"

စီး လက်သီးဆုပ်တက်ခေါက်၍ သျှန်ကို စူးခနဲကြည့်သည်

သျှန်ကလည်း မျက်တောင်ကော့ကော့လေးတွေ မျက်ခုံ
တန်းတို့အစပ်ထိ ပင့်ကပ်နေအောင် စူးစူးရဲရဲပြန်ကြည့်သည်။

အကဲ မျက်ခုံးနှစ်ဖက်ပင့်ရင်း ခေါင်းယမ်းမိတော့သည်။

အဲဒီကိစ္စ ဘယ်လိုရှင်းမလဲ။

❀ ❀ ❀



## အခန်း (၁၆)

"အဲဒီကောင်ပဲ၊ အထက်စီးတဲ့နာမည်နဲ့ လူက လိုက်ရုံတင်
မကာဘူး၊ လန့်ထွက်နေတယ်"

"ဘာဖြစ်လို့လဲ"

"ဟိုတစ်ခါ ဖိုးသားတို့အုပ်စုကို တစ်ယောက်တည်းနဲ့ ဆွမ်း
ကြီးလောင်းလိုက်တာ သူပေါ့၊ လက်က စက်ပစ္စည်းပဲကျွမ်းတာ
မဟုတ်ဘူး၊ အင်ဂျင်နီယာဖိုက်တာ"

ပြောနေကြသည့်စားပွဲဆီ တစ်ချက်ကြည့်ပြီးမှ အတွင်းစား
သောက်ခန်းထဲကထွက်လာသော စီးထံသို့ မျက်လုံးကရောက်သည်။

သူပါပဲ။ နာမည်တူရှိဖို့က လွယ်တာမှမဟုတ်ဘဲ။

သျှန်က စားသောက်ခြင်းကို ဂရုမြွေမပျက်သော်လုပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



နားစွံ့နေသည်။

"မင်းက ပုတ်ခတ်ချင်တာလား၊ ချီးမွမ်းနေတာလား။ ငါ့
ဘယ်မျက်လုံးမျိုးနဲ့ကြည့်ရမှာလဲ"

"လက်တွေပြပယ်. . . လာလိုက်ခဲ့"

မျက်ဝန်းထောင့်မှာ လှုပ်ရှားမှုတွေ အရိပ်ထင်လာသဖြ
နောက်တစ်ခါကြည့်လိုက်မိတော့ စားပွဲမှာထိုင်နေကြသည့် ငါးယောက်
လုံး ထရပ်လိုက်ကြတာတွေ့၏။

တောင့်တင်းမြင့်မားသော ကိုယ်ဟန်များနှင့် ရုပ်တွေကထေ
ရုပ်ရှင်ထဲကလူကြမ်းများနှင့် သိပ်မကွာလှပါ။

သူတို့ပုံစံက ရန်ညိုးရှိနေကြ၍ အလစ်ချောင်းနေကြသော
ရန်သူတော်များနှင့်တူသည်။

ဒီငါးယောက်နဲ့သာဆိုရင်တော့ အထက်စီးက အောက်
ရောက်သွားနိုင်၏။ ကောင်းတယ်။

ဒီလိုလူ ဒီလိုလည်းအထိနာဖူးဦးမှ. . . ။

အမြဲတမ်းအနိုင်ရနေတတ်သည့် မျက်နှာပေါ်ကမာနတွေ
မြင်ယောင်ကာ သျှန် အမြုံပြုံးမိသည်။

စားသောက်ပြီး ပိုက်ဆံရှင်းလိုက်၏။

ပြန်မလို့ထရပ်လိုက်တော့မှ စောစောက ငါးယောက်၏တေ
ဆီ လှမ်းကြည့်လိုက်မိသည်။

စားပွဲထိုးလေး ပြန်လည်သိမ်းဆည်းနေသော ပန်းကန်





ထဲမှာ စားသောက်စရာတွေက ဒီအတိုင်း. . . ။

ဩော်. . . ဒေါ်သတွေက ထုနဲ့ထည်နဲ့ပါလား။

ကားမောင်းလာခဲ့သည်အထိ ထိုကိစ္စ ခေါင်းထဲပါလာသည်။

ခပ်မှန်မှန်မောင်းရင်း ဘယ်လောက်မှပင်မသွားရသေး။

ညနေခင်း၏အလှအပများထဲမှာ အကျည်းတန်သော မြင်
ကွင်းတစ်ခုက မျက်စိရှေ့ထဲဝင်လာ၏။

လူသူကင်းရှင်းနေသော လမ်းချိုးတစ်ခုထဲမှာ အထက်စီးကို
မြင်လိုက်ရ၏။

သို့သော် ခါးမတ်မတ်ခြေလှမ်းကျဲကျဲနှင့် အလွန်မာနကြီး
သောမျက်နှာမျိုးမဟုတ်။ ခါးမတ်မတ်မရပ်နိုင်။

သူ လမ်းလည်းလျှောက်နိုင်ပုံမရဘဲ အုတ်နံရံတစ်ခုမှာ
ကျောကပ်မှီလျက် ခေါင်းကို လက်တစ်ဖက်နှင့်အုပ်ကိုင်ထားသည်။

ညွတ်ကျလုလုကိုယ်ကို ကြိုးစားထူမတ်၍ ခရီးဆက်ဖို့ပြင်
နေ၏။

သျှန် သိလိုက်သည်။

ဟိုလူသိုက်၏လက်ချက် မိသွားပြီထင်၏။

ငါးယောက်နဲ့တစ်ယောက်ဆိုတော့ ရုပ်ရှင်ထဲက မင်းသားမှ
မဟုတ်ဘဲ။

ဒါ့အပြင် သူခေါင်းကိုအုပ်ထားပုံက ဟိုလူတွေ လက်နက်
တစ်ခုခု အသုံးပြုသွားမှန်း သိသာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်မလဲ။

ရုတ်တရက် သနားစိတ်လေးပေါ်လာခဲ့သည်။

လူသူကင်းရှင်းနေသောနေရာမှာ တစ်ယောက်တည်း ဒုက္ခရာအနာကရဖြစ်နေပြီ။

သို့သော် မသင့်မြတ်ခဲ့သည်တို့ကိုလည်း မေ့မရဘဲ ကားကို မရပ်ဖြစ်ခဲ့။

မျက်လုံးတို့ကတော့ နောက်ကြည့်မှန်ထဲမှမခွာမိပါ။

စီးသည် လမ်းလျှောက်ဖို့ကြိုးစားရင်း ဒယိမ်းဒယိုင်နှင့် နံရိုးခွာသည်။

ခြေငါးလှမ်းခန့်မှာ လူကယိမ်းထိုးသွားကာ သစ်ပင်တစ်ပင်မှာ ပခုံးစောင်းနှင့်တိုက်ကျသွားသည်။

ထိုအခါ သူ့လက်ချောင်းများကြားမှသွေးတို့ကို သျှန် မြင်လိုက်ရ၏။

စိတ်ထဲမှာ ထိတ်ခနဲဖြစ်သွားကာ ကားက နေရာမှာပဲတုံ့ရပ်သွားသည်။

ချက်ခြင်းနောက်ပြန်ဆုတ်၏။

ထိုအချိန်မှာပင် လမ်းပေါ်အစပ်အထိရောက်လာသော စီး တစ်ယောက်မှာ ဒူးထောက်လျက်လဲကျသွား၏။

အနားမှာကားရပ်ပြီး သျှန် ကမန်းကတန်းဆင်း၏။

"ဒီမှာ..."





သူ့ မျက်နှာရှေ့မှာမြင်အောင် ခါးလေးကိုင်း၍ခေါ်လိုက်သည်။

စီး မျက်နှာမော့လာ၏။

"ရှင်...ဘာဖြစ်တာလဲ"

"ဟင်..."

သူ သျှန့်ကိုမြင်တော့ အံ့ဩသလို တစ်ချက်ဖြစ်သွားသည်။ ပြီးတော့ မျက်နှာမဲ့သွားကာ...

"အရိုက်ခံလိုက်ရလို့၊ မင်း ကိုယ့်ကို အိမ်ပြန်ပို့ပေးပါလား"

"ဆေးခန်းကိုလား...အိမ်ကိုလား"

သွေးတွေထွက်နေတာက ဆေးခန်းကို အရင်ဝင်သင့်တာမို့ စကားလမ်းကြောင်းမေးမိသည်။

စေတနာ သိပ်ပိုမိတာတော့မဟုတ်ပါ။

အမြင်မတော်လို့...။

စီးက ခေါင်းခါသည်။ လက်ကာပြ၍ ခပ်ယိုင်ယိုင်ထရပ်သည်။

"အိမ်ကိုပဲပို့ပေးပါ၊ ဆေးခန်းသွားရင် ပေရှုပ်နေမှာ"

"ပြီးရော..."

သျှန် ကားပေါ်မှာထိုင်စောင့်သည်။

ဒယိမ်းဒယိုင်လျှောက်လာသည့်စီးက ကားဆီ တော်တော်နှင့်မရောက်။

စိတ်မကောင်းသလိုလိုဖြစ်မိပေမယ့် တွဲခေါ်ဖို့အထိတော့



www.burmeseclassic.com

www.burmeseclassic.com



စေတနာမရှိ။ သို့သော်. . .

"ဒီမှာ. . ."

ကားပေါ်ရောက်ပြီး ဘယ်လောက်မှမကြာသေးဘဲ စီး သတိလစ်သွားခဲ့၏။

"အထက်စီး"

သျှန် ကားကိုလမ်းဘေးမှာထိုးရပ်ကာ မျက်လုံးမျက်ဆံပြူးရင်း မရမကခေါ်သည်။

နောက်ဆုံး ပခုံးကို ခပ်ဆတ်ဆတ်ပုတ်၍ခေါ်၏။

သွားပြီ။

ဘယ်လိုအမြန်ယာဉ်မျိုးနဲ့ သတိတွေလိုက်ပါသွားခဲ့ပြီ မသိ။

ကူရှင်မှာ မျက်နှာကြီးမှောက်လန်ကာ စီး ဘာဆိုဘာမှမသိ။

ဘယ်လိုခေါ်ခေါ် အနည်းငယ်မျှမလှုပ်။

ဘယ်ကိုပို့ရမည်မှန်းမသိဘဲ သျှန်က ဘယ်ကိုမောင်းရမလဲ။ ငါမှားတာ။ တင်ခေါ်ခဲ့မိတာကိုက ငါမှားတာ။

သျှန် ရှက်ရွံ့စိုးရိမ်စိတ်တို့က ယောက်ယက်ခတ်လျက် ဘာလုပ်လို့လုပ်ရမှန်းမသိတော့။

ဖြစ်နိုင်တာ တစ်ခုပဲရှိသည်။

သူ့ညီရှိတဲ့ဆီ သွားဖို့ပဲဖြစ်၏။

ဒါမှမဟုတ်လျှင် လမ်းပေါ်မှာပြန်ချပစ်ခဲ့ရမလား. . .။

ထိုနည်းကတော့ မဖြစ်နိုင်ပါ။

(ချူးစာပေ)



လူမပြောနှင့် တိရိစ္ဆာန်တစ်ကောင်ဆိုလျှင်တောင် ဒီအခြေအနေမျိုးနှင့် လမ်းပေါ်မှာ ဒီအတိုင်းချထားခဲ့ဖို့ထိ ဥပေက္ခာမထားနိုင်တာသေချာသည်။

နဂိုကတည်းက အပိုးမကျိုးချင်သည့် အကဲမျက်နှာကိုသတိရမိတော့ မျက်နှာမှာ နွေးခနဲဖြစ်သွားမိသည်။

မသင့်မြတ်ကြဘဲ ကားနဲ့တင်ခေါ်ပြီး သွားပို့ပေးလိုက်လျှင်ဘာပြောမလဲ။ တအံ့တသြကြည့်မည့် ညီမလေးမျက်ဝန်းလေးတွေကိုလည်း မြင်ယောင်မိသည်။

ညည်းဘယ်လိုလုပ်မလဲ သျှန်။ ကဲ စဉ်းစားလိုက်စမ်း။

ဘယ်လိုတွေးတွေး သူမလုပ်ဖို့က တစ်ခုပဲရှိတော့သည်မို့။

ကားလေးက ဦးတည်သည့်အတိုင်း ပြေးလွှားသွားလေသည်။

❀ ❀ ❀

(ချူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နောက်ကခြေသံကြားလိုက်လို့ လှည့်ကြည့်လိုက်တော့ ဘာမှမရှိ။

မိုးမရွာဘဲ လေတွေထန် မိုးတွေခြိမ်း။

ရာသီဥတု၏ ဒေါသတို့မှလွဲ၍ ပတ်ဝန်းကျင် အသံဗလံအားလုံးက လက်နက်ချဒူးတုပ်နေကြသည့် သုံ့ပန်းများလို။ ဘာတုန့်ပြန်မှုမှမရှိ။

သျှန် နေရာမှထကာ စေ့ရုံပဲစေ့ထားသည့်တံခါးကို သေချာသွားပိတ်ပစ်လိုက်၏။

"ရှီမ်း. . ."

မှန်တံခါးက ခပ်ဆောင့်ဆောင့်ပိတ်သွား၏။

(ဖူးစာပေ)



ခန်းဆီးစနစ်ဖက်က လွင့်ဝဲကျန်ခဲ့၏။

သျှန် ပြတင်းတံခါးတွေပါ လိုက်ပိတ်ပြီးမှ စားပွဲမှာပြန်ထိုင်သည်။

"မာမီ ဂျပန်ကိုသွားဖို့ဖြစ်လာရင် သမီးညီမလေးနဲ့ သွားနေနော်၊ အိမ်မှာ အလုပ်သမားတွေရှိပေမယ့် မိသားစုမဟုတ်ဘူး၊ မိန်းမဖို့လေးတစ်ယောက်တည်း။ သမီးက နေရဲတယ်ဆိုတာတောင် မတင့်တယ်ဘူး၊ သမီးငယ်အတွက် မာမီတို့လက်ဖွဲ့ထားတဲ့တိုက်ရှိတာပဲ၊ သမီးငယ်တို့ အခုနေကြတဲ့တိုက်မှာ သမီးကလိုက်မနေချင်ဘူးဆိုရင် မာမိတို့လက်ဖွဲ့တိုက်မှာသွားနေပေါ့၊ ညီမလေးတို့ကို အဲဒီမှာလာနေဖို့ပြော"

မာမီပြောခဲ့သေးသည်။ သျှန် လက်မခံခဲ့ပါ။

ဘာထူးလို့လဲ သူ့မိဘလက်ဖွဲ့တဲ့တိုက်ဖြစ်ဖြစ် ကိုယ့်ဘက်အလက်ဖွဲ့တဲ့တိုက်ပဲဖြစ်ဖြစ် သူတို့လင်မယားပိုင်တဲ့အရာ။

ကိုယ်က ကပ်နေရသည့်အဖြစ်က ပြောင်းလဲသွားမှာမဟုတ်။

ပြီးတော့ သူတို့ချည်းပဲမဟုတ်။

အထက်စီးဆိုသူက ရှိသေးသည်။

သူ့ထက်ကဲ ကတစ်မျိုး. . .။

ညီအစ်ကိုနှစ်ယောက် ရုပ်ကမတူ. . .။

စိတ်ကတော့ အတူတူပဲဖြစ်သည်။

တစ်ယောက်ကအထက်စီး။ တစ်ယောက်က သူ့ထက်ကဲ။

(ဖူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်စေတာ ဘာမှမရှိ။

အထက်စီးက မာန်မာနကို သိသာစွာလွှင့်တူထားသည်။

သူ့ထက်ကဲက ညက်ညက်ကလေးနှင့် ခေါင်းမာ၏။

အကဲမျက်နှာမှာ တင်းမာခက်ထန်မှု ဘယ်သောအခါမှ မရှိတတ်ပါ။

ဒါပေမဲ့ မျက်လွှာချအောက်ကျို့နေသောပုံစံလည်း သျှန် မမြင်ခဲ့ဘူး။

ညီမလေးနှင့် ပတ်သက်၍ ခေါင်းငုံ့သည်းခံနေပုံမျိုးရှိသည်။

မျက်ဝန်းများက စူးရဲသွားလိုက် ရီဝေဖျော့ကျသွားလိုက်။ တစ်ခါတစ်ခါ လျောင်ရယ်ခြင်းတွေ ဖြစ်လာတတ်သေးသည်။

ယောင်သလိုလို အမှတ်တမဲ့မို့ မှားယွင်းသလိုလိုနှင့် ဒိုးခနဲ ဒေါက်ကနဲ ပြောပစ်လိုက်တာမျိုးကို သျှန် ကြားခဲ့ရဖူးသည်။

"ဟာ. . . ဆောရီး မမ"ဟု လုပ်ပစ်တတ်သည့် ရိုတိတိ မျက်ဝန်းများကို အမိဖမ်း၍ အပြစ်ပေးပြစ်ချင်သော်လည်း ညီမလေး မျက်လုံးအပိုင်းသားဖြစ်နေတာကြောင့် ပါးစပ်ပိတ်နေခဲ့ရ၏။

ခုကတည်းက ညီမလေးကိုငဲ့၍ မပြောဖြစ်တာတွေ မျိုသိပ် ခဲ့ရတာတွေရှိခဲ့ပြီ။ အတူနေသွားလို့ဖြစ်မလား။

သူ့ထက်ကဲထံမှ ဒို့ထက်ပိုမိုသော မလေးစားခြင်းတွေ ပြမှု ပြောဆိုလာလျှင် သူမ သည်းခံနိုင်မည်မဟုတ်။

ထိုအခါ ညီမလေးပဲ စိတ်ဆင်းရဲတော့မည်။

(ပျူစာပေ)



ဒါ အစမို့လို့။ နောက်ဆိုရင် ပြောလို့မရ။

ညီမလေးက ခပ်အေးအေး နူးနူးညံ့ညံ့. . .။

သူ့ထက်ကဲက လက်ရဲပါးစပ်ရဲ။ ညီမလေးကို ဒီကောင်လေး နိုင်စားသွားနိုင်သည်။ ဟိုတစ်လောက ဖြစ်ခဲ့တာကိုပဲကြည့်. . .။

သူ့အစ်ကို ဒဏ်ရာအနာတစ်ရနှင့်မို့ ကိုယ်ကတော့ ကူညီ တင်ခေါ်ခဲ့ရသည်။ ပို့ခဲ့တုန်းက အကဲမရှိ။

နောက်နှစ်ရက်သုံးရပ်ကြာမှ ညီမလေးဆီသွားဖို့စိတ်ကူးနှင့် တိုက်ရှေ့အရောက်. . .

"ပြောတော့မယ် ကိုရယ်၊ မသောကြားသွားရင် ဒုက္ခပဲ"

"ဘာဖြစ်လဲ စံရယ်၊ အချစ်ဆိုတာ လူတိုင်းရင်ထဲမှာရှိ တာပဲ။ ခုလည်း သူ့ကိုယ်သူမသိလိုက်တဲ့ အချစ်စိတ်တွေသိလား၊ ကိုကိုနဲ့ ဒီလောက်ရန်ခဏခဏဖြစ်နေတာကို ဒီမောက်အောင် ထူတွဲခေါ်ပေးလာတာကြည့်၊ အဲဒါဘာလဲ၊အချစ်မဟုတ်ဘူးလား",

"ဒုက္ခရောက်နေလို့ ကူညီတာပါကိုရယ်. . ."

"ဩော်. . . ကဲ ကြည့်မနေရက်ခဲ့တာလေ၊ အဲဒါ ဘာလဲ၊ သနားတာ စိုးရိမ်တာ ဥပေက္ခာမထားရက်တာ၊ ဒါ. . . အချစ်ပဲ၊ ကိုကိုကတော့ကျေအေးသွားပြီ၊ စံ့အစ်မဘက်ကပဲ မဲလိုတော့တာ၊ ကပ်စေးနဲမနေပါနဲ့ စံရယ်၊ စံက အစ်မကိုပေး၊ ကိုယ်က ကိုကို့ ကိုပေးမယ်၊ ဘယ်သူမှမနာပါဘူး"

"ကိုယ်ကလည်း. . . သွား"

(ပျူစာပေ)

www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေ တွန်းထိုးရယ်မောနေကြသည့်အချိန်မှာ ရှက်လွန်း၍ သျှန် ဖူးတွေပင်ချောင်လာခဲ့သည်။

ရင်ထဲမှာ တလှပ်လှပ်တုန်လျက် ဒေါသတွေ ဘယ်ဆီက စုပြုံဖြစ်လာမှန်းမသိ။ မကျေနပ်စိတ်များက သူ့ကိုကော ကိုယ့်ကိုယ်ကို အားကောင်းစွာဖြစ်တည်လာခဲ့၏။

မိန့်မိန့်ကြီးပြုံးရယ်နေမည့် မျက်နှာကြီးကိုယ်ပါ မြင်ယောင်လာမိသည်။

သင်းကတော့ သူ့ကို ဒီက ကြည်လို့ကြိုက်လို့ ကူညီလိုက်တယ် ထင်နေပြီလား။

ဟွန်း... သျှန် အထဲကိုမဝင်ဖြစ်ခဲ့ဘဲ ချက်ခြင်းလှည့်ပြန်ခဲ့သည်။

ညီမလေးကို တွေ့ချင်လွမ်းနေပေမယ့် လုံးဝမသွားခဲ့ဘဲနေတာ ဆယ်ရက်ရှိသွားပြီ။

ညီမလေးဖုန်းဆက်တာလည်း နှစ်ခါရှိပြီ။

အစ်မတစ်ယောက်ဆီကို သူကတော့ထလာဖေါ်မရ။

ခုကတည်းက ယောက်ျားကိုကြောက်နေရပြီလား။

"မဟုတ်ပါဘူး မမရယ်၊ နေ့ဘက်ကျတော့ ကျောင်းတက်နေရတယ်လေ၊ ကျောင်းသွားကျောင်းပြန်ဝင်ဖို့ကျတော့ စာကျက်တာနားတာနဲ့ မလာဖြစ်တော့ဘူး၊ မမက ကိုယ့်အလုပ်ကိုယ်လုပ်နေတာပဲဥစ္စာ၊ ဘယ်အချိန်သွားသွား ပြန်ချင်တဲ့အချိန်ပြန်လို့ရတယ်လေ





ညီမ လေးဆီကို လာခဲ့ပါမမရယ်..."

ပြောတော့ဖြင့် သူ့ပဲအပြောကောင်းပါ၏။

ဒါပေမဲ့ သူကအိမ်ထောင်သည်ပဲလေဟုတွေးပြီး သျှန် ဖြေသိမ့်ခဲ့ပါသည်။

ကိုယ်တိုင်သွားဖို့ကတော့ ဟိုနေ့ကစကားတွေကို ရှက်သည့်စိတ်တွေ ရင်ထဲမှာမပြေနိုင်သေးသရွေ့ ခြေဦးလှည့်ဖြစ်ဖို့မလွယ်...။

ပြီးတော့ ရယ်မြူးရိပ်သမ်းနေသည့် အကဲမျက်နှာကိုလည်း မမြင်ချင်။

တကယ်ဆို ညီမလေးကိုသိပ်ချစ်သည့် သူမဟာ အကဲကိုလည်း မောင်လေးတစ်ယောက်လိုချစ်နိုင်ပါသည်။

အကဲပုံစံလေးကလည်း ရည်ရည်မွန်မွန် ရှင်းရှင်းသန့်သန့်လေးပဲဖြစ်၏။

သို့သော် အထက်စီးဆိုသော သူ့အစ်ကိုနှင့်ပတ်သက်၍ မီးစပ်တစ်လုံးကြီးပြည့်နေတတ်သည့် စချင်နောက်ချင်သော မျက်လုံးများကြောင့် စိတ်ထဲမှာ ရှင်းရှင်းလင်းလင်း ခင်မင်လိုစိတ်ကဖြစ်မလာ။

စီးဆိုသောယောက်ျားကြောင့် သူ့ညီကို မောင်လေးရယ်လို့ သတ်မှတ်နိုင်...။

အားလုံးဟာ သူ့ကြောင့်ပဲဖြစ်နေ၏။

ညီမလေးကို သတိရလို့မသွားဖြစ်တိုင်း မသွားနိုင်တိုင်း ဒီလို အထီးကျန်ညများမှာ ခြောက်ခြားနေရတိုင်း ထိုသူကို သျှန် မကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်။

ခုလိုမျိုး ကိုယ့်ကို ပြောစရာဆိုစရာဖြစ်သွားခဲ့တော့ ပိုင်...
သည်။

ကိုယ်က ရိုးသားစွာကူညီခဲ့တာကို အခွင့်အရေးယူစရာလား...

''ဒေါက်. . . ဒေါက်''

တံခါးခေါက်သံကြောင့် သျှန် စိတ်ကူးနေတာတွေ ပျောက်...
လွင့်ကုန်၏။

''မိသူလား''

''ဟုတ်ကဲ့ မမကြီး၊ အပြင်မှာ ဦးအောင်နိုင် ရောက်...
နေတယ်၊ မမကြီးအိပ်ပြီထင်တယ်လို့ မိသူပြောထားတယ်၊ မမ...
ထွက်တွေ့မလားဟင်၊ ဘာပြောလိုက်ရမလဲ''

မိသူကလည်းသည်။

အိမ်ဖေါ်ဆိုပေမယ့် ပါးရည်နပ်ရည်ရှိတော့ အားကိုးရ...

ကိုမောင်နိုင်ဟာ အိမ်မှာ ဝင်ထွက်နေကျဆိုပေမယ့် ခု...
မိုးထဲလေထဲမှရောက်လာခြင်းအတွက် လိုအပ်၍သာ မိသူလာ...
တာဖြစ်သည်။

မဟုတ်လျှင် နေရာထိုင်ခင်းပေးပြီးမှ 'ဦးမောင်နိုင်ရောက်...
တယ်' မမကြီး ဟု လာခေါ်တတ်သူ။

''မမကြီး အိပ်နေပြီလို့ပြောလိုက်တော့၊ မှာစရာရှိရင်မှ...
ပါလို့''

''ဟုတ်. . .''

မိသူထွက်သွားတော့မှ အတွေးတို့ကိုဖြတ်တောက်ပြီး လုပ်...
...ရာရှိတာ ဆက်လုပ်နိုင်ခဲ့သည်။

ထိုညမှာ ညဥ့်နက်မှအိပ်ရာဝင်ဖြစ်ခဲ့၏။

တိုးတိုက်နေသောလေသံတို့ ငြိမ်သက်သွားပြီဖြစ်ကာ မရွာ...
...ဒ ငြိမ်းနေသော မိုးသံများသာ ကျန်ခဲ့၏။

သူမရင်ထဲမှာ ကျန်ခဲ့တာ ဘာလဲ. . .

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

အလုပ်လုပ်ရတယ်မရှိ။

လာလိုက်တဲ့ဖုန်းတွေ။ ထိုကိစ္စများဟာ နေ့စဉ် ဘာမှမဆန်း

ပေမယ့် လူကပင်ပန်းလာသည့်အခါ သိသာစွာနှိပ်စက်၏။

နောက်ထပ်ဖုန်းမြည်လာတော့ အတွင်းရေးမှူးကောင်မလေး

ပဲ ကိုင်လိုက်ကာ. . .

"မမ. . . မမနဲ့ပဲပြောမယ်တဲ့"

"ဘယ်သူမို့လို့လဲ၊ မမနဲ့ပဲပြောချင်တဲ့ လူတွေချည်းပဲ၊ မင်

အဆင်ပြေသလို မပြောတတ်ဘူးလား"

အတွင်းရေးမှူးလုပ်သူက အိမ်ဖော်တစ်ယောက်လို ဝတ္တရား

ကျေနေသည့်အဖြစ်က ရှိနေပြီးသည့်ဒေါသစိတ်တို့ကို ပုတ်နိုးတူး





နေသည့်နှယ်. . .။

"စိုး သိပါတယ်မမ၊ အခုဟာက အလုပ်ကိစ္စမဟုတ်ဘူး။ မမနဲ့ တမင်တွေ့ဖို့ပြောနေတာ၊ ဒါနဲ့ဆိုနှစ်ခါရှိပြီ၊ မမကို စိုး ခုမှ ပြောတာ"

"ဘယ်သူလဲ"

"ဘယ်သူလဲ မေးလို့ကိုမရဘူး။ မမကိုင်လိုက်ပါနော်၊ အဲဒါမှ အရာတွင်မှာ"

ဒေါသဖြစ်နေသော်လည်း စိတ်ဝင်စားသွားမိသည်မို့ ဖုန်းကို ခပ်ဆောင့်ဆောင့် ဆွဲယူလိုက်သည်။

"ဟလို. . ."

"မ. . ."

"တောက်"

ထွက်လာသည့်အသံက ချွဲပျစ်ပျစ်ညှုတုတုနှင့် ရယ်သံက ခပ်သဲ့သဲ့. . .။

"မ. . . ကျွန်တော့်ကိုသိတယ်နော်။ တက်ခေါက်လိုက်တာ သိနေတယ်ဆိုတဲ့လက္ခဏာပဲ။ ဘာပဲဖြစ်ဖြစ် မ ကျွန်တော့်အသံကို မှတ်မိနေပြီဆိုတာ ဂုဏ်ယူစရာပေါ့နော်"

မမှတ်မိလို့မရ. . .။

ဖုန်းတွေ ခဏခဏဆက် ကားနောက်က တကောက်ကောက် လိုက်. . .။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်လေ အပေါင်းအသင်းတွေနှင့်လိုက်စ. . .။

ထင်ရာတွေ လိုက်ပြော. . .။

ချစ်တာ၊ မေတ္တာတွေ ဘာညာရှုပ်ပွကာ မိန်းကလေးတစ်ယောက်ကို အမျိုးမျိုးလိုက်နှောင့်ယှက်နေရတာကို ကျေနပ်နေကြသည့်အုပ်စု. . .။

ထိုထဲက ဒီတစ်ယောက်ဟာ အဆိုးဆုံး အကဲဆုံး. . .။

ဖုန်းကိုချပစ်လိုက်ပြီး ပလပ်ပါဆွဲဖြုတ်ပစ်လိုက်သည်။

"တော်တော်စိတ်ပျက်ဖို့ကောင်းတဲ့ဟာတွေ. . . တောက်"

စားပွဲပေါ်မှာ ရှိသမျှဖုန်းတွေကို ဖြုတ်ပစ်လိုက်တော့ အတွင်းရေးမှူးမလေး အံ့ဩဟန်နှင့်ကြည့်သည်။

ထို့နောက် သူမစားပွဲပေါ်က ဖုန်းတစ်လုံးတည်းသာကျန်ကာ ထိုဖုန်းမှထမြည်လာရာ. . .

"ဟလို. . ."

ဖုန်းကိုပြေးကိုင်ကာ သျှန့်ကိုလည်းလှမ်းကြည့်၏။

သျှန် ဒေါသထန်နေဆဲ. . .။

လူကပင်ပန်းရသည့်အထဲ ဘာလုပ်လုပ်အဆင်မပြေ။

"ရှင်. . . အို. . . မရှိဘူး၊ မမထွက်သွားပြီ"

သူမဖုန်းချပစ်လိုက်ပြီး အပြစ်ရှိသူလိုမျက်ဝန်းများနှင့် သျှန့်ကို လှမ်းကြည့်သည်။

ဒေါသကြောင့် သျှန့်မျက်ဝန်းတွေ တလက်လက်တောက်





နေတာ။

"ငါ့ရဲ့ ကိုယ်ရေးကိုယ်တာအထိ မင်း စွတ်ဖက်ခွင့်ရှိတာမှန်တယ်၊ ဒါပေမဲ့ ဒီပုံစံနဲ့မဖြစ်ဘူး၊ မင်း အများကြီးလိုသေးတယ်၊ စိုး. . . အတွင်းရေးမှူးဆိုတာ ကွန်ပျူတာကျွမ်းယုံနဲ့မရဘူး၊ နိုင်ငံခြားဘာသာစကားတွေ မိုးမွှန်အောင်တော်နေလည်းအလကားပဲ၊ ကိုယ်တိုင်ကပါးနပ်ရတယ်၊ ထက်မြက်ရတယ်၊ အထူးသဖြင့် မင်းရဲ့ သူဌေး ဘယ်လိုလူစားလဲဆိုတာ မင်းသိထားဖို့ပေါ့. . ."

စိုး မျက်လွှာချမသွားပါ။

ဖုန်းကိုတစ်ချက်ပြန်ကြည့်ပြီး ပင့်သက်ရှိုက်၏။

"စိုး. . . မှားသွားပါတယ် မမ၊ ဒါပေမဲ့ စိုးမမှားပါဘူး၊ မမရဲ့ ပါဆင်နယ်နဲ့ပတ်သက်တာကို လုပ်ငန်းကိစ္စတွေနဲ့ ခွဲကြည့်လိုက်မိတာ မှားသွားပေမယ့် စိုးဘက်ကတော့ ဒီလိုပဲလုပ်သင့်တာ မဟုတ်ဘူးလား၊ အခုနာရီဝက်အတွင်း ဝင်လာမယ့်ဖုန်းတွေကို စိုး ဘယ်လိုလုပ်ရမလဲ မမ"

"သွားပြီ. . . မင်းသွားပြီ စိုး၊ ငါ့အတွက် ဘာအရေးကြီးဆုံးလဲဆိုတာကို မင်းမသိဘူး၊ ဆောင်သင့်တာရှောင်သင့်တာကိုမှ မသိတဲ့မင်းကို ငါအလိုမရှိဘူး"

စိုး မျက်စိမျက်နှာပျက်သွားလေ၏။

"မမ. . . ဒီကိစ္စလောက်လေးနဲ့ မမက စိုးကို ဒီစကားမျိုးတွေပြောသလား၊ စိုးမှားသွားတာက တာဝန်ကျေချင်လို့ပါ၊ ပေါ့လျော့



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူး"

သျှန်ကမဲ့၍ နေရာမှထရပ်လိုက်သည်။

"ငါ့အတွက် တာဝန်ကျေတဲ့သူကိုပဲ ငါလိုချင်တယ်၊ ဒီတော့ စည်းကမ်းသတ်မှတ်ချက်အတိုင်းဖြစ်အောင် အတိအကျစီစဉ်ပေးမယ်၊ မင်း နေရာသစ်ရှာတော့"

"မမ"

သျှန် နားနေခန်းဘက်ကိုကူးလာခဲ့ပြီး ဒရင်းဘတ်ဒ်မှာ လဲ နေလိုက်သည်။ စိတ်ထဲမှာ နောက်ကျိရှုပ်ထွေးနေဆဲ။

"မမ ဖုန်းလာနေတယ်"

တံခါးခေါက်သံနှင့်အတူ စိုးအသံလေးကြားလိုက်သဖြင့် သျှန် နေရာမှ ခေါက်ခနဲထထိုင်လိုက်မိ၏။

ဒါ ဘာအချိုးချိုးလိုက်တာလဲ။

"မမ. . . ညီမဆီကဖုန်းပါ၊ အရေးကြီးလို့တဲ့"

ဟန်းဖုန်း

သူမ ဟန်းဖုန်းကို စားပွဲပေါ်မှာ ဒီတိုင်းချထားခဲ့သည်။

"ဝင်လာခဲ့"

စိုးဝင်လာပြီး ဖုန်းကိုလှမ်းပေး၏။

သျှန့်မျက်နှာကိုတစ်ချက်ကြည့်ကာ ချက်ချင်းလှည့်ထွက် သွား၏။

သျှန် နားထောင်မိလျှင် မျက်လုံးများပင် ပြူးကျယ်သွား၏။





"စုံ. . . ညီမလေး. . . နင်. . . နင် ငိုနေတယ်"

"မမ. . . မမ စုံဆီ ဘာဖြစ်လို့မလာဘဲနေတာလဲ"

"မမ မလာတာက မမအကြောင်းနဲ့မမပါ၊ ညီမလေးက ဘာဖြစ်လို့ငိုနေတာလဲ၊ ဘာဖြစ်လို့လဲ၊ လင်မယားချင်းရန်ဖြစ်လို့ လား"

"ဟုတ်တယ်မမ"

"ဘာ"

သျှန် ဒရင်းဘတ်ပေါ်မှာ ထရပ်လိုက်မိလေသည်။

"ရန်ဖြစ်တယ်ဟုတ်တယ်၊ သူ. . . သူက ညီမလေးကို ဘာပြောသလဲ၊ ရိုက်လိုက်သေးလား။ ဘာလုပ်လိုက်သလဲ၊ မြန်မြန် ပြောစမ်း"

"ညီမလေးလက်မောင်းကို ဆောင့်ခါပြီးတွန်းလှဲလိုက်တာ၊ ညီမလေး လဲသွားတာပေါ့"

"ကြည့်စမ်း"

သျှန် အခန်းထဲမှာ နှစ်ခေါက်သုံးခေါက်လျှောက်ပစ်ကာ ဒေါသတွေပြင်းထန်လွန်းသဖြင့် ရုတ်တရက် ဘာစကားမှမထွက်။

"မမ"

ရှိုက်သံများနှင့် စုံအသံသည် ရင်အစုံကို တင်းပုတ်နှင့်ရှု နှက်ပစ်နေသလိုပင်။

"မမ. . . စုံဆီလာခဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"လာမယ်၊ နေပါဦး. . . ညီမလေးနဲ့ ဘာဖြစ်ကြတာလဲ"

"သူ. . . သူ. . . သက်သက်ပြဿနာရှာတာ၊ ဖွံကို ယောက်ျား
လေးတစ်ယောက်နဲ့အထင်လွဲပြီး ဘာကိုမှရှင်းမပြ. . ."

"စံ"

စကားသံက တိခနဲပြတ်ကျသွားသည်။

ပြီးတော့ တွန်းထိုးငြင်းခုံသံများ . . .။

ထို့နောက် စံ၏ ရှူးရှူးဝါးဝါးအော်သံ။

"စံ. . . စံ"

သျှန် ဣန္ဒြေမဆောင်နိုင်တော့ဘဲ တအားအော်ပစ်လိုက်မိ
သည်။

စံ ဖုန်းပိတ်သွားပြီဖြစ်၏။

ဒါပေမဲ့ စံကိုယ်တိုင်ပိတ်ပစ်တာမဟုတ်။

အကဲ ပိတ်ပစ်တာ။

ညီမလေးကို အကဲ ဘယ်လောက်ထိ နှိပ်နှိပ် နှိပ်စက်နေ
သလဲ၊

သျှန် အချိန်အနည်းငယ်အတွင်းမှာပဲ ကားပေါ်ရောက်သွား
ခဲ့၏။

❀ ❀ ❀

(ရှေးတာပေ)

## အခန်း (၁၉)

"ဘာလုပ်တာလဲကွာ၊ စံက ခက်တော့တာပဲ"

"မသိဘူး. . . မသိဘူး. . . သွား. . . လွှတ်နော်၊ စံ အော်
ငိုမှာသိလား"

"ငိုပါ. . . နောက်တော့ငိုနော်၊ လွှတ်. . . ဒါလေးလွှတ်
လိုက်"

"မလွှတ်ဘူး။ သူများမှာ ဒီအစ်မတစ်ယောက်ပဲရှိတာ၊ တိုင်
မှာပဲ၊ ပြောရမှာပဲ၊ သွား. . . ဖယ်ဆိုဖယ်"

"ဟား. . . ပြဿနာပဲ"

ဖုန်းလုရင်း လင်မယားနှစ်ယောက် မွေ့ရာအထက်မှာ လုံး
ထွေးသွား၏။ နောက်တော့ ဖုန်းက အကဲလက်ထဲမှာပါသွားသည်။

(ရှေးတာပေ)

www.burmeseclassic.com

www.burmeseclassic.com



"လူဆိုးကြီး. . . လူကြမ်း. . . သွား. . . ရှင့်ကိုမချစ်ဘူး၊ မုန်းတယ်သိလား"

စံက ဆတ်ကနဲထထိုင်ကာ အကဲကို ထုရိုက်ဆွဲဆိတ် ဘယ်လိုလုပ်လုပ်အားမရဘဲ ခေါင်းအုံးတွေနဲ့ပေါက်သည်။

ဖွေ့ရာခင်းတွေကို လက်ထဲပါသမျှဆုပ်၍ အားရှိသမျှ ဆွဲဖြဲ ဖြစ်သည်။

"စံ. . . ဟာကွာ. . . တော်ပါတော့၊ မင်းလက်တွေပဲနာမှာပေါ့၊ တော်တော့နော်၊ မိန်းမကာလိမ္မာတယ်၊ နောက်ထပ် ကိုယ် မစွပ်စွဲတော့ဘူး"

အကဲက အတင်းပြန်ချော့၍ ပွေ့ဖက်ဖို့ကြိုးစား၏။

စံက ပုတ်ထုတ်ခါချပစ်ကာ ဘယ်လိုမှအခေါ်မခံ. . .။

ကြာတော့လည်း အကဲ ခေါင်းကုတ်မိသည်။

စံ၏ငိုရှုက်သံကသာ တစ်စတစ်စကျယ်လာကာ နူးညံ့ပျော့ဝင်လွှယ်မည်ထင်ခဲ့သော စံ ခေါင်းမာတတ်တာကို အကဲ လက်မြှောက်ခါသွား၏။

ကျောင်းမှာ စာအုပ်ကျန်နေခဲ့၍ ကောင်လေးတစ်ယောက်က စံကို စာအုပ်လိုက်ပေးသည်တဲ့။

ဒါကို သူမှမသိဘဲ။

မြင်လိုက်ရတာက စံ့ကို ဒီကောင် စာအုပ်လိုက်ပေးနေတာပဲဖြစ်သည်။





စာအုပ်ကြားထဲမှာ စာပါလိမ့်မည်။

ပြီးတော့ ဒီကောင်ဟာ စံ့ကို ကြိုက်ခဲ့လိုက်ခဲ့ဖူးတဲ့သူ။

ဒေါသဖြစ်ဖြစ်နှင့် သူ စံ့နားကထိုသူကို ပခုံးကနေဆွဲလှည့်ကာ လက်သီးနဲ့က မျက်နှာရှေ့မှာ ကပ်ဆုပ်ပြခဲ့သည်။

"အို. . . ကို. . . မဟုတ်ဘူး. . . မလုပ်နဲ့"

စံ ပျာပျာသလဲတားသည်။

စာအုပ်ပေးသည့်ကောင်က မျက်မှောင်ကုတ်၍ မကြည်ကြည့်နှင့်ကြည့်သည်။

အဲ့မှာ ဒီကောင်က. . .။

ဒီမျက်လုံးတွေကို အကဲ အစိုပြိုယ်ကောက်လိုက်တာက 'စံ့ကို ငါရသွားလို့ မကြည့်တဲ့မျက်လုံးတွေ' ဟု။

ကျောင်းထဲမှာ ရန်မဖြစ်မိဖို့ အနိုင်နိုင်ထိန်းချုပ်ရင်း အိမ်ကျတော့ လင်မယားချင်းပေါက်ကွဲကြတော့သည်။

"ဘာလဲ. . . ဘာမဆိုင်တာလဲ၊ အဲဒီကောင်နာမည် နေမြင့်သူ၊ သူ့အမေက ပြင်သစ်ကပြား၊ မြန်မာစကားတောင် သိပ်ပီသအောင်မပြောနိုင်ဘူး၊ ဒီကောင် မင်းကိုကြိုက်ခဲ့တာ ငါသိတယ်"

မင်းတွေငါတွေနှင့် ဒေါသကြီးနေသည့်သူ့ကို စံ့မျက်လုံးလေး ပြူး၍ လေးကြည့်နေသည်။

ပြီးတော့ မျက်ရည်တွေ တစ်ရစ်ချင်းပြည့်တက်လာ၏။

တို့နောက်မှာတော့ သူ ဘယ်လိုမှမထင်မှတ်ခဲ့သော ကျွယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်စုံးရှစွာအော်ခြင်းဖြင့် ရန်တွေ့တော့သည်။

"ရှင်. . . မစော်ကားနဲ့၊ ကိုယ်နိုးတိုင်း သူများကိုငြိုးတာ မကောင်းဘူး၊ စံတို့က ရိုးရိုးသားသား စာအုပ်ပေးကြယူကြတာ စာအုပ်ကိုသုံးပြီး ရည်းစားစာပေးတာ ရှင့်မှာရာဇဝင်ရှိခဲ့တိုင်း သူများကို မစွပ်စွဲနဲ့"

ကြည့်စမ်း ရှင်တွေဘာတွေတောင်ပြောလို့။

အကဲမှာလည်း ဒေါသတွေအပြည့်နဲ့ဖြစ်သည်။

လွယ်အိတ်တွေပစ်ပေါက်ချကာ နှစ်ယောက်သား ပူးကပ်သွားသည်။ ငိုလည်းငို အော်လည်းအော်နှင့် စံ့ကို သူ ဒေါသဖြစ်ဖြစ်နှင့် ပခုံးနှစ်ဖက်ကို ဆောင့်ခါပစ်လိုက်မိ၏။

တွန်းပစ်လိုက်တော့ ဆိုဖာပေါ်မှာပေမယ့် အရှိန်နဲ့ပစ်ကျသွားတော့ မူးမူးမိုက်မိုက်ဖြစ်သွားမည်သာ။

လက်မောင်းနှစ်ဖက်ကို လက်ဖဝါးကလေးများနှင့် ပြန်ဆုပ်၍ စံ တအားငိုသည်။

ပြီးတော့ သူ့အစ်မဆီ ဖုန်းကောက်ဆက်ပါတော့သည်။

မာနသျှန်ဆိုသည့်နာမည်ကိုတော့ အကဲ တကယ်လန့်နေသည်။

စံ ဖုန်းပြောနေတာကြားသည်နှင့် မြင်သည့်နေရာ ကြားသည့်အရပ်မှ ခိုင်ဖင်ထိုး၍ ပြေးချလာခဲ့မိသည်။

ဖုန်းကို အချိန်မီပြန်လုတာမရ။





ငိုနေတာကို စိတ်ပျက်စွာထိုင်ကြည့်နေရင်း စံ သူ့အစ်မဆီ ဖုန်းဆက်ပြီးတာကို ဖျတ်ခနဲသတိရ၏။

"စံ"

သူ ဖုန်းကို မွေ့ရာပေါ်မှာချထားလိုက်ပြီး စံ့ပခုံးလေးကို မရဲတရဲကိုင်သည်။

"ဖယ်. . . မကိုင်နဲ့"

စံက ပုတ်ချပစ်၏။

"စံရယ်"

သူက ပြန်ကိုင်၏။

စံက ထပ်ပုတ်ချသည်။

လက်ဖဝါးလေးကို ဖျတ်ခနဲဆုပ်ကာ ဘယ်လိုရုန်းရုန်း မလွှတ်တော့ဘဲ ပခုံးလေးကို ဖွတ်တရွတ်ဆွဲဖက်ပစ်လိုက်ပြီး . . .

"စံရယ်. . . ကိုယ်သဝန်တိုတာ စံ့ကိုချစ်လို့ပါ၊ စံ့နားမှာ အဲဒီကောင်ကိုမြင်လိုက်ရတာ ကိုယ့်ရင်ထဲမှာ ဘယ်လောက်ပူပြင်းသွားလဲသိလား"

"အဲဒါ. . . ရှင်. . . စံ့ကိုအထင်သေးတာ. . . စံက. . ."

"တရှင်ရှင်နဲ့ကွာ၊ ရှင်ကြီးကို လွှတ်ပစ်လိုက်စမ်းပါ"

စံက သူ့ရင်ဘတ်ကို လက်သီးဆုပ်လေးနှင့် လက်ပြန်ထုပစ်၏။

"ရှင်ကြီးကိုကော ဒါကြီးကိုပါ လွှင့်ပစ်လိုက်တော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတဲ့လူကြီး လူဆိုး လူကြမ်း သူများကိုနာအောင်လုပ်တာ ရှင့်ကိုမုန်းတယ်သိလား"

"ကိုယ်ကတော့ချစ်တယ်၊ ဘယ်သူလိုက်ကြည့်တာမှ မကြိုက်ဘူး၊ ချစ်လို့သဝန်တိုကြတာ မသိဘူးတဲ့လားစံရယ်"

"စံ့ကိုယုံကြည်ရင် မတိုနဲ့ပေါ့"

"ဟာ. . . အဲဒါမရဘူး၊ သဝန်တိုတဲ့စိတ်မှာ သာတူညီမျှ မရှိဘူး၊ ချို့လို့ချဲ့လို့မရဘူး၊ ချစ်တတ်ပြီဆိုရင် နှလုံးသားရဲ့ ဦးနှောက် ကွန်ပျူတာက လုံးဝအလုပ်မလုပ်တော့ဘူး၊ ချစ်တာတစ်ခုကလွဲရင် ဘာဆိုဘာမှမရှိတော့တာမျိုး၊ သဝန်တိုတယ်ဆိုတာ အဲဒီဘာဆိုဘာမှ မရှိတော့တဲ့ ပရိုဂရမ်တစ်ခုထဲက ဖြစ်မယ်ထင်တယ်"

"သွားနော်. . . စကားရောဖောရော လာမလုပ်နဲ့"

"စံကလည်းကွာ"

"ဟွန်း. . . လူလည်"

စံ့ကို သူ အတင်းပွေ့ဖက်နမ်းရှိုက်နေသဖြင့် ရုန်းနေ တွန်း နေရင်း စံ့မျက်နှာလေး ပြုံးသွားသည်။

"စံ. . . စံကို ကိုယ်ချစ်လွန်းလို့ ဒေါသကြီးပြီး လက်ဆော များသွားတာပါ"

အဲဒီအတွက် ကိုယ် တကယ်စိတ်မကောင်းဘူး၊ ပခုံးလေး တွေ သိပ်နာနေလားဟင်"

"ဟင့်အင်း"





"စောစောကတော့နာတယ်ဆို၊ မျက်ရည်တွေကျနေလိုက် တာ၊ ဒီမှာ ဘာကောက်ကိုင်လို့ ဘာလွှတ်ချမိမှန်းမသိဘူး"

"နာလို့ပေါ့"

"ခုကော"

"ပျောက်သွားပြီ"

"ကိုယ့်ကို စိတ်ထဲမှာ ခုနေသေးလား"

"ဟင့်အင်း"

"ဒုန်း"

စေ့ထားသည့်တံခါးက ဒုန်းခနဲမြည်လျက် တွန်းခါသွား၏။

"စံ"

"ဟင်. . . မမ"

စံနဲ့အကဲ လူချင်းခွာလိုက်ကြသည်။

သျှန့်ထံမှထွက်လာသည့် ဒေါသသံကြောင့် ချင်းချင်းပြောင်း လဲတော့မည့် လာမယ့်မိနစ်အနည်းငယ်အတွင်းမှ အနာဂတ်ကို တွက်မိလိုက်ကြ၏။

"စောစောကပဲ ရိုက်ကြနှက်ကြ ငိုကြယိုကြ၊ ခုတော့ ကျေနပ်ကုန်ကြပြီတဲ့၊ တံခါးဖွင့်စမ်း. . ."

"စံ. . . မင်းအစ်မရောက်လာပြီ"

"ဟုတ်တယ် ကို"

နှစ်ယောက်သား မျက်နှာတွေငယ်ကျကုန်ကာ မှေ့ရာပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလိုက်ကြ၏။

တံခါးက စေ့ရုံသာစေ့ထားတာမို့ အကဲက လက်ကိုင်ကို လှမ်းဆွဲ၍ အသာလေးဖွင့်သည်။

စံက သူ့ပခုံးတစ်ခြမ်းမှာ မစို့မပို့လေးကွယ်လျက် တံခါးတစ်ဘက်မှ ဘွားခနဲပေါ်လာသည့် သျှန့်မျက်နှာကို ရင်မဆိုင်ရဲစွာ။

သျှန်က ညီမဖြစ်သူကို နာကျင်စေခဲ့သူအဖြစ် စူးရဲသောမျက်ဝန်းများနှင့် နာကျင်စွာကြည့်၏။

ပြီးတော့ အကဲ၏ပခုံးထိပ်မှ မျက်လုံးလေးနှစ်လုံးပဲပေါ်၍ ကြည့်နေသော စံ့ထံသို့ ဖျတ်ခနဲကြည့်လိုက်၏။

မနေသာတော့မှ စံက ခပ်ရှိုရှိုလေးထွက်လာကာ. . .

“မမ”

“ဘာလဲ. . . ဒဏ်ရာပျောက်သွားလို့ ကျေနပ်သွားပြီလား”

“မဟုတ်ပါဘူး မမရယ်၊ ဟို. . . ဟုတ်ပါတယ်၊ အစက သူသူနဲ့စံ တကယ်ရန်ဖြစ်ကြတာ၊ ဒါပေမဲ့လေ ဒဏ်ရာမရပါဘူး၊ စံ့ပခုံးကို သူက ဖြည်းဖြည်းလေးဆုပ်ကိုင်ပြီးတွန်းတာ”

“ဘာပြောတယ် ဖြည်းဖြည်းလေးဟုတ်လား စောစောက ပုန်းထဲမှာ ကြူကြူပါအောင်ငိုနေတာ သိပ်မနာဘဲငိုတာပေါ့”

“ဟုတ်. . . ဟင့်အင်း မဟုတ်ဘူး”

“တော်ပြီ မပြောနဲ့”

“အား. . .”





သျှန်က စံ့ကို လက်ကလေးတစ်ဖက်ကို လှမ်းဆွဲပစ်လိုက်၏။ စံ သူမဘေးကို ယိမ်းယိမ်းထိုးထိုးလေးပါလာသည်။

“လင်နဲ့မယားပဲ ဘာပြဿနာပဲဖြစ်ဖြစ် ပါးစပ်နဲ့ရှင်းကြပေါ့၊ ဘာဖြစ်လို့လက်ပါရတာလဲ”

“ကျွန်တော် ပုခုံးကိုကိုင်ပြီးတွန်းဖယ်လိုက်ကာ မွေ့ရာပေါ်ကိုပါ၊ ရိုက်တာနက်တာ ဘာမှမလုပ်ဘူး”

အကဲက ဖြေရှင်းသည်။

ပြီးတော့ ရှေ့ကိုခြေတစ်လှမ်းတိုး၏။

သျှန်က စံ့လက်ကိုဆွဲလျက် နောက်တစ်လှမ်းဆုတ်ပစ်သည်။

“အကဲ. . . မင်းက အရိုးကွဲအောင်များရိုက်ချင်သေးလို့လား၊ ကျိုးကန်းသွားအောင်ရိုက်မှ ရိုက်တယ်လို့ပြောမှာလား. . .”

အကဲက ခေါင်းကိုဆတ်ကနဲခါလိုက်ပြီး မျက်နှာတည်သွား၏။

သျှန့်ပုံစံက စံ့ကို အမိအရဆွဲထားတာ မလွှတ်။

အကဲ သဘောပေါက်သွားသဖြင့် သည်းမခံနိုင်ခြင်းက ခေါင်းမြှူလာသည်။

သျှန်ကလည်း အကဲ သည်းညည်းမခံတာကိုသိသည်။

ဟွန်း. . . ညီအစ်ကိုနှစ်ယောက်လုံး အတူတူပဲဟာ။

“ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်အပေါ် ခွန်အားသုံးတာ သိပ်ကိုအောက်တန်းကျတဲ့လုပ်ရက်ပဲ၊ မင်းကို ညီမက



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်သွားပေမယ့် ငါ့ညီမဘက်က ငါခွင့်မလွှတ်နိုင်ဘူး''

''ဘာဆိုင်လဲ၊ ကျွန်တော်တို့လင်မယားက. . .''

''ဘာဖြစ်ဖြစ် ငါ့ညီမကို နာကျင်စေဖို့မပြောနဲ့ စိတ်ဆင်းရဲအောင်တောင် ဘာမှမလုပ်ခဲ့ဖူးဘူး''

သျှန်ကပြောနေရင်း စံဘက်ကိုလှည့်၍. . .

''သူတို့ယောက်ျားတွေဘက်က 'မယားနေစကြောင်သမျှ' ဆိုတဲ့စကားနဲ့ညီအောင် အိမ်ဦးထက်မှာတင် ဦးချိုးပြတာ၊ ခုကတည်းက ညီမလေးအလျှော့ပေးလိုက်ရင် တစ်သက်လုံးသွားပြီ''

''မမရယ်. . . ကိုက. . .''

''တော်စမ်း. . . နေရာတကာ သည်းခံတာကောင်းတယ်မှတ်လား''

''ကောင်းကောင်းမကောင်းကောင်း သူတို့ချင်းနားလည်ရင်ပြီးတာပဲမဟုတ်လား''

သူတို့သုံးယောက်လုံး လှည့်ကြည့်လိုက်ကြသည်။

စီးက ဘောင်းဘီထဲလက်ထည့်၍ ရုတ်တရက် သူတို့မမြင်နိုင်သည့်ကျောဘက်တစ်နေရာမှာ ရပ်နေ၏။

သျှန့်ဒေါသတွေက သူ့ထံသို့ပါ ကူးစက်သွား၏။

''ရှင့်ညီက ကျွန်မညီမကို ပုတ်လားခတ်လားနဲ့ စော်ကားတာ''

''လင်မယားချင်းပဲ. . .''





''လင်မယားချင်းဖြစ်တာက ညားတာဘယ်လောက်မှမကြာသေးဘူး။ မလွန်လွန်းဘူးလား''

''အဲဒါက ဒီလို. . . ကိုကို''

အကဲက ရှင်းပြဖို့ကြိုးစားသည်။

စီးက လက်ကာ၍ သျှန့်ကိုပဲကြည့်ကာ. . .

''လင်မယားချင်း ဘာကြောင့်ပဲဖြစ်ကြဖြစ်ကြ တရားတာမတရားတာ သူတို့ပဲ ခံစားကြရတာ၊ သူတို့ကိုယ်တိုင် ကျေနပ်ရင်ပြီးတာပဲ၊ မင်း ဒီနားထိလာပြီးစွတ်ဖက်တာ မကောင်းဘူးထင်တယ်''

ဒီနားဆိုသောစကားကြောင့် အိပ်ခန်းရှေ့ခန်းမှာရပ်နေမိသည့်ကိုယ့်အဖြစ်ကိုသတိရကာ သျှန့်မျက်နှာ ရဲခနဲဖြစ်သွားသည်။

မရယ်မပြုံးသော်လည်း သရော်လှောင်နေသည်ဟု ထင်ဖွယ်ရှိသော စီးမျက်လုံးတွေကို မုန်းတီးငြာကြည့်မိ၏။

''ကျွန်မက တကူးတက စွတ်ဖက်ချင်လွန်းလို့မဟုတ်ဘူး၊ ညီမလေး ငိုပြီးဖုန်းဆက်လို့လာတာ၊ လက်သည်းဆိတ်တော့ လက်ထိပ်နာတယ်ရှင့်. . . သိလား၊ ဖုန်းထဲမှာ မမရောလာပါဦးလို့ ငိုယိုခေါ်တာ၊ ရှင့်ညီမဆိုရင် ရှင် ဘယ်လိုနေမလဲ''

စီးက အူကြောင်ကြောင်ပုံစံနှင့် မျက်ခုံးနှစ်ဖက် အနည်းငယ်မြှင့်ပစ်၍. . .

''မသိဘူးလေ၊ ကိုယ့်မှာ နှစ်မမှမရှိတာ''

''တောက်. . .''



www.burmeseclassic.com

www.burmeseclassic.com



ဝက်ခေါက်သံက မထွက်လာပေမယ့် သျှန်ရင်ထဲမှာတော့ ပွဲတင်ထပ်မြည်ဟီးသွား၏။

"မင်းပဲပြောခဲ့တာပဲ၊ လင်မယားချင်း ကျေနပ်ရင်ပြီးတာပဲဆို၊ သာတယ်နာတယ်တွက်လို့မရဘူးဆို၊ အကဲ မတရားသဖြင့် အနိုင်ကျင့်နေရင် သည်းခံဖို့မခံဖို့ကို သူပဲဆုံးဖြတ်ပါစေ. . ."

"သူက ဘယ်တော့မှ ဆုံးဖြတ်ရဲခဲ့တာမဟုတ်ဘူး၊ ဘယ်တော့မဆို တွေဝေလွန်းလို့ ပျော့ညံ့လွန်းလို့ ဘယ်မှာမှစိတ်မချ တာ. . . စံ"

သျှန်က ဆုပ်ကိုင်ထားသည့် စံလက်ကလေးကို လှုပ်ခေါ်ကာ

"စံ. . . သူ ညီမလေးကို စိတ်ထင်တိုင်းပေါက်ကွဲထားပြီးပြီမို့လား၊ ထင်ရာလုပ်ပြီးမှ ပျားရည်နဲ့ဝမ်းချတာမျိုးကို နင်ကျေနပ်သလား ဟင်. . . ညီမလေးပြောစမ်းပါ"

"မမရယ်. . . စံလေ မမကိုတိုင်မိပါတယ်၊ တကယ်လည်း စိတ်ဆိုးခဲ့ပါတယ်။ ဒါပေမဲ့. . . သူက"

"တော်ပြီ. . ."

သျှန်က စံလက်ကိုဆောင့်လွှတ်၍ နဖူးပေါ်မှာဝဲကျနေသည့် ဆံပင်တွေကို ခပ်ကြမ်းကြမ်းထိုးသိမ်းပစ်လိုက်၏။

ထို့နောက် အားလုံးကို ဝေ့ခနဲကြည့်သည်အကြည့်သည် စီး မျက်ဝန်းများထက်မှာ စူးစိုက်၍ ခဏလေးငြိမ်သက်သွား၏။

ပြီးတော့ အားလုံးရှေ့မှ လှည့်ထွက်လာခဲ့မိသည်။





ဒါသကြောင့်လား မခံချင်စိတ်လားမသိ။

မျက်ရည်တို့ ဝေ့ခနဲတက်လာသည်။

အံတင်းတင်းကြိတ်ပြီး ကားပေါ်ဆောင့်ထိုင်ကာ တံခါးကို ပြတ်ဆွဲပိတ်လိုက်တော့ တစ်စုံတစ်ယောက်ကဆွဲထားသဖြင့် မော့ကြည့် လိုက်၏။

"မာနသျှန်. . ."

စီးက တံခါးကိုဆွဲထားရင်း ခါးအနည်းငယ်ကိုင်း၍ သျှန့် မျက်နှာလေးကိုကြည့်သည်။ သျှန်က မျက်နှာကို ရှေ့သို့ ချက်ချင်း လှည့်ပစ်လိုက်၏။

"ဟိုတစ်ခါ မင်းကူညီခဲ့တာကို ကျေးဇူးတင်ကြောင်းပြော မလို့ပါ. . ."

ဟင်. . .။

မျက်နှာမှာ ဖျန်းကနဲနွေးထွေးသွားကာ သျှန် မျက်ဝန်းလေး တွေ လက်လက်တောက်သွားသည်။

စီးက သျှန့်ကိုကြည့်၍ပြုံးပြသည်။

သျှန် လှည့်မကြည့်ပေမယ့် ကျေးဇူးတင်ရမှာသူပဲဖြစ်၍. . .

"အဲဒီနေ့က ကိုယ်တစ်ကယ် ဘာမှမသိတော့တာ၊ မင်းနဲ့ မတွေ့ရင် တော်တော့်ကိုဒုက္ခရောက်မှာသေချာတယ်"

ကိုယ်ဆိုပါလား. . .။

ဒါသက ရေတံခွန်ကြီးတစ်ခုလို အရှိန်ပြင်းစွာ သျှန့် ဒိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကနဲရောက်ပြီး. . .

"ဒီမှာ. . . ရှင့်ကို စေတနာတွေရေစီးကမ်းပြိုပြီး ကားပေါ် တင်ခေါ်လာတယ်လို့ထင်နေသလား"

"မထင်ပါဘူး"

"လမ်းပေါ်မှာ အမြင်မတော်ရင် သူတောင်းစားပဲဖြစ်ဖြစ် အနူအဝဲပဲဖြစ်ဖြစ်. . ."

သျှန်က စကားကိုရပ်ပစ်သည်။

နှုတ်ခမ်းမဲ့၍ စီးကိုကြည့်၏။

စီးက အပြုံးမပျက်ဘဲ စိုက်ကြည့်နေသည်မို့ မျက်ဝန်းချင်း အတန်ကြာဆုံမိကြ၏။

သျှန်က မျက်နှာမလွှဲဘဲ စူးစိုက်ကြည့်၍. . .

"နောက်ဆုံး အဲဒီနေရာမှာ ခွေးတစ်ကောင် ကြောင်တစ် ကောင်ပဲဖြစ်ဖြစ်ပေါ့။ ကျွန်မ တင်ခေါ်လာမိမှာပါ။ ရှင် ကျေးဇူးတင်ဖို့ မလိုပါဘူး"

"ဟွန့်. . ."

စီးက ခပ်ဟဟရယ်လိုက်ပြီး တံခါးကို ခပ်သာသာလေးဖွင့် ထားပေးလိုက်၏။

သျှန်နဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် ကားခေါင်းဘက်ကို နောက်ပြန်နှစ်လှမ်းခန့် ဆုတ်ရပ်လိုက်သည်။

သျှန် မျက်လွှာပင့်ကြည့်လာအောင် သေချာစောင့် ပြီးမှ. . .





"ဘာပဲဖြစ်ဖြစ်ကျေးဇူးပါပဲ၊ ခွေးကလေးကို မင်းခေါ်လာပေး ရင်လည်း ပြောပြတတ်ရင်သူပြောမှာပေါ့၊ မင်းကို ကျေးဇူးတင်ပါ တယ်လို့"

"ဟွန့်. . . လုံးဝမတင်နဲ့"

သျှန် မဲ့ရွဲ့ပြီးမျက်စောင်းထိုး၏။

စီးက ရယ်သည်။

မျက်စောင်းတစ်ခုဟာ မျှားတစ်စင်းဆိုလျှင် ထိုမျှားက ဘယ်ရပ်ဝန်းကိုပဲသွားသွား သူကြည့်ဖြူစွာဖြင့်. . .

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"စားလေ စံ၊ စားမကောင်းဘူးလား"

"ကောင်းပါတယ်"

စံက မလှုပ်တလှုပ်လေးပြောပြီး မျက်လွှာချသွား၏။

တမင်းပန်ကန်မှာ လှုပ်ရှားနေသည့် ဖွန်းနဲ့ခရင်းက သူမ၏ စိတ်ဆန္ဒအတိုင်း တစ်နေရာတည်းမှာပဲ ယက်ကန်ယက်ကန်ဖြစ်နေရှာသည်။

စံ့ကိုကြည့်၍ အကဲ ဘယ်လိုမှဆက်မစားနိုင်တော့ဘဲ နေရာမှထရပ်လိုက်၏။

ဟန်ဆောင်ပန်ဆောင် ကိုင်၍မွှေနှောက်နေရသော စံ့လက်ကလေးနှစ်ဖက်ကို ဆွဲယူလိုက်သည်။

(ဈေးတာပေ)



"စားလို့မရဘူးမဟုတ်လား. . . လာ. . . ထ"

စံက အပြစ်ပေးခံရတော့မည့် ကလေးတစ်ယောက်လို သူ့ကို ချတ်ခနဲမော့ကြည့်၏။

ပြီးတော့ သူ 'မ'ယူလိုက်သည့်အတိုင်းလေး ထရပ်ရှာသည်။ ထင်သည့်အတိုင်းပါပဲ။

စံ့မျက်ဝန်းလေးတွေမှာ မျက်ရည်တွေဝဲနေပြီ။

"ကို. . . စံ့ကို စိတ်ပျက်နေပြီလားဟင်"

"စံရယ်"

"စံတောင်းပန်ပါတယ်၊ စံလေ စံ့ကို မမ မခေါ်ဘဲနေတာကို ဘယ်လိုမှဖြေလို့မရဘူး။ မမကို စံပဲခေါ်ပြီး စံ့ကြောင့် မမ မျက်နှာငယ်အရှက်ရသွားခဲ့တာ"

"ဒီလိုလည်းမဟုတ်ပါဘူးကွာ၊ စံ့ မမ နောက်တော့ စိတ်ပြေသွားမှာပါ၊ ညီအစ်မနှစ်ယောက်ပဲရှိတာဥစ္စာ၊ ကြာကြာ စိတ်ဆိုးနိုင်ပါ့မလား"

စံက သူ့ရင်ခွင်ထဲတိုးဝင်၍ ခေါင်းတွင်တွင်ခါ၏။

"မဟုတ်ဘူး။ မမအကြောင်း စံသိတယ်၊ စိတ်ပြေသွားရင်တောင် စံ့ကို ချက်ချင်းကြီး ကျေနပ်ပေးလိုက်မှာမဟုတ်ဘူး၊ မမကို စံ သက်သက်အရှက်ခွဲလိုက်သလို ပြောလိုက်မိတာ ကိုရဲ့"

"စံက ကိုကို့ကို မကျေနပ်တာလားဟင်၊ မသျှန်ကို ကိုကို ဘ. . ."

(ဈေးတာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ကို၊ မဟုတ်ဘူး"

ဒီလိုကျတော့လည်း စံက ဖျာဖျာသလဲငြင်းသည်။

"ကိုကြီးပြောတာလည်း စံတို့ဘက်ကဆိုပေမယ့် သဘာဝ ကျကျပြောသွားတာပါ၊ ဒါပေမဲ့ မမက မာနကြီးတယ်၊ သူ့အတွက်တော့ ရှုံးနိမ့်လိုက်ရတဲ့အဖြစ်တစ်ခုလို့ တွက်သွားမှာ"

အကဲ သက်ပြင်းချမိသည်။

စံ ပခုံးလေးကိုဖက်၍ ထမင်းပွဲကိုငဲ့ကြည့်မိရင်း တင်းကျပ်နေသည့်စိတ်ကို ဘယ်လိုဖြေထုတ်ရမှန်းမသိ။

သျှုန့်ဆီကို စံဖုန်းဆက်တာ အကြိမ်ကြိမ်။

ဘာတွေပြန်ပြောတယ်ဆိုတာ သေချာမသိရပေမယ့် 'မမက စံ့ကို စိတ်ဆိုးနေတာ' ဟု ဖုန်းပြန်ချရင်းပြောကာ စံငိုတတ်သည်။

ကျောင်းမသွားမီဆက်သည်။

ကျောင်းကပြန်လာလာချင်း ဆက်၏။

ခဏလေးနှင့် သျှုန်က ဖုန်းချသွားတတ်ကာ စံ မျက်ရည်ကျ၍ကျန်ခဲ့၏။

နောက်တော့ ငေးငေးငိုင်ငိုင်လေးဖြစ်လာသော စံသည် သူ ဘယ်လိုချော့ချော့ ပြုံးပြုံးရယ်ရယ် သိပ်မရှိတော့ဘဲဖြစ်လာ၏။

ကြီးကြီးခမျာလည်း စံ့ကို မချော့နိုင်တော့။

တတ်စွမ်းသမျှလုပ်ကိုင်ပေး၍ ခပ်လှမ်းလှမ်းမှာပဲ နေခဲ့တော့သည်။





"သားရယ်. . . မိန်းကလေးက သူ့အစ်မကို တော်တော် ချစ်ရှာတာ" ဟု သူ့အနားလာပြောတတ်၏။

နောက်ဆုံး သူကိုယ်တိုင် စံကြိုက်တတ်တာလေးတွေ ဝယ် ခြိမ်းလာပြီး ပါးစပ်တဲ့အထိ တယုတယခွံကျွေးတာတောင် စံ ဘာမှ ဟက်ဟက်ပက်ပက် မစားတော့ပေ။

မိဘတွေထက်အားကိုးပါတယ်ဆိုတဲ့ စကားတွေ မှားကုန် ပြီလား။

မိဘမောင်ဘွားတွေထက် ပိုချစ်ပါတယ်ဆိုတဲ့စကားတွေကော ဘယ်ရောက်ကုန်ပြီလဲ။

တစိမ့်စိမ့်အေးမြနေသည့် ငါးရာနှစ်ဆယ့်ရှစ်ထက် ပြင်း တယ်ဆိုသော ထောင့်ငါးရာမေတ္တာ၏မာန်ဟုန်က စံ့ရင်ထဲမှာ ဘယ် နေရာရပ်ဝန်းမှာမှ တည်ရှိမနေခဲ့ဘူးလား။

အကဲ စံ့ပါးပြင်လေးကို လက်မနှင့် အသာလေးပွတ်သပ်၍ မျက်ဝန်းလေးတွေကို ငေးကြည့်နေမိသည်။

"ကိုယ် ဘာလုပ်ပေးရမလဲ စံ၊ စံ့ကို ကိုယ် ပျော်စေချင် တယ်ကွာ၊ ခုလို စံဖြစ်နေတော့ ဘာလုပ်လုပ် ဘယ်လိုနေနေ ဘာမှ အဓိပ္ပါယ်မရှိဘူး"

"ကိုနဲ့မှမဆိုင်တာ၊ ဘာမှလုပ်ပေးဖို့မလိုပါဘူး"

"မဟုတ်ဘူးလေ၊ တစ်ခုခု. . . အဲ. . . တစ်ခုခုကွာ၊ ဘာ ဖြစ်ဖြစ်ပေါ့၊ ကိုယ်လုပ်ပေးချင်တယ်၊ ခုလို ဘာမှလုပ်မပေးနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာကိုမှန်းရမ်းပြီး ချော့မော့နေရတာထက်စာရင် တစ်ခုခုကို ကိုယ်လို့ချင်တယ်''

စံက ခေါင်းခါနေဆဲ။

ပြီးလျှင် သူ့ခါးကို ပြန်၍ဖက်တွယ်ထားကာ . . .

''ကို့ကို စံ သိပ်ချစ်တယ်'' တဲ့။

သူ ပင့်သက်ရှိုက်မိတော့သည်။

ဒါဆို ကိုယ်ချော့တော့ ပြုံးပါလားစံရယ်ဟု မပြောဖြစ်ခဲ့။

''စံ''

''ဟင်. . . ကို''

သူ စံမေးဖျားလေးကို မော့ယူလိုက်ပြီး . . .

''နောက်ဆို ကိုယ်တို့ဆင်ခြင်မှဖြစ်မယ်၊ လင်မယားချင်း စိတ်အခန့်မသင့်လို့ စကားများကြတဲ့အခါ လူကြီးတွေကို မသိစေနဲ့တော့။

စံ မျက်ဝန်းလေးတွေ ညို့ခနဲဖြစ်သွားပြီးမှ ခေါင်းညိတ်ပြ

''စံမှားပါတယ် ကို၊ စံ မတိုင်တော့ပါဘူး''

''အဲဒီ မှားပါတယ်ဆိုတာကြီးကိုမပြောနဲ့ စံရာ၊ ဒေါသထွက်ခဲ့မိတဲ့ ကိုယ်ကရော ကောင်းလို့လား၊ နှစ်ယောက်လုံးမှာ အပြစ်ရှိတာပါ၊ နောက်ကျရင် ကိုယ်တို့ဆင်ခြင်ကြမယ်၊ ခုလိုထပ်ပြီး စိတ်မညစ်ရအောင်ပေါ့''

''အင်း''





စံပါးပြင်လေးကို သူ တစ်ချက်ငုံ့နမ်း၍ . . .

''နောက်တစ်ခုရှိသေးတယ်''

''ဘာလဲဟင်''

''စံ့ကို အရမ်းတိုတိုထွာထွာဖြစ်ပြီး စိုးရိမ်လွန်းနေတဲ့ အပျိုကြီးမမကို ချစ်သူရှာပေးမှဖြစ်မယ်''

''ဟင်''

စံ မထင်မှတ်စွာ မျက်ဝန်းလေးတွေဝိုင်းသွားချေ၏။

''ဟုတ်တယ် စံ၊ ကိုယ်တိုင်ချစ်ဖူးမှ ချစ်တတ်တဲ့သူကို ကိုယ်ချင်းစာတတ်တာ၊ သူ့ကို ချစ်တတ်အောင် သင်ပေးမှဖြစ်တော့မှာပေါ့''

''ကိုက ဘာကိုပြောတာလဲဟင်၊ မမက ဘယ်ယောကျ်ားနဲ့မှ ချစ်ဖို့မလွယ်ဘူး၊ အရမ်းမာနကြီးတာ''

''သူ့လိုပဲ မာနကြီးတဲ့လူနဲ့ တွေ့ပေးလိုက်တာပေါ့၊ ဒါဆို သူစိတ်ဝင်စားမှာပါ၊ လူဆိုတာ အမြဲတမ်းအနိုင်ရနေရင် ရင်မခုန်တတ်တော့ဘူးစံရဲ့၊ ရှုံးလိုက်တဲ့အခါ အရှုံးနဲ့အနိုင်ကြားက ပဋိပက္ခမှာ သူ့စိတ်တွေပြောင်းလဲကုန်ရော''

''စံ နားမလည်ဘူး''

''စံ့မမကို ကိုကိုနဲ့ အောင်သွယ်ပေးလိုက်ရင် အားလုံး အေးချမ်းသွားမယ်လို့ပြောတာ''

''အယ်''



www.burmeseclassic.com

www.burmeseclassic.com



ရှိးရှိးလေးအံ့ဩသွားသည့် စုံမျက်ဝန်းလေးတွေကို သူ မြတ်နိုးမဝစွာ ငုံနမ်းလိုက်မိသည်။

ပြောင်းလဲတတ်တဲ့သဘောကို မင်း လက်ခံတတ်ဖို့လို တယ် စံ။

❀ ❀ ❀

## အခန်း (၂၁)

"ဟား. . . တကယ့်ရှယ်ပါလား"

အဆောက်အဦးကြီးကိုလှည့်ပတ်ကြည့်၍ စေ့စပ်သေချာပြီးမှ အကဲက လိုက်လိုက်လဲ့လဲ့ချီးကျူးသည်။

"ကိုကို့အဆောက်အဦးက ပလာဇာလုပ်ပစ်ဖို့ပဲကောင်းတယ်၊ ခုခေတ်ကလည်း အလှအပပစ္စည်းတွေပဲ အရောင်းအဝယ်ကောင်း နေတဲ့ခေတ်"

"ဘာလုပ်ရမှာလဲ"

စီးက မျက်မှောင်ကုတ်၍ ခပ်တည်တည်မေးသည်။

ပြီးတော့ အဆောက်အဦး၏ထိပ်ပိုင်းမှာထည့်ဖို့အတွက် ဆိုအပ်မည့်ပုံစံကို သေချာပြောဆိုနေကြရင်း အင်ဂျင်နီယာများနှင့်



www.burmeseclassic.com

www.burmeseclassic.com



လုံးတွေးသွား၏။

အကဲက ဟိုလျှောက်ဒီလျှောက်နှင့် လူပိုကြီးဖြစ်နေကာ စီးပွ
စကားပြောဖို့ကို အတော်ကြီးစောင့်နေရသည်။

ကိုကို့တို့ အလုပ်မလုပ်တော့လည်း တိုက်တွန်းလိုက်ရတာ

လုပ်ပြီပြော့ဆိုတော့ အားလုံး ဟာခနဲဟယ်ခနဲ ဖြစ်ကုန်
သည်။

ဖေဖေ့ကိုဖုန်းဆက်ပြောတာတောင် တိုင်ပင်တာမဟုတ်
အသိပေးရုံပဲဖြစ်သည်။

ဒါပေမဲ့ ကိုကို အလုပ်လုပ်တော့မည်ဆိုတော့ ဖေဖေ ဝ
သာနေရှာသည်။ အလုပ်လုပ်စေချင်လွန်း၍ မဟုတ်။

ဖေဖေနဲ့ပတ်သက်သော စည်းစိမ်ဥစ္စာကို ခါးသီးစွာ ကျေ
နိုင်းနေခဲ့ခြင်းအတွက် တောက်လျှောက်နေပစ်လိုက်တာ လမ်းပေါ်
တကယ့်ကလေကချေလို မိုးကုတ်တစ်ဝှမ်းမှာ ကျောက်တွင်းများ
ပိုင်ဆိုင်သော ရတနာကုန်သည်ကြီး ဦးဝဏ္ဏ၏ နှစ်ယောက်တည်
သော သားရတနာများထဲမှာ ပျောက်ကွယ်လုလုဖြစ်အောင် ဆေး
ထွက်ရပ်နေခဲ့သည့် စီးနေပုံထိုင်ပုံက ဖခင်ကို သေသည်အထိ ဖြ
တောက်သွားတော့မည့်အတိုင်း။

ခုကျမှ ပြောင်းလဲသွားလိုက်တာ ဘာလုပ်တော့မည်ဆို
ကို အနားမှာရှိနေသည့်သူတောင် ဘာမှသိခွင့်မရခဲ့။

Sale Centre တစ်ခုဖွင့်တော့မယ်ဟု ပြောခဲ့စဉ်က ဒါမျိုး





ကိုကို စိတ်ဝင်စားနေပါလားဟုဆိုကာ နည်းနည်းအံ့ဩခဲ့သည်။

အီလက်ထရောနစ်ပစ္စည်းတွေချည်း လုပ်မယ်ဆိုတော့မှ
ကိုကို တခမ်းတနားလုပ်ချလိုက်တာကို သူ့မှာ အံ့ဩလို့မဆုံး။

အဆောက်အဦးအတွက် နေရာရွေးတာ ဆောက်ဖို့အတွက်
အင်ဂျင်နီယာတွေနဲ့ ညှိနှိုင်းတာကအစ ကိုကိုကစေ့စပ်သည်။

ဆောက်လို့ပြီးတာနှင့် ကုန်ပစ္စည်းသယ်ဖို့ တင်ဖို့ ဝန်ထမ်း
တို့စွအားလုံးကို စီစဉ်ထားပြီးပြီ။

ကိုကိုကငွေကိုင်၍ စလုပ်ရှားပြီဆိုကတည်းက အကွက်ချ
ထားသည့်အတိုင်း ထောင့်စေ့သည်။

အဖိတ်အစင်ယိုပေါက်မရှိ။

သူ့မှာ အပေါင်းအသင်းမိတ်ဆွေပို မထား။

သူ့ဘေးမှာ တစ်ယောက်ပဲရှိသည်။

သူ ဖေဖေနဲ့အမြဲရှိနေတတ်သော သူတို့ညီအစ်ကိုနှစ်ယောက်
ကို ငယ်စဉ်ကတည်းက သူငယ်ချင်းလိုပေါင်း၍ ကိုယ်ခံပညာတွေပါ
သင်ကြားပေးခဲ့သော ဦးမိုးခမ်းဖြစ်သည်။

အလုပ်လုပ်တော့မယ်ဆိုကတည်းက ဘဘခမ်းကို လှမ်း
ခေါ်သည်။

ဖေဖေကလည်း ချက်ချင်းလွှတ်ပေးလိုက်၏။

ကိုကို တိုင်ပင်ဆွေးနွေးတာ ဘဘခမ်းနဲ့ပဲဖြစ်သည်။

သူ့ကိုတောင် ကိုကိုစီစဉ်လုပ်ကိုင်သမျှ ဘဘခမ်းက ပြောပြ၍



www.burmeseclassic.com

www.burmeseclassic.com



သိခဲ့ရတာဖြစ်၏။

"တွေ့တယ်မို့လား အကဲ၊ ငါ့ကောင်လေးက မင်းနဲ့မတူတာ"

ဟု ငယ်ငယ်တုန်းကလိုပဲ နောက်နေသေးသည်။

သူတို့မူလတန်းကျောင်းသားအရွယ်ကတည်းက ကိုယ်ခံပညာတွေသင်ပေးတော့ ကိုကိုက ဝါသနာကြီးသည်။ သူကတော့ အသားနာလျှင် မျက်ရည်ကျသူ။ ယောက်ျားမဟုတ်ဘူးလားဟု ဘဘခမ်းက အနာကိုတွေးဆွပေးရင်း မရမကသင်စေခဲ့၏။

ဒါတောင် ကိုကိုတော်သလောက် သူမတော်ခဲ့ပါ။

"တွေ့လား...အကဲ၊ ကိုကိုကစားသွားတာ အနိုင်မခံနဲ့ ပြန်ချ"

ဘဘခမ်းက အမျိုးမျိုးဆွဲခေါ်သည်။

နှိုးဆော်တိုက်တွန်း၏။

ဒါပေမဲ့ အကဲဆိုသည့်သူ့မှာ ပျော့ပျော့နွဲ့နွဲ့ဟန်ပန်နှင့် 'သားကဆရာဝန်လုပ်မှာ' ဟုသာ ပြောတတ်သူ။

ထိုအကြောင်းပြချက်နဲ့ပဲ ကိုယ်ခံပညာသင်ပေးတော့မယ်ဆိုတိုင်း ရှောင်ထွက်နေခဲ့၏။

ထို့ကြောင့်လည်း ဘဘခမ်းက သူ့ကို 'လူပျော့ကလေး' ဟု နောက်ခဲ့သေးသည်။

ကိုကို ရန်ကုန်မှာလေလွင့်နေတော့ ဖေဖေကညည်းသည်။





"ဒီကောင်တော့သွားပြီ" ဟု။

ဘဘခမ်းကတော့ ဖေဖေထိုစကားပြောတိုင်း ခေါင်းငုံ့နေတတ်ပါ။

"စီးက မာနရှိတဲ့ကလေးပါ၊ မပျော့ညံ့တတ်ဘူး။ ဆရာကြီးကြည့်နေ၊ သူ့စိတ်က သူ့ကိုနှိုးဆော်လာတဲ့အခါ သူများအံ့ဩလောက်အောင် လုပ်သွားလိမ့်မယ်၊ ဒီလိုလူမျိုးကို တစ်ယောက်ယောက်က ဆရာလုပ်လို့မရဘူး"

ဘဘခမ်းက ယုံကြည်ခဲ့သည်။

ခုတော့ ဖေဖေကိုယ်တိုင် ဘဘခမ်းကို ယုံကြည်စွာလွှတ်ပေးလိုက်သည်။

"သားကြီးကို တိုးတက်အောင် အကြံကောင်းဉာဏ်ကောင်းတွေ ခင်ဗျားပေးနိုင်မှာပါ"

"သားငယ်...မင်းအစ်ကိုကိုဂရုစိုက်' ဟုလည်း မှာသေးသည်။

သူ့မှာ ဖုန်းနားထောင်ရင်းပြုံးမိရသည်။

မင်းအစ်ကိုကို ဂရုစိုက်ဆိုလို့ပါ။

"ညီ"

"ဟင်"

အဆောက်အဦးနဲ့ အလုပ်သမားတွေကိုမော့ငေးနေရင်း အတွေးလွန်သွားတာ အနားမှာ ကိုကိုရောက်လာတာကို မသိလိုက်။



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းသွားစားရအောင်"

"ကိုကိုအားပြီလား"

"အင်း"

ညီအစ်ကိုနှစ်ယောက် ဆိုဒ်ထဲကနေထွက်လာခဲ့ကြသည်။

ကားမယူဘဲ လမ်းလျှောက်ထွက်လာတာမို့ ဒီအနီးအနားမှ ကိုကို စားသောက်ဖို့ စိတ်ကူးထားပုံရ၏။

"လာ. . . ဒီကို"

လမ်းတစ်ဘက်ကိုကူးကာ မျက်နှာစာမှာ မှန်တွေချည်းကာထားသော သိပ်မကျယ်လှသည့်တိုက်ခန်းကျဉ်းလေးထဲ ဝင်လာခဲ့ကြ၏။

အထဲမှာတော့ စားပွဲတိုင်းလိုလို လူတွေပြည့်နေသည်။

ဆိုင်၏အခင်းအကျင်းက သေသပ်လှပနေ၏။

နှစ်ယောက်အတူ လွတ်နေသောစားပွဲတစ်လုံးကို ရှာကြကာ ထိုင်လိုက်ကြသည်။

"လူတွေများတယ်နော်"

အကဲက မနေနိုင်ဘဲပြောလိုက်သည်။

"ဒီဆိုင်က ကောင်းတယ်၊ ငါ ဒီမှာစားနေကျ"

စားသောက်စရာတွေမှာပြီး အအေးအရင်သောက်ဖြစ်ကြ ရင်း. . .

"ကိုကို"





သူ ခေါ်ပြီး စီးမျက်လုံးတွေရောက်လာတာကို စောင့်သည်။

ပြီးမှ . . .

"ဆိုင်ထမင်းဆိုင်ဟင်းတွေစားနေရတာ နေ့တိုင်း မငြီးငွေ့ဘူးလား"

စီးက သူ့မျက်နှာကို စိုက်ကြည့်သည်။

ရှေ့ဆက်ဖို့စကားအတွက် မျက်နှာပေါ်မှာအရိပ်မထင်အောင် သူ ခပ်တည်တည်ကြီးနေ၍ ဘယ်လိုပဲဖုံးဖိထားထား စီးကလည်သည်။

တစ်ချက်စိုက်ကြည့်လိုက်တာနှင့် ဘာကိုပြောချင်တာမှန်း သိသွားသည်။

"အဲဒါ မင်းအလုပ်မဟုတ်ပါဘူး"

အကဲက ပခုံးတစ်ချက် မသိမသာတွန့်ကာ . . .

"ကိုကို့ကို ပြောစရာရှိလို့"

"သိတယ်. . . ကျောင်းပိတ်တဲ့ရက်မှာ မိန်းမနားမှာမနေဘဲ မင်းရောက်လာတာ သတိရလို့လာတာမဟုတ်မှန်း"

"အဟွန့်. . . ကိုကိုကလည်း"

အကဲက ရယ်ကျဲကျဲနှင့် ဆိုင်ထဲကို မျက်လုံးတစ်ချက်ဝေ့ ၏

ဟုတ်နေတာကို မလုံမလဲ ရှောင်ဖယ်လိုက်ခြင်းဖြစ်သည်။

"ပြော. . . ဘာလဲ"

"ကိုကို့ကို အရင်မေးချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



စီးက အအေးကိုတစ်ဝက်ကျအောင်မော့၍ ပြန်ချလိုက်သည်။

အကဲက အပြုံးတစ်ချက်နှင့် အရင်မျက်နှာချိုသွေးသည်။

ကိုကိုစိတ်ရှိမဆိုးနဲ့နော် ဟု ကနွဲ့ကလျတွေပြော၍ စကား ပလ္လင်ခံနေလျှင်လည်း ပိုဆိုးသွားနိုင်သည်။

ထို့ကြောင့် သူ သွယ်ဝိုက်နေဖို့စိတ်မကူးတော့ဘဲ. . .

"ကိုကို မိန်းမယူဖို့စိတ်မကူးဘူးလား"

ဟု တည့်တည့်ပဲမေးလိုက်၏။

"ဘာ"

ဒီတစ်ခါ စီး အကယ်အံ့ဩသွားခဲ့သည်။

"မင်း. . . ဘာပြောတာလဲ"

"ကိုကို့ကို မိန်းမယူစေချင်လို့"

"ဘာဖြစ်လို့လဲ၊ ငါ ဒီလိုနေတာ မင်းထမ်းထားရလို့လား"

"အဲဒါထက်ပိုဆိုးနေတာ"

အကဲ မျက်နှာရှုံ့မဲ့နေတာကို စီးက သေချာကြည့်သည်။

အကဲက ပြန်ကြည့်၍ မျက်နှာကို လက်ဝါးနဲ့ပွတ်ပစ်လိုက် ပြီး . . .

"ကိုကို မသျှန်ကို စိတ်မဝင်စားဘူးလား"

"ဘယ်လို"

စီးအသံက မကျယ်ပေမယ့်တင်းမာသွား၏။

"စကားကိုဆင်ခြင်ပြော၊ တဖက်သားထိခိုက်ရင် မကောင်း





ဘူး"

"ကိုကိုကလည်း"

အကဲက ဆံပင်တွေထဲ လက်ချောင်းတွေထည့်၍ ဖွပစ်ပြန် သည်။

"ပုံစံက တကယ်စိတ်ပျက်ညစ်ညူးနေမှန်း သိသာလာတာ မို့ စီးက မျက်နှာကိုပြန်လျှော့ချကာ . . .

"မင်းနဲ့ အဲဒီကိစ္စက ဘယ်လိုပတ်သက်နေလို့လဲ"

"ပတ်သက်တာပေါ့ကိုကိုရာ၊ လုံးဝ တိုက်ရိုက်ကြီးကိုပတ် သက်နေတာ၊ ဟိုတစ်နေ့ကပြဿနာလေ"

အကဲက ဖြစ်ခဲ့သမျှကိုပြောပြကာ ဒီနေ့ထိ သျှန်ရောက် မလာတာကိုကော စံကိုပါ အဆက်အသွယ်မလုပ်ဘဲထားသည့်ကိစ္စ ကိုပါ ထည့်ပြော၍ . . .

'စံက တငိုငိုတရယ်ရယ်နဲ့ သူ့အစ်မကိုပဲ တမ်းတနေတာ' ဟု ပြော၍ အဆုံးသတ်၏။

ထိုအခါ စီးက မစာမနာမဲ့ရွဲ့ကြည့်ပြီး တစ်ဖက်လှည့်၏။

ပြီးမှ လှည့်မကြည့်ဘဲပြောသည်။

"တမ်းတနေရင်ပို့ပေးလိုက်ပေါ့၊ သူချစ်တဲ့သူနဲ့နေပစေ"

"ဟာ. . . ကိုကိုကလည်း"

အကဲ မျက်နှာပျက်ကာ 'ပြောရက်လေခြင်း' ဆိုသော မျက်လုံးများနှင့် ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလည်းမပြီးသေး။

အိမ်ထောင်သည်တစ်ယောက်ဟုလည်း ခုချိန်ထိ သတ်မှတ်သဘောထား၍မရသေးသော ညီဖြစ်သူ၏မျက်နှာချောချောကို စီးကရူးစိုက်သည်။

သူ့ညီမကို သူ့အစ်မက ဘယ်လိုသဘောထား၍ အူတိုအကဲပါနေမှန်းမတွေးမိ။

တွေးကြည့်ဖို့လည်း သူ စိတ်မဝင်စားပါ။

ညီ့ကိုတော့ သူ ခုချိန်ထိ နမျောနေဆဲ။

ညီအစ်မတွေလို နင့်သီးစွာခင်တွယ်တာမျိုးတော့ ဟုတ်ချင်မှဟုတ်မည်။ ဒါပေမဲ့ ညီ့ကို သူ ချစ်ခဲ့သည်။

ခွဲနေကြရပေမယ့်လည်း ညီ့ကို သူ စောင့်ရှောက်ခဲ့သည်သာ။

ဘယ်လိုမှ တားချိန်ဆီးချိန်မရလိုက်ဘဲ မိန်းမယူပစ်လိုက်သည့် ဖြစ်လာခွင့်မလွှတ်လို့မဖြစ်သော အခြေအနေမို့သာ ကြည့်နေခဲ့ရသည်။ သဘောတူကြည့်ဖြူခဲ့တာမဟုတ်။

ထိုကိစ္စအတွက် နှစ်ဖက်ပြေလည်အောင် ကိုယ့်ဖက်ကကြိုးစားပေးဖို့များ အိပ်မက်ထဲပင် ထည့်မမက်ခဲ့ဘူး။

မချစ်ရင်သွားပေါ့။

အကဲက စီးမျက်နှာပေါ်မှာ ထကြွလာသည့်မာနစိတ်တွေကို မြင်ကာ ခေါင်းတယမ်းယမ်းဖြစ်သွား၏။

"ကိုကိုက ချစ်မှမချစ်ဘူးတာ၊ ပြောမှာပေါ့"

(မှူးတာပေ)



ဟုလည်း အပြစ်တင်လိုက်မိသည်။

စီးမျက်ဝန်းတွေ လက်ခနဲဖြစ်သွား၏။

"မချစ်ဘူးတာ ချစ်မှုးတာနဲ့ စာနာပေးတာက ဘာမှမဆိုင်ဘူး၊ မင်းချစ်လို့ ငါတားတဲ့ကြားက ဖွတ်ယူပစ်လိုက်တာကို ငါဘာပြောခဲ့လို့လဲ"

"အစအနပြန်မကောက်နဲ့ ကိုကိုရာ"

"မကောက်လို့မရဘူး။ မင်းရဲ့ အိမ်ထောင်ရေးကို ငါ့သဘောမပါခဲ့တဲ့အတိုင်း ငါနေခဲ့တာ။ အဲဒါ မစာနာတတ်လို့ မဟုတ်ဘူးလေ မင်းထင်ရာမင်းလုပ်ခဲ့ပြီးပြီ ရောက်ဖြစ်ရင် ကိုယ့်မသေခေး ကိုယ်ပေါ်ဖို့ပဲရှိတယ်။ ဘာဖြစ်လို့ သူများကိုခွဲထည့်တာလဲ"

"ကိုကိုက သူများမှမဟုတ်တာ"

"ဒါပေမဲ့ မင်းစိတ်ကူးယဉ်တိုင်း ငါမယဉ်တတ်ဘူး"

"မသျှန်ကို ကိုကို စိတ်မဝင်စားဘူးလား"

"ညီ မင်းပြောလေ ကဲလေပါလား"

"မဟုတ်ဘူးကိုကို ညီ အဲဒီလိုပဲစိတ်ကူးမိတယ်။ သူ့အစ်မက သူ့ညီမကို အနီးဖြူဖြူလေးထဲက ကလေးလေးလို ယုယချင်နေတာ နှပ်တွဲလွဲနဲ့ သူငယ်နှပ်စားလေးလို အလိုလိုက်ချင်တာ။ ညီ ဘာလုပ်လုပ် အကောင်းမမြင် ငါ့ညီမဆိုတဲ့ ဖွဲနဘဲနဲ့ဆရာလုပ် ကြားထဲက စီတစိတ်ဆင်းရဲရတာ"

"ဘာစိတ်ဆင်းရဲတာလဲ"

(မှူးတာပေ)

www.burmeseclassic.com

www.burmeseclassic.com



"သူကလည်း သူ့အစ်မကို ချစ်တာပဲလေ"

"ဒါဆို မင်းကဘာလဲ"

အကဲ ပါးစပ်ပြင်ပြီးမှ ပြန်ပိတ်သွားသည်။

ကိုယ့်ဘက်ပါအောင် ပြောနေရင်း သူ့စကားက လမ်းကြောင်းလွဲသွားသည်။

စီးက ဟွန့်ခနဲ မဲ့ကာ...

"ကိုယ့်ကို မချစ်ဘူးဆိုလည်း သွားပစေပေါ့ကွ။ အစ်မကိုချစ်ရင် အစ်မနဲ့ပဲနေလို့ သဘောထားပြီး လွှတ်ပေးလိုက်"

အကဲ မျက်နှာနီတီတီဖြစ်သွားပုံကို စီးက စိုက်ကြည့်၍ပြုံးလိုက်၏။

"ကိုယ်ချင်းမစာဘူးလို့ပြောမလို့လား ဟုတ်တယ် မစာနိုင်ဘူး ငါယူမယ့် မိန်းမကလည်း အဲဒီလိုစိတ်နှစ်ခွနဲ့ လုံးဝမဖြစ်ရဘူး။ မင်းညံ့လို့ မင်းခံရတာ ကျေနပ်လိုက်တော့"

စားစရာတွေရောက်လာတော့ စကားက ပြန်ဆက်ဖို့ခက်သွား၏။

သူ့ဘက်က ဘာမှပြောစရာ မကျန်တော့သည်ဖြစ်ရာ...

အကဲ မကျေနပ်ခြင်းများနှင့် ထမင်းစားခြင်းကို စတင်လိုက်၏။

စီးက ဖြတ်ခနဲလှည့်ကြည့်၍ မသိမသာပြုံးသည်။

❀ ❀ ❀



## အခန်း (၂၂)

အရေးပေါ်အကြောင်းကိစ္စတွေ ဖြစ်လာသဖြင့် စက်ရုံကြီးထဲထိ သျှန်ဆင်းလိုက်ခဲ့ရသည်။

သျှန် ဝင်လာတာမြင်သည်နှင့် အလုပ်သမားတွေပို၍ များယာခတ်ကုန်၏။

"ဘာဖြစ်တာလဲ ကိုမောင်နိုင်"

"ညက စက်ချို့ယွင်းသွားတာ ပစ္စည်းက ကျသင့်သလောက် မကျဘူး။ ပစ္စည်းမှာထားတဲ့ကွန်စထရက်ရှင်က ဖုန်းဆက်နေတယ် သျှန်၊ သူတို့က ငွေအပြည့်ပေးထားပြီးသား"

"အဲဒါ ဘယ်လိုလုပ်မလဲ"

"အန်ကယ်မင်းတော့ စက်ရုံ(၃)ကိုပြေးတယ်၊ အဲဒီက



www.burmeseclassic.com

www.burmeseclassic.com



လက်စတွေကိုခဏထားပြီး ဒီကပစ္စည်းတွေကျအောင် မျှဆွဲရမှာပဲ''

''စက်ရုံ(၃)မှာ ဘယ်သူလဲ''

''အောင်ဝင်းတို့ ရှိတယ်''

သျှန် မျက်နှာမကောင်းဘဲရှိနေသဖြင့် ကိုမောင်နိုင်က စက်ရုံ(၃)ကို တစ်ခါပြေးပြန်သည်။

နောက်တစ်ခေါက် သူပြန်ရောက်လာတဲ့အထိ သျှန် ရှိနေဆဲကိုမြင်လျှင်. . .

''ရုံးခန်းမှာသွားနားလေ သျှန်၊ စက်ရုံထဲမှာ ထိမိခိုက်မိလိမ့်မယ်''

''ရတယ်၊ အချိန်မီပြီးသွားအောင်ပဲ ရှင်ကြိုးစားစမ်းပါ။ အလုပ်လုပ်ရတာ ဘာမဟုတ်တာလေးနဲ့ မျက်နှာအပျက်မခံနိုင်ဘူး''

နာရီတစ်ချက်ကြည့်ကာ ကိုမောင်နိုင် ပြန်ပြေးသွားပြန်သည်။

အလုပ်သမားတွေက ကျလာသည့်ပစ္စည်းတွေကို သေချာရေတွက်ပြီး နောက်ဖုံးဖွင့်ထားသည့် ကားကြီးပေါ်သို့ တင်နေကြသည်။

ထိုစဉ် သူမနားသို့ စိုးရောက်လာပြီး. . .

''မမ. . . ပစ္စည်းမှာထားတဲ့သူဌေး ရောက်လာပြီ. . .''

''ဟင်. . .''

**သျှန် ဘာမှမပြောရသေးပါ။**

စိုးက နောက်သို့ ဖြတ်ခနဲလှည့်ကြည့်၍ ပျာပျာသလဲဖြစ်





သွားသဖြင့် လိုက်ကြည့်လိုက်မိလျှင် သျှန့် မျက်ခုံးလေးနှစ်ဖက်တွန့်သွား၏။

လေးညှင်းရောင်အဖြူစင်းနှင့် ဖောရိန်းရှပ်ကို ဘောင်းဘီရှည်အနက်နှင့်တွဲဝတ်ထားကာ ခပ်ပျော့ပျော့ဆံပင်ရှည်ရှိသောမျက်နှာ။

ဖြူဝင်းသော မျက်နှာထက်မှာ ဆံပင်ရှည်တချို့ ပြန်ကျနေသည်၊

အထက်စီးဆန်သောမျက်ခုံးနှစ်ဖက်က သူ့နာမည်ကိုမေ့လို့မရလောက်အောင် ထူတန်းမည်းနက်ကာ ခပ်တွန့်တွန့်ပုံစံ အမြဲရှိနေတတ်သည့်ယောကျ်ား. . .

ထိုယောကျ်ားဒေါ်နွတ်ခမ်းတို့သည်လည်း လှေ့ရိုလှေ့ရဲ ဘယ်သောအခါမှမရှိ။ အထက်စီး. . .၊

ဟိုတစ်ခါကတော့ သူမထံမှ အလုပ်လျှောက်ထားလိုသူအဖြစ် အင်တာဗျူးဖြေဆိုရန် ရောက်လာဖြင်းဖြစ်လျက် ခုတော့သူမအတွက် ဘေးကျပ်နံကျပ်ဖြစ်စေနိုင်သော မြို့ကြွယ်တစ်နေရာမှလက်နက်ပုန်းများကို သယ်ဆောင်လာခဲ့ပြီ။

ကိုယ့်ဖက်ကချို့ယွင်းချက်မို့ လက်ခံထားခဲ့သော အလုပ်အတွက် အဆင်ပြေဆုံးပြောဆိုဖို့ လျှော့ချထားခဲ့သည့်မျက်နှာကတင်းခနဲဖြစ်သွားသည်။

ဒါဟာ တိုက်ဆိုင်တာပဲဖြစ်ဖြစ် တမင်တကာဖြစ်ဖြစ် ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



သိနေသည့်သူဟာ မျှော်လင့်မထားခဲ့သောသူမကို အနိုင်တိုက်ဖို့ လက်နက်အပြည့်အစုံတော့ပါမှာပင်။

ဘယ်လိုမှ အကောင်းမမြင်နိုင်သည့်စိတ်က သူ့ကိုစေ့စေ့ ကြည့်ရင်း ပို၍သာတင်းကျပ်လာခဲ့၏။

"ဟင်ဂလန် နှစ်ထောင်မှာထားတာရှင်လား..."

"ဟုတ်တယ်၊ အခု မပြီးသေးဘူးမဟုတ်လား"

"ရှင်သိလို့ တမင်ရောက်လာတာလား အထက်စီး"

"ဟာ...မင်း ဗလာချည်းပါလား၊ မင်းစက်ရုံမှာ မင်းဖြစ်နေတဲ့ကိစ္စတစ်ခုကို တို့က ဆိုက်ထဲကနေ လှမ်းမြင်နိုင်ရအောင် နတ်မျက်စိရှိနေတာမှမဟုတ်တာ၊ ပစ္စည်းကို ဒီမှာထားတာတောင် အခု ပစ္စည်း အချိန်မှီမရောက်မှသိတာ၊ အခုဘယ်လိုလုပ်ပေးမလဲ"

"ကျွန်မ ရှင်နဲ့ပြောရမှာလား၊ ရှင့်သူဌေးနဲ့ပြောရမှာလား"

"ဘာရယ်..."

စီးက ခပ်ကြောင်ကြောင်ဖြစ်သွားပြီးမှ ဟက်ခနဲရယ်ချလိုက်ပြီး ကိုယ့်ကိုယ်ကိုပြန်ငုံ့ကြည့်၏။

"အင်း ကိုယ့်ကိုယ်ကိုတော့ သူဌေးပုံပေါက်ပြီမှတ်နေတာ ဘာလဲ...ကိုယ့်ပုံစံက အလုပ်သမားရုပ်ပေါက်နေလို့လား"

သျှန် သဘောပေါက်သွား၏။

မျက်နှာပြင်လေးမှာ နီမြန်းသွားသော်လည်း ပို၍တင်းမာလိုက်သည်။





"ရှင်...ခနိုးခနဲ့လျှောက်မပြောနဲ့၊ အခု ဘာဖြစ်ချင်သလဲ ပြော"

"ရှင့်လှချေလား..."

သူက ပြုံးရယ်ခြင်းမရှိဘဲ ပုခုံးတစ်ဖက်တွန့်၍ လည်ပတ်နေသည့်စက်တွေဆီ လှမ်းကြည့်၏။

"ဘယ်အချိန် နောက်ဆုံးရနိုင်မလဲ"

"မပြောနိုင်ဘူး"

"မပြောနိုင်လို့မရဘူးလေ။ မင်းကို သပ်သပ်ထပ်လျှော့ပေးထားတာ၊ တကယ်ဆို ကိုယ်အတိအကျလုပ်ထားပြီးပြီ၊ မင်းဖက်က တိကျရမှာ၊ ထပ်ဆွေးနွေးစရာ ဘာမှမလိုတဲ့ကိစ္စ"

"လျှော့ဖို့မလိုဘူး၊ ရှင်ဖြစ်ချင်တာကိုပြော"

သျှန်က အသံကိုခပ်အုပ်အုပ်ပြော၍ အံကြိတ်၏။

စီးက သူမကိုစူးစိုက်ကြည့်၏။

"မာနသျှန် တို့ မင်းနဲ့ ရန်ဖြစ်ဖို့လာတာမဟုတ်ဘူး"

"ကျွန်မကလည်း ရန်ဖြစ်တမ်းကစားနေတာ မဟုတ်ဘူး။ ရှင်နဲ့ကျွန်မ ဘာမှလည်း ထပ်ဆွေးနွေးဖို့မရှိတော့ဘူး၊ အခု ကျွန်မဘက်ကပျက်ကွက်သွားပြီ၊ ရှင်ဘယ်လိုဖြစ်ချင်သလဲ"

"ကျွတ်"

စီး ကျွတ်ခနဲစုပ်သက်၍ မျက်မှောင်ကုတ်ထားမိသည်။

ခပ်လှမ်းလှမ်းမှ ကြည့်လည်းမကြည့်ရဲ စပ်စုလိုစိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိရှိနှင့် တစေ့တစောင်းအကဲခတ်နေကြသော အလုပ်သမားတို့ကို တစ်ချက်ဝေ့ကြည့်၏။

သျှန်က လက်ကလေးနှစ်ဖက်ပိုက်ထားကာ မျက်နှာ ခပ်လွှဲလွှဲနှင့်ရပ်နေ၏။

စီးက သျှန့်ရှေ့မှာထိုးရပ်လိုက်ကာ. . .

"မင်းက ဘာကိုမေးနေတာလဲ၊ ဘာဖြစ်ချင်သလဲဆိုတာက ဘာလဲ၊ မင်းကဘာပြန်ပေးမှာလဲ၊ အခု ဒီနေ့ဒါမရလို့ တို့ဆိုက်ထဲမှာ အလုပ်ပျက်သွားရင် မင်းပေးနိုင်တာတွေနဲ့ ဖာထေးပစ်လို့ရသွားနိုင်သလား"

သျှန့်မျက်ဝန်းတွေ လှုပ်ရှားသွားပေမယ့် ဘာစကားမှမဆို. . .။

"ပစ္စည်းကိုပဲအပြည့်လိုချင်တယ်၊ အဲဒါ မင်းဘယ်အချိန်ရမလဲပြော. . ."

"မပြောနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စက်က ဘာဖြစ်သွားမှန်းမသိဘူး"

"မကျွင်းမရှိဘူးလား"

"ဒီနေ့မရှိဘူး"

တစ်ခုခု ထပ်မေးမည်ပြင်ပြီးမှ စီးမမေးဖြစ်တော့. . .။

သူ ဂုတ်ပိုးကဆံပင်ကို တစ်ချက်သပ်၍ မျက်မှောင်ကုတ်ရင်း ငြိမ်သက်နေ၏။ ခဏကြာလျှင်. . .

(ဗျူးစာပေ)



"စက် ခဏကြည့်မယ်"

ဟု ပြောလည်းပြော သူ အတွင်းဘက်သို့လည်း လျှောက်ဝင်သွား၏။

သျှန်ရပ်ကြည့်နေပြီးမှ သူ့နောက်က ခပ်သုတ်သုတ်ကလေးအမီလိုက်ခဲ့မိသည်။

"ဟေ့. . . မန်နေဂျာဘယ်မှာလဲ"

"ကျွန်တော်ရှိပါတယ်"

ထွက်လာသူက အသက်နှစ်ဆယ်ခန့်ရှိသည့် လူငယ်တစ်ယောက်. . .။

"မင်းကိုမေးတာမဟုတ်ဘူး။ မန်နေဂျာဘယ်မှာလဲ"

"ခုနကပဲ အပြင်ထွက်သွားတယ် ခင်ဗျ"

စီးက သျှန့်ကို ဖြတ်ကနဲငဲ့ကြည့်၏။

သျှန့်မျက်နှာလေး နီရဲတင်းမာသွားသည်။

စီးသည် ထိုမျက်နှာကို အမိအရကြည့်၍. . .

"မြင်းကိုထိန်းရင် မြင်းစီးတတ်ဖို့တော့လိုတယ်၊ မင်းကိုပုတ်ခတ်ပြောတာမဟုတ်ဘူး။ တည့်တည့်ပြောတာ. . ."

စီးကပြောပြီး စက်၏နောက်ဘက်ကိုဝင်သွား၏။

"မင်းနဲ့ ဟိုနှစ်ယောက်လိုက်သွား"

"ဟုတ်ကဲ့. . . မမ"

"ဟိုနှစ်ယောက် သူနဲ့လိုက်သွား"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



အနီးဆုံးမှာရှိသည့် လူတွေကိုမေးဆတ်ပြီး ဟိုသွားဒီသွား ပြောလိုက်ပြီးမှ သျှန် ရပ်ကျန်နေခဲ့ရင်းစဉ်းစားသည်။

သူက အလုပ်သမားမဟုတ်. . . ။

ကိုယ်မလိုက်ဘဲ နေလို့ကောင်းပါ့မလား။

တွေးမိပြီး နောက်ကနေလိုက်လာခဲ့မိသည်။

အခြေအနေသည် ဘယ်လိုမှထင်မှတ်မထားခဲ့သော အချိန်ကာလလေးအတွင်းမှာ ဆိုးရွားစွာပြောင်းလဲသွားခဲ့၏။

သံထည်အကြမ်းဆုံးတွေ စီးထားသည့်ကြားထဲမှ သူရပ်လျက် အလုပ်သမားတွေ ဆီထိုးနေသည့်ဆီကို ကြည့်နေသည်။

သျှန်လိုက်သွားခိုင်းလိုက်သည့် စက်ထဲမှ အလုပ်သမားလေးနှစ်ယောက်က သူ့ဘေးမှာရပ်နေ၏။

သျှန်လိုက်လာတာကို သူကလှမ်းကြည့်ရင်း မျက်လုံးကဖျတ်ကနဲ အပေါ်သို့ရွှေ့သွားကာ. . .

"ဟာ. . ."

"ဂန်း. . . ခွမ်း"

"ဒိန်း. . ."

"သျှန်. . . နောက်ဆုတ်"

"အား. . ."

အပေါ်ပိုင်းမှာ နားကွဲမတတ် ကျယ်လောင်စွာမြည်ဟီးသွားသံ ကြားလိုက်ရ၏။ သူမကိုယ်ပေါ်သို့ တစ်စုံတစ်ရာ ပြိုကျလာပြီမှန်း





သိလိုက်၏။

သို့သော် မျက်လုံးထဲမှာမည်းပြာသွားကာ ခြေထောက်တို့က ဘယ်လိုမှရွှေ့လို့မရတော့. . . ။

သျှန် မျက်လုံးစုံမှိတ်၍ တအားအော်ပစ်လိုက်စဉ် ကိုယ့်ကိုတစ်စုံတစ်ယောက်က အရှိန်ဖြင့် ဆွဲဖက်လှိမ့်ချခြင်းကိုသိလိုက်ပြီး. . .

"ဒုန်း. . ."

"အား. . ."

"အား. . ."

စက်ရုံကြီးထဲမှာ ကျယ်လောင်သောမြည်ဟီးသံကြီး ထွက်ပေါ်လာခဲ့ပြီး ကြမ်းခင်းသံမံတလင်းတစ်ခုလုံး သိမ့်သိမ့်ခါသွား၏။

ချက်ချင်း နီရဲသောသွေးတို့စွန်းထင်းလျက်. . .

"မမ"

"သူဘွေးဘာဖြစ်သွားလဲ"

"မျိုးအောင်တို့ ပြဿနာရှာပြီ"

"သေကုန်ပြီလား"

စက်ရုံဝင်းတစ်ဝင်းလုံး လူတွေ အုန်းအုန်းထသွားသည်။

အလုပ်သမားတစ်ယောက်၏ပေါ့ဆမှုကြောင့် ပျက်စီးကုန်သောအထဲတွင် ဒဏ်ရာအပြင်းအထန်နှင့် အလုပ်သမားသုံးယောက်ဖြစ်ကာ တစ်ယောက်ကတော့ သေဆုံးသွား၏။

သျှန်ရယ်စီးရယ်အပါအဝင် အသက်မသေဘဲ ဆေးရုံမှာ



www.burmeseclassic.com

www.burmeseclassic.com



လူနာဖြစ်ခဲ့ကြတာ အားလုံးငါးယောက်ဖြစ်သွား၏။

"မမ. . .မမ သက်သာရဲ့လားဟင်"

ဘယ်ဘက်လက်ကောက်ဝတ်မှာ ကျောက်ပတ်တီးစီးထားရ သည့်ဒဏ်ရာမှလွဲ၍ သျှန်ဘာမှမဖြစ်ခဲ့ပါ။

ခေါင်းကိုထိမိသွားသည့်သူ့ကိုသာ သျှန်စိတ်ပူမိသည်။

သူ့သာမကယ်လျှင် သျှန် အခုလောက်ဆို ဘဝတစ်ခုမှာ အခိုးအငွေ့လေးပဲဖြစ်နေပြီလား။

မကျွတ်မလွတ်ဘဝနှင့် သရဲမလေးပဲဖြစ်နေမလား။

ကြီးမားသော သံချပ်ကြီးအောက်မှာပဲ ပြားနေမှာဖြစ်၏။

သူ့မကိုကယ်ရင်း စီးခေါင်းမှာဒဏ်ရာရခဲ့တာ သွေးတွေက မြင်မကောင်း. . .။

"စံ. . .ညီမလေး. . .သူကောဟင်"

"ကိုကြီးလား. . .မမ"

"အင်း"

"သူ. . ."

စံကပြောပြီး တိတ်ဆိတ်စွာရပ်နေသည်။ အကဲမျက်နှာကို လှမ်းကြည့်လိုက်၏။ အကဲက မျက်မှောင်တစ်ချက်ကုတ်၍ အံကြိတ် ၏။

သျှန်က အကဲကိုစူးစိုက်ကြည့်နေသူမို့ အကဲ ဘာပြော တော့မည်ကို သိရှိလိုက်သလိုရှိကာ ဂျစ်ကန်ကန် မကျေမနပ် ထိုအရာ





အရာကို စိတ်ဆိုးဖို့သာသိမရ။

စိုးရိမ်စိတ်ကြောင့် ရင်ထဲမှာပူသွား၏။

"သူဘာဖြစ်သွားလဲဟင်၊ မမကြောင့် သူဘာဖြစ်သွားလဲ"

"သူ မျက်စိမမြင်တော့ဘူး။ မသျှန်ကျေနပ်တယ်မို့လား"

"ဟင်"

သျှန့်မျက်လုံးတွေ မီးပွင့်သွားသည်။

အမြင်အာရုံကိုပိတ်ချလိုက်သော်လည်း ဆေးရုံကားပေါ် ပွေ့ တင်သွားကြသည့် သွေးတို့ဖြင့်ရဲနေသော စီးမျက်နှာကိုဖြောက်ဖျက် လို့မရ. . .။

"သျှန်. . .မင်း. . ."

သူ့မကို ရင်ခွင်ထဲပွေ့ဖက်၍ သတိမလစ်မီအချိန်ထိ နာမည် ကို ရေရွတ်သွားခဲ့သေးသည်။

"အား. . .သူ. . .သူ ဘာဖြစ်သွားလဲဟင်၊ သူသေပြီလား၊ ပြောကြပါဦး"

သျှန်ကိုယ်တိုင် လက်တစ်ဖက်ကိုဖိနှိပ်လူးလှိမ့်ရင်း သွေးရူး သွေးတန်းအော်နေခဲ့မိ၏။ ပွေ့တင်သွားကြသောလူတွေကို အားမလို အားမရမေးရင်း ထပြေးလိုက်လို့မရ. . .။

ရင်ထဲမှာပူ. . .။

ထိုအဖြစ်များကို သျှန် ဘယ်တော့မှမေ့လို့မရနိုင်. . .၊

ပထမဆုံးသတိဝင်လာသည်နှင့် သတိရလိုက်တာက သူ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူ မျက်လုံးကွယ်သွားပြီတဲ့. . .။

သျှန့်မျက်ဝန်းတွေ ဂနာမငြိမ်လှုပ်ရှားသွားပြီးမှ စံ့မျက်နှာလေး ပေါ် ပြန်ရောက်သွားသည်။

"ညီမလေး တကယ်ပြောတာလားဟင်၊ သူပြောတာဟုတ်ရှလား"

စံက အကဲမျက်နှာကိုထပ်ကြည့်လိုက်ပြီး ခေါင်းလေးညိတ်ပြလေ၏။

ဖြစ်ရလေရှင်. . .။

သျှန် ရင်ထဲမှာနင့်သွားမိသည်။

သူနဲ့ကိုယ်ဟာ ဒီလိုအနစ်နာခံပေးဖို့အထိ ချည်နှောင်ခဲ့ကြတာ ဘာမှမရှိ။

သူက အမှတ်တမဲ့ မနေတတ်လို့ မကူညီလိုက်မိရင် ခုလိုအကြီးအကျယ်ဖြစ်သွားခဲ့သည်ပဲဆိုပါစို့. . .။

ဒါဟာ သူမအတွက်ပဲဖြစ်သည်။

ခုလောက်ဆို ငါကူညီမိလေခြင်းဟုတွေးကာ နောင်တတွေရနေပြီလား။

ဘာပဲဖြစ်ဖြစ် သူမကတော့ ပစ်ကျသွားသည့်အရှိန်နှင့် လက်တစ်ဖက်ပဲ ထိခိုက်သွားခဲ့သည်။

ဒါဟာ ကာလတစ်ခုအတွင်းမှာ ပျောက်ကင်းသွားမည့် ဒဏ်ရာ လေးသာ။ သူကတော့. . .





သျှန် ခုတင်ပေါ်မှာ ထထိုင်ဖို့ကြိုးစားသည်။

လက်တစ်ဖက်ကထောက်လို့မရတော့ ခုတင်ပေါ်ပြန်လဲကျမတတ် ဖြစ်နေသဖြင့်. . .

"မမ. . . နေဦး. . ."

စံက ဖျာဖျာသလဲပွေ့ထူပေးသည်။

ပြီးတော့ မျက်နှာတစ်ခြမ်းပေါ်သို့ အုပ်ကျလာသည့်ဆံပင်တွေကို တယုတယသပ်တင်ပေး၏။

"မမ. . . အရမ်းနာနေလားဟင်၊ လက်ကပဲလား။ ခေါင်းတွေ ခါးတွေကော ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ဘူး သူက မမကို ကာကွယ်ပေးသွားတာပါ၊ သူ့ကို မမကြည့်ပါရစေ၊ မျက်လုံးကွယ်တာပဲလားဟင်၊ သူ ဘာတွေ ဖြစ်သွားသေးလဲ"

"ဒီပြင် ဒဏ်ရာကြီးကြီးကျယ်ကျယ် ဘာမှထပ်မဖြစ်ပါဘူး၊ မမ ကိုကြီးကို အခုသွားမတွေ့ပါနဲ့ဦးနော်၊ ဒဏ်ရာကပြင်းတော့ လူနာ ချင်းတွေ့ဖို့ကို ဆရာဝန်တွေက ခွင့်ပြုဦးမှာမဟုတ်ဘူး။ ပြီးတော့ ကို့ မိဘတွေရောက်နေကြတယ်"

"ဟင်"

ကို့မိဘလို့ စံပြောသည့်လူတွေဟာ စုံယောကျ်ား။

စီးရဲ့မိဘပေါ့။

ခုလောက်ဆို အားလုံးက သျှန့်ကို ငြိုငြင်နေကြပြီထင်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘယ်သူတွေဘာပြောပြော ဘာဖြစ်ဖြစ် သူ့ကို သျှန် ကျေးဇူးတင်ကြောင်းပြောချင်သည်။ ဒါဟာ ကျေးဇူးတင်ပါတယ်ဆိုသည့် စကားလောက်နှင့် မဖွယ်ရာပေမယ့် ကျေးဇူးတင်ရမည်။ သို့သော် သျှန် ခုတင်ပေါ်မှ ဆင်းခွင့်မရခဲ့ပါ။

ဆရာဝန်ကြီးတွေရောက်လာကြသည်။

သူမကို စမ်းသပ်ကြည့်ရှုပြီး လိုအပ်သည်တို့ကို လုပ်ကိုင်ပေးသွားကြ၏။

စံကတော့ အစ်မမျက်နှာကိုတကြည့်ကြည့်နှင့် မျက်ရည်တွေကျနေရှာ၏။

မိဘနှစ်ပါးက အနားမှာမရှိ။

သူမက အိပ်တောင်သည်။

မမကိုပြုစုဖို့ ကို့ဆီမှာခွင့်တောင်းရမည်ဟု ဆုံးဖြတ်နေရင်းပဲ မျက်ရည်ကထပ်ကျသည်။

ဘယ်လိုသုတ်မစ်လို့မှ မနိုင်။

"မမ အားမငယ်နဲ့နော်၊ မာမီ့ကို အကြောင်းကြားပေးမလား၊ မမ ဘာလုပ်ပေးစေချင်လဲဟင်၊ ဘဘမင်းက သေဆုံးသွားကြတဲ့ အလုပ်သမားတွေကိစ္စကော ဒဏ်ရာရသွားကြတဲ့ အလုပ်သမားတွေအတွက်ပါ အားလုံးစီစဉ်ပေးနေတယ်"

"ဘယ်နှစ်ယောက်လောက် သေကုန်ကြလဲဟင်"

"မျိုးအောင်ဆိုတဲ့အလုပ်သမားက စဖြစ်တာတဲ့"

(ရှေ့စာမျက်နှာ)



"ဟုတ်တယ်. . . သူကော"

"သူလည်း ခြေတစ်ဖက်ဖြတ်ပစ်လိုက်ရတယ်"

"အို"

"အလုပ်သမားနှစ်ယောက် ဆေးရုံမှာထပ်ဆုံးသွားတယ်၊ အားလုံးသုံးယောက်"

"အို"

သျှန် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာ၏။

ရင်ထဲမှာ တလုပ်လုပ်ဖြစ်သွားကာ ခေါင်းအုံးထက်သို့ အရုပ်ကြိုးပြတ်လေးလဲကျသွားခဲ့သည်။

"မမရယ်. . . အဲဒါတွေလည်း ကိုယ် ဘာမှမတားဆီးလိုက်နိုင်ဘဲ ဖြစ်သွားခဲ့ရတာတွေပဲ၊ မမတောင်မှ ကိုကြီးကယ်လိုက်လို့ ခုလိုလေး နေခွင့်ရနေတာ၊ ဘာဖြစ်လို့ ဒါတွေ စိတ်ဆင်းရဲနေမှာလဲ၊ ဒါတွေအားလုံးကို ဘဘ စီစဉ်နေပါတယ်၊ ပြီးတော့ ကိုနိုင်. . . အဲ ပြောရင်းဆိုရင်း ဟိုမှာလာပြီ"

ကိုဇော်နိုင် အိတ်တွေတပွေ့တစ်ပိုက်နဲ့ရောက်လာတော့ သျှန် သက်မဲ့ရုပ်လေးလို ငေးကြည့်နေမိသည်။

မြင်ချင်တာ ထိုမျက်နှာမဟုတ်ပါ။

စကားတွေပြောချင်ခဲ့တာလည်း ထိုသူနှင့်မဟုတ်။

"စံ. . . ကိုယ် ကိုကို့ဆီသွားလိုက်ဦးမယ်"

အကဲထံမှ အသံထွက်လာသည်။

(ရှေ့စာမျက်နှာ)

www.burmeseclassic.com

www.burmeseclassic.com



စံက ခေါင်းလေးညိတ်ပြ၏။

"ညီမလေး. . . လိုက်သွားလေ"

စံက ခေါင်းညိတ်နေဆဲမှာ ခေါင်းခါပစ်လိုက်သည်။

"စံ မမနားမှာပဲနေမယ်"

သျှန်က လှည့်ထွက်သွားသည့်အကဲဆီ လှမ်းကြည့်၍. . .

"အကဲ"

ဘယ်တုန်းကမှ နာမည်မခေါ်ခဲ့။

ပျော့ပျောင်းနူးညံ့စွာ မဆက်ဆံခဲ့ဘူးသော သျှန့်လေသံတို့က နူးညံ့ရုံမက မျက်ဝန်းကလေးများမှာပါ တောင်းပန်လိုသောအရိပ်အငွေ့တွေ ပြည့်နှက်နေ၏။

အကဲက မျက်နှာမကြည်မသာနှင့် လှည့်ကြည့်ပြီးမှ သျှန့်မျက်နှာကိုမြင်လျှင် ခပ်တင်းတင်းဖြစ်နေသည့် ကိုယ့်စိတ်ကို ပြန်လျှော့ချ၏။

ပြီးတော့ ဒီဘက်ကိုပြန်လှည့်သည်။

"သူ့ကိုပြောပေးပါ၊ ဟို. . ."

သျှန် ဘာပြောရမှန်းမသိ။

ကျေးဇူးတင်ပါတယ်ဆိုသည့်စကားတစ်ခွန်းနှင့် သူ ကိုယ့်အတွက် ပေးဆပ်လိုက်ရတာက မညီမျှ။

ကျေးဇူးတင်ပါတယ်ဟုပြောဖို့အပြင် ဒီ့ပြင်စကားက ရှာ တရက်ရှာလို့မရ။





"ဟို. . . ဟို. သူ့ကိုလာကြည့်ချင်တယ်၊ ပြီးတော့လေ ဟို့ ဘယ်တော့မှမေ့မှာမဟုတ်ဘူးဆိုတာကော"

သျှန် စကားဆက်လို့မရတော့။

ပြောလိုက်မိသည့်စကားတွေကကော ပြောသင့်ရဲ့လား။ မပြောသင့်ဘူးလား၊ ဘာမှစဉ်းစားမရ။

အကဲက ခဏထပ်စောင့်ပြီးမှ သျှန် ဘာမှထပ်မပြောတော့ ခေါင်းတစ်ချက်ညိတ်၍ထွက်သွား၏။

အနားမှာရောက်နေခဲ့ပြီး ကြာရှည်စွာရပ်စောင့်နေရသော ကိုမောင်နိုင်က အကဲထွက်သွားမှ အနားတိုးလာ၏။

ချထားသည့်ခုံတန်းလေးမှာထိုင်၍ ယူလာသည့်လူမမာစာတွေကို ဗီရိုပုလေးပေါ်မှာတင်၏။

သူ့ကို တစ်စတစ်ဆုံးလိုက်ကြည့်နေပြီးမှ သျှန် မျက်နှာလေးလွှဲ၏။

ထိုသူ မရိုးသားတာကို သူမသိနေသည်။

အလုပ်ကိစ္စမှလွဲ၍ ကျန်တာ ဘာမှမပြောချင်။

သို့သော် . . .

"သျှန်. . . နေကောင်းတယ်နော်"

"ဟုတ်ကဲ့"

ဖြေပြီး မျက်ဝန်းတွေကိုပိတ်ပစ်လိုက်၏။

စံက သူမဘေးမှ တင်ပါးလွှဲလေးထိုင်ကာ နဖူးပေါ်ကဆံ



www.burmeseclassic.com

www.burmeseclassic.com



စလေးတွေကို တယုတယသိမ်းတင်ပေးသည်။

"မမ သိပ်စကားမပြောနိုင်သေးလို့ပါ၊ ကိုမောင်နိုင် ဘယ်လိုမှမအောင့်မေ့ပါနဲ့နော်၊ လက်တစ်ဖက်က ဖော်ရာပြင်းသွားတယ်၊ အလုပ်သမားတွေသတင်းကိုလည်းကြားတော့ စိတ်ထိခိုက်သွားတာပေါ့"

စံက အားနာစိတ်နှင့် စိတ်ရှည်လက်ရှည်ရှင်းပြနေ၏။

ကိုမောင်နိုင်က အားပေးစကားတွေပြောနေသည်။

စက်ရုံကကိစ္စတွေ ဘာမှမပူဖို့လည်းပါ၏။

သူ့နှ် ဘာကိုမှ နားမထောင်တော့ဘဲရှိလေသည်။

❀ ❀ ❀



## အခန်း (၂၃)

သူမ နေကောင်းသွားပါပြီ။

သွားဖို့ပြောတိုင်း မသွားဖို့ဘဲတားဆီးခဲ့ကြပြီး နောက်ကျမှ သိရတော့ သူ ဆေးရုံကဆင်းသွားပြီဟု။

"ဒီလိုတွေ ဘာဖြစ်လို့ဖြစ်ကုန်တာလဲ စံ၊ သူက မမကို မတွေ့ချင်ဘူးလို့ပြောနေလို့လား။ ပွင့်ပွင့်လင်းလင်းပြောစမ်းပါ၊ ဆေးရုံမှာ သူရှိနေလျက်နှင့် မမ မတွေ့ခဲ့ရဘူး။ အခုကျတော့ မရှိတော့ဘူးတဲ့၊ ဖြစ်ခဲ့တာတွေဟာ သူ့ကို ဒီလိုဖြစ်သွားစမ်းဆိုတဲ့ ကြိုတင်ကြံစည်မှုတွေ ရှိခဲ့တာမဟုတ်ပါဘူး၊ သူဖြစ်သွားတဲ့အတွက် မမ ဖြစ်ရသလိုပဲ မမ စာနာခဲ့တာပါ၊ ဘာဖြစ်လို့ သူကမတွေ့ချင်တာလဲ"

"မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခုကတော့ရှိနေပြီ၊ အဲဒါကို မမသိချင်တယ်၊ သူနဲ့ မမရဲ့ကြားမှာရှိနေတဲ့ ကွာဟနေတာတစ်ခုကို မမသိပါရစေ"

"ဘာမှမရှိပါဘူး မမရယ်၊ သူက မမကိုမုမဟုတ်ဘူး၊ ဘယ်ညည့်သည်လာတဲ့ဘမှ မကြိုက်တာ၊ သူ သူလည်း အားငယ်မှာပေါ့မမရယ်၊ ယူကျုံးမရဖြစ်တာမျိုးတွေ ခံစားရမှာပေါ့၊ အဲဒါကို မမ နားလည်ပေးလိုက်ပါ"

ဆေးရုံမှာ သုံးစွဲခဲ့သည့်ပစ္စည်းတွေကို ဆေးရုံမှာပဲလှူပစ်ခဲ့ကာ စံက သျှန့်လက်ကလေးကိုတွဲ၍ ကားပေါ်တက်စေသည်။

သူမတို့ထိုင်ပြီးတော့မှ ဦးလှူမင်းက ကားတံခါးသေချာပိတ်ပြီး ရှေ့ခန်းမှာဝင်ထိုင်၏။

အားလုံးထိုင်ပြီးတော့ ဒရိုင်ဘာက ဆေးရုံဝင်းထဲကနေ မောင်းထွက်လိုက်သည်။ သျှန်က အကင်းမသေသေးသည့်လက်ကို ခပ်ဖွဖွလေးပိုက်ထားကာ လမ်းမဘက်သို့ငေးနေခဲ့၏။

ရင်ထဲမှာ တင်းကျပ်နေသည်။

သူ့ကို ကျေးဇူးတင်ခွင့်မရ။ တောင်းပန်ခွင့်မရသမျှ ဒဏ်ရာနှင့်မျက်လုံးနှစ်လုံး ဖွင့်နိုင်လာပြီဆိုကတည်းက အုံ့ဖွဲ့နေခဲ့သော အတွေးပုံရိပ်တို့က ခုချိန်ထိ ဘာမှအရာမထင်ခဲ့။

ကိုယ့်အတွက် ပေးဆပ်လိုက်ရခြင်းအပေါ် သူ ဘာဖြစ်နေသလဲ။ ဘာကို မကျေနပ်ဖြစ်ခဲ့သလဲ။

ကိုယ့်ဘက်က ဘယ်လိုတုံ့ပြန်စေချင်လို့လဲ။

(မျှားစာပေ)



ဒါကို ရင်ဆိုင်မေးချင်သည်။

တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်တွေ စေတနာတွေ နှောင်ဖွဲ့ခဲ့ကြတာမဟုတ်ခဲ့သည့်အဖြစ်မှာ အားလုံးဟာ အမှတ်တမဲ့ ရပ်များပဲဖြစ်သည်။

ဒီအထဲမှာမှ သူအဖြစ်ဆိုးသွားခဲ့ရသည်။

ဒါကို သူ တအုံ့နွေးနွေးကြိတ်ခံစားကာ အုံ့ဖွဲ့နာကျည်းနေခဲ့ သလား။

"မမ"

"ဟင်"

"အိမ်ရောက်ပြီလေ"

"အင်း"

စိတ်တို့ဟာ ကိုယ်ခန္ဓာမှာရှိမနေတတ်ခဲ့တာကြာပြီ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"သူက အပေါ်ထပ်မှာနေတာ၊ မမတက်သွားမလား၊ စံလိုက် ခဲ့ရမလားဟင်"

"လိုက်ခဲ့လေ"

အဆောက်အဦးက နှစ်ထပ်ပဲရှိသည်။

သိပ်မမြင့်လှသော်လည်း စက်လှေခါးနှင့်တက်ခဲ့ရ၏။

စက်ဝိုင်းပုံမကျတကျ ပစောက်ကွေ့အတိုင်း ကော်ရစ်ဒါထွင် ထားသည်မို့ တစ်နေရာမှရပ်ကြည့်လျှင် အရောင်းခန်းတိုင်းကိုမြင်နေ ရသည်။

နှစ်ထပ်လုံးအပြည့်မှာ အီလက်ထရောနစ်နှင့်ပတ်သက်သည့် ပစ္စည်းမျိုးစုံရှိနေပြီး အားလုံးက တခမ်းတနားရှိနေ၏။





နှစ်ထပ်စလုံး၏ အထပ်အောက်တည့်တည့် နှစ်ခန်းလုံးမှာ ဟားသောက်ဆိုင်ကြီးတွေ ဖွင့်ပေးထားသည်။

ပလာဇာကြီးတစ်ခုလိုပဲဖြစ်ကာ စည်ကားနေပုံကလည်း အထင်မကြီးဘဲနေလို့မရလောက်အောင် ဖြစ်၏။

ဝယ်သူတွေရော ဝန်ထမ်းလေးတွေပါ အားလုံး သူ့နေရာနဲ့သူ ရှုပ်ယှက်ခတ်နေကြသည်။

"အရမ်းကိုခမ်းနားနေတာပဲနော် မမ"

စက်လှေကားထိပ်ကိုရောက်မှ သျှန့်လက်ကလေးကို ပြန်တွဲခေါ်ပြီး စံက စကားစ၏။

"ညီမလေးက ဒီကို ခုမှရောက်ဖူးတာလား"

"ကိုနဲ့ တစ်ခါလိုက်ဖူးတယ်၊ ဖွင့်ကာစကလေ၊ ဒါ အစက ဟိုတယ်ကြီးမရဲ့၊ ကိုကြီးကဝယ်ပြီး ပုံစံနည်းနည်းပြင်လိုက်တယ်၊ ဒီနောက်ဘက်မှာလည်း တစ်ခုထပ်ဆောက်နေသေးတယ်၊ ဘာလုပ်ဦးမှာလဲမသိဘူး၊ မမဆီမှာ အဆောက်အဦးအတွက်ပစ္စည်းတွေမှာတာ အဲဒီဟာအတွက်ဖြစ်မယ်၊ အစက လုပ်ငန်းကိုလှေလာဦးမယ်ဆိုပြီး သူများအလုပ်တွေထဲ လျှောက်လုပ်ဖို့စိတ်ကူးသေးတာတဲ့၊ နောက်ကျမှ ဘာဖြစ်လို့ ချက်ချင်းထလုပ်သလဲမသိဘူး၊ ကိုကပြောတာတော့ ကိုကြီးက မာနကြီးတယ်တဲ့၊ သူ တစ်ယောက်ယောက်ကို မခံချင်လို့ ထလုပ်တာဖြစ်မှာတဲ့"

သျှန့်မျက်နှာ မသိမသာပျက်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အလုပ်အတွက် အင်တာဗျူးလာဖြေသည့်နေ့ကို သ
ရသည်။

သူ ဘာကိုနာကျည်းသွားခဲ့သလဲဆိုတာ. . .။

"ကို့ဖေဖေက တအားချမ်းသာတာ မမရဲ့၊ သူတို့အ
နောက်မိန်းမယူလိုက်လို့ ကိုကြီးက ရန်ကုန်မှာ တစ်ယောက်တ
လာလွင့်နေတာ၊ အစက ဘာလုပ်ဖို့မှပြောလို့မရဘူးတဲ့၊ လုပ်ပြ
တော့လည်း အကြီးအကျယ်ပဲတွေ့လား၊ ကိုကြီးက အရမ်းတေ
တာပဲနော်၊ စက်ပစ္စည်းဆို အင်ဂျင်ပဲဖြစ်ဖြစ် လျှပ်စစ်ပဲဖြစ်ဖြစ် အ
လုံးကိုကျွမ်းတယ်"

စံ တခမ်းတနားကြီး ချီးမွမ်းခန်းဖွင့်နေတာ သျှန် အံ့
လာမိသည်။

သူ့ဘက်ကိုယ့်ဘက် မသင့်မြတ်ခဲ့ကြသည့်အထဲမှာ
လည်း သူ့ညီဘက်ကရပ်ခဲ့သည်။ ကိုယ်လည်း ကိုယ့်ညီမဘက်
ဖြစ်၏။

ကိုယ့်ကိုကျတော့ သူ့ညီက ကြည်လင်ခဲ့တာမဟုတ်။
သူ့ကိုတော့ ညီမလေးက ကြည်ဖြူကျေနပ်လို့ပါလား။
အထင်တကြီးချီးမွမ်းခန်းတွေလည်း ဖွင့်နေသေးသည်။
ဒါ ဘာဖြစ်လို့လဲ။

တွေးနေရင်း အကဲမျက်နှာကို မြင်ယောင်လာမိသည်။

"ဒီလိုဖြစ်သွားတာ မသျှန် ကျေနပ်တယ်မို့လား"

(ဖျူးစာပေ)



မကျေနပ်သော စကားသံကိုလည်း သတိရ၏။

သူ့အစ်ကိုအတွက် သျှန့်ကို အကဲမုန်းသွားခဲ့မည်။

ဒါဆို သူကကော. . .

ကိုယ်ပြောခဲ့သည့်စကားတို့အပေါ် အံ့ဖွဲ့နာကျည်းကာ သု
ကြုံးစားခဲ့သည်။

ကိုယ့်ကြောင့်ပဲ သူ မျက်လုံးတွေကွယ်သွားခဲ့၏။

လုပ်ငန်းတွေ မြိုင်မြိုင်ကြီးအစပျိုးလိုက်ပြီးချိန်မှာ သူ့ဘဝက
ဒုက္ခိတဖြစ်ခဲ့ပြီး ဒါတွေကို ဘယ်သူကကျေနပ်နိုင်မှာလဲ။

လျှောက်နေရင်း ခြေလှမ်းတို့က နှေးကွေးလေးလံလာခဲ့
သည်။

နင် ဘာတွေပြောဖို့လာတာလဲ သျှန်။

သူကျေနပ်အောင် ဘာပြောနိုင်မှာမို့လို့လဲ။

"ကိုကို့မျက်လုံးက အာရုံကြောထိခိုက်ပြီးဖြစ်သွားတာဆို
တော့ ခွဲစိတ်ကုသဖို့မလွယ်ဘူးတဲ့၊ ထိခိုက်သွားတဲ့အာရုံကြောဟာ
သူ့အလိုလို ထိခိုက်ခဲ့သလို ဘယ်လိုပြန်ပြီး ရှင်သန်လာမလဲဆိုတာ
သူ့ကံတရားပဲတဲ့၊ တစ်သက်လုံး ဒီတိုင်းနေသွားရဖို့ရှိသလို မျှော်
လင့်ချက်တွေလည်းရှိတယ်တဲ့"

ဒါတွေလာပြောသည့်အချိန်မှာ အကဲဟာ သူမကို သိစေ
ချင်တာလား၊ မကျေနပ်နိုင်တဲ့အကြောင်းတွေကို အသိပေးခဲ့တာလား။

"ဘာကိစ္စရှိလို့လဲခင်ဗျာ"

(ဖျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



လေးညှင်းရောင်ရင့်ရင့်ဘောင်းဘီရှည် ထိုအရောင်မျိုးနှင့် နက်စိမ်းတိုင်ကိုတပ်ထားသော ရှပ်လက်တိုပွပွဝတ်ထားသည့် ဝန်ထမ်းလေး သူမတို့ရှေ့ကိုရောက်လာ၏။

အမှန်က သွားမည့်ရှေ့ကနေ ပိတ်ရပ်ထားလိုက်တာဖြစ်သည်။

''တို့က ကိုကြီးနဲ့တွေ့ဖို့လာတာ၊မင်း တို့ကိုမသိဘူးလား''

ဝန်ထမ်းလူငယ်က စံ့ကိုကြည့်သော်လည်း တကယ်မသိဘဲရှိကာ တောင်းပန်သောအပြုံးနှင့် လက်နှစ်ဖက်စုံချ၍ ဦးညွှတ်လိုက်သည်။

''တကယ်မသိတာပါ၊ စိတ်မရှိပါနဲ့ခင်ဗျာ၊ သူဌေးက ဘယ်ဧည့်သည်မှမလွှတ်ဖို့ သေချာမှာထားလို့ပါ၊ သူဌေး အနားယူနေပါတယ်''

အမြတ်နိုး နူးညံ့နေတတ်သည့်စံ့မျက်နှာလေး တည်သွား၏။

''တို့က သူ့ခယ်မ၊ ကိုကြီးကိုသွားအကြောင်းကြားပေးပါ၊ သီရိစံက တွေ့ခွင့်တောင်းနေတယ်လို့''

''ဗျာ. . .ဟို. . .ဟုတ်. . .ဟုတ်ကဲ့''

ဒေါသဖြစ်စရာကောင်းသောလူရွယ်သည် နာမည်ပြောသော်လည်း စံ့ကို သိပုံမရပါ။

ဒါပေမဲ့ တကယ်တော့ အားလုံးဟာ အသစ်တွေချည်းမို့





မသိကြဘဲဖြစ်၏။

ထွက်သွားပြီး ထိုလူရွယ်ပြန်ရောက်လာကာ . . .

''ဝင်ခဲ့ပါတဲ့၊ သွားလို့ရပါပြီခင်ဗျာ၊ ကျွန်တော့်ကိုခွင့်လွှတ်ပါ''

''ရပါတယ်''

စံက သျှန့်ကိုကြည့်၍ . . .

''မမ သွားလိုက်တော့နော်၊ စံ ဒီကပဲစောင့်မယ်''

''လိုက်ခဲ့ပါ၊ ဘာဖြစ်လို့လဲ''

''ဒါဆိုလည်းလိုက်ပါ့မယ်''

အရောင်းခန်းတွေနှင့်ဘာမျှမဆိုင်သော ထောင့်ချိုးကွေ့တစ်ခုကနေ အဆောက်အဦးထိပ်စွန်းဘက်သို့သွားသည့် စကြံန်လမ်းကလေးရှိနေသည်။

သျှန် ရှေ့ကဝင်သွားပြီး စံက တံခါးဝမှာရပ်နေခဲ့သည်။

သို့သော် မမက လိုက်ခဲ့ဟုပြောသွားသဖြင့် ခြေလှမ်းပြင်လိုက်လျှင် . . .

''စံ''

''ဟင်. . .ကို. . .ကို ဒီကိုရောက်နေတယ်''

''ဟုတ်တယ်. . .လာ''

အကဲက စံ့လက်ကလေးကိုဆွဲကာ ပိတ်ထားသည့်

တံခါးတစ်ချပ်ကို တွန်းဖွင့်ဝင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကို. . . ဟိုမှာ. . . မမက. . ."

စုံကို စကားဆုံးအောင်ပြောခွင့်မပေးဘဲ အကဲက ရင်ခွင်ထဲဆွဲသွင်းပစ်လိုက်ပြီး . . .

"သွားပစေကွာ၊ ကိုကိုက မင်းအစ်မကိုကိုက်မစားဘူး၊ ဒီမှာ မိန်းမရပြီး မျက်နှာလေးတောင် သေချာမကြည့်ရသေးဘူး၊ ခွဲနေရတာ"

"ကိုရယ်"

"ဘာလဲ. . . ဘာပြောမလို့လဲ၊ ခင်ဗျားလေးက ကိုယ့်အစ်မကိုပဲ သိတတ်တယ်နော်၊ ယောကျ်ားမျက်နှာကို တစ်ချက်မှငဲ့ကြည့်ဖော်မရဘူး"

"ကိုရယ်. . . မမရယ်. . ."

"တော်ပါတော့စုံရယ်၊ ကဲ အခု သူပြန်ကောင်းနေပြီ ကို့ဆီ ဘယ်တော့ပြန်လာမှာလဲ"

"ပြန်လာပါ့မယ်၊ နှစ်ရက်သုံးရက်လောက်. . ."

"မရဘူး၊ လုံးဝမရဘူး၊ ကို အဲဒီလောက် မကြာကြာကြီးထဲခွဲမနေနိုင်ဘူး၊ အိမ်ကြီးမှာ တစ်ယောက်တည်းနေရတဲ့ဒုက္ခ မင်းကမှ မခံစားဘူးတာ"

မင်းတွေဘာတွေဖြစ်လာတတ်သည့် အကဲ၏ဒေါသကို နားလည်လိုက်ရာ စံက အပြုံးတစ်ချက်နှင့် သိမ်းသွင်းဖို့ကြိုးစား၏။

ပြီးတော့ အကဲ၏ကျောပြင်ကို ပြန်၍ဖက်ထားလိုက်ပြီး. . .





"စံလည်းလွမ်းတာပါပဲ ကို၊ ဒါပေမဲ့ မမကိုသနားလို့"

"ကို့ကိုတော့ မသနားဘူးလား"

လွမ်း၍ တိုးတိုက်လာသော အနမ်းလေးနွေးများကို စံ မြတ်နိုးစွာခံယူမိ၏။ မမကိုချစ်သလို ကို့ကိုလည်းစံလွမ်းပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

နောက်ကို သတိရ၍လှည့်ကြည့်လိုက်တော့ စံပါမလာတာကို သိလိုက်ရင်း သျှန် ရှေ့ကိုပြန်လှည့်သည်။

ပြတင်းပေါက်ဘောင်ကို လက်တစ်ဖက်ထောက်၍ ဘောင်းဘီအိတ်ထဲမှာ လက်တစ်ဖက်ထည့်လျက် ကျောပေးရပ်နေသူကို မြင်လိုက်ရသည်။

သျှန် ရှေ့ကိုဆက်တိုး၍ သူ့နောက်နားမှာရပ်လိုက်၏။

စံမဟုတ်ဘဲ သူမရောက်လာခဲ့သည့်အဖြစ်အတွက် ပထမဆုံး ဒါကိုဝန်ခံဖို့လိုသည်။

ထိုစဉ် မျက်လုံးတို့က တီဗီဖန်သားပြင်တစ်ခုဆီ ရောက်သွားခဲ့၏။





''ဟင်''

အခန်းထဲမှနေ၍ အဆောက်အဦးအတွင်းတစ်ခုလုံးကို ကွန်ထရိုးစံနစ်ဖြင့် တိုက်ရိုက်ဖမ်းယူထားသောမြင်ကွင်း။

မီးပွင့်တွေလင်းလက်နေသော ခလုပ်ခုံတစ်ခုနှင့် ဘေးမှာကွန်ပျူတာနှစ်လုံးလည်းရှိနေသည်။

ထို့ပြင် ဖုန်းကိုင်ဖို့မလိုဘဲ ပြောနိုင်ကြားနိုင်သည့် စပီကာတပ်ထားသောဖုန်းလည်း ရှိနေသည်။

မော်နီတာပေါ်မှာ လှုပ်ရှားနေသောပုံရိပ်များကိုကြည့်ကာ စံနဲ့သူမဝင်လာတာကို သူသိနေသလားဟုတွေးလိုက်မိသည်။

ဒါပေမဲ့ သူက မျက်လုံးမြင်တဲ့သူမဟုတ်။

အခန်းထဲမှာလည်း သူမှလွဲ၍ ဘယ်သူမှမရှိ။

ဒါကိုဖွင့်ထားပြီး ဘယ်သူကြည့်တာလဲ။

ဒါမှမဟုတ် ခလုပ်တွေကို ရမ်းသမ်းလျှောက်စမ်းနေပြီး ဘဝဆုံးခဲ့ရပြီဆိုသော ယူကျုံးမရစိတ်ကို အပြန်ပြန်အလှန်လှန် နှိုးဆွနေခဲ့သလား။

သျှန် တောင့်မတ်စွာရပ်၍စဉ်းစားနေဆဲ သူ ဒီဘက်ကို လှည့်လာ၏။

ဘောင်းဘီရှည်အဖြူ နီရဲသောဆွယ်တာလက်ရှည်နှင့် မျက်မှန်နက်တပ်ထားသည့်မျက်နှာကို သျှန် မော့ငေးနေမိသည်။

ရှင်းသန့်ချောမွေ့နေသော မျက်နှာပြင်ဟာ မျက်မှန်နက် နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပိုရှိလိုက်ဖက်နေ၏။

မာနကြီးတတ်သည့် နှုတ်ခမ်းပါးတို့က နီရဲသောအကျီနှင့် အပြိုင်စိုရဲနေကြသည်။

နီမြန်းမြန်းပါပြင်များကိုပါကြည့်ကာ သူ အဖျားတက်နေတာလားဟု တွေးမိလိုက်သေးသည်။

တစ်ခါမှလည်း ဤသို့ စေ့စပ်စွာမကြည့်ခဲ့ဘူးပါ။

ခုချိန်မှာတော့ ကိုယ့်ကို သူမြင်မှာမဟုတ်တာကို သိနေသောကြောင့် ညိုမှောင်ကြမ်းရှသော မွေးညှင်းတို့ဖုံးလွှမ်းနေသည့် လက်ဖဝါးစောင်းတွေအထိ သေချာကြည့်မိသည်။

ပြီးတော့မှ သူ ကိုယ်ရှိနေတာကိုသိနေပြီဆိုသော အတွေးကြောင့် စကားပြောဖို့ပြင်ရင်း ရှေ့ထပ်တိုးရပ်၏။

"ကျွန်မပါ. . .စံမဟုတ်ပါဘူး"

ဟု အသံကိုမတုန်အောင်ထိန်း၍ ပြောရသည်။

သူ့မျက်ဝန်းတွေ အေးစက်စက်ဖြစ်သွားသလား။

အားတုံ့အားနာ အနည်းငယ်လျှော့ချ၍ ပြင်ဆင်လိုက်သလား။

မျက်မှန်၏နောက်ကွယ်ကို သျှန် ဘာမှမမြင်ရ။

ထို့ကြောင့် မျက်မှန်နက်ကိုပဲ စူးစိုက်ကြည့်၍. . .

"ရှင် ကျွန်မကို စကားပြောချင်စိတ်ရှိရဲ့လား"

ထိုအဖြေကိုပဲသိချင်တာမို့ တည့်တည့်ပဲမေးပစ်လိုက်မိသည်။





သူက သျှန့်အသံကြားလိုက်၍ အံ့ဩသွားပုံလည်း လှုပ်ရှား ရှားရှားမဖြစ်။

သူမထင်သလို နှုတ်ခမ်းစေ့သွားတာ မျက်နှာတင်းသွားတာမျိုးလည်းမရှိဘဲ ခေါင်းညိတ်လိုက်၏။

"ရှိပါတယ်၊ မင်း. . .ထိုင်လေ"

ဟု ဘာမှမဖြစ်ခဲ့ဘူးကြသောလေသံနှင့်ပဲ ပြောသည်။

စားပွဲနဲ့ကုလားထိုင်က သျှန့်နောက်မှာဖြစ်၏။

သူနဲ့ကအဝေးကြီးပဲဖြစ်သည်။

သျှန် ဘေးကိုတိုးရပ်လိုက်ပြီး. . .

"ရှင်ပဲထိုင်ပါ"

စီးက ရှေ့ကိုအနည်းငယ်မျှမတိုးဘဲ. . .

"ရတယ်"

ထိုလေသံမှာ အနည်းငယ်မာကျောသွားသလို ထင်ရသော်လည်း သျှန် ဂရုမစိုက်မိပါ။

"ရှင့်အနားမှာ တစ်ယောက်ယောက်ကိုထားသင့်တယ်"

"ကိုယ်က လူမမာမှမဟုတ်ဘဲ"

"မဟုတ်ဘူးလေ၊ လောလောဆယ်. . .ရှင်. . ."

"မင်းလာတာ အဲဒီကိစ္စလား"

သူမမြင်ပေမယ့် သျှန်ခေါင်းညိတ်ပြမိ၏။

"ဟုတ်တယ်၊ ဒီကိစ္စတွေဖြစ်ခဲ့ရတာ ကျွန်မကြောင့်ပဲ၊ သေ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားကြတဲ့လူတွေကျတော့ မတော်တဆမှုထဲမှာ ကံဆိုးစွာပါကျန်ကြတာ၊ ဒဏ်ရာရသွားတဲ့လူတွေလည်း ခု အားလုံးကျေနပ်အောင်ကျွန်မတို့ဘက်က ဆောင်ရွက်ပေးနိုင်ခဲ့တယ်၊ ရှင့်ကျတော့. . . ''

သျှန့်စကားရပ်သွားတော့ စီးနှုတ်ခမ်းမှာ ခပ်မဲ့မဲ့အပြုံးတစ်ခုဖြစ်၏။

''ဆက်ပြောပါဦး''

''ရှင် ကျွန်မကို ဘယ်လိုသဘောထားနေသလဲအထက်စီး ရှင်ကလည်း အထက်စီး၊ ကျွန်မကလည်း မာနသျှန့်ပဲ၊ အစက အဲဒီလိုတွေရှိခဲ့ကြတာမှန်တယ်၊ ခုချိန်မှာတော့ ရှင်က ကျွန်မကြောင့် အများကြီးနစ်နာသွားတဲ့သူပါ''

''ဟွန့်''

သူ တမင်တကာမဲ့ပစ်ပြီး မျက်နှာကို တစ်ဘက်လှည့်ပစ်လိုက်၏။

သျှန့်ရင်ထဲမှာ နင့်ခနဲဖြစ်သွားခဲ့သည်။

ထိုမဲ့ပြုံးကို ဒေါသဖြစ်သွားတာမျိုးမဟုတ်ပါ။

ဘာဆိုလည်း ကိုယ်ကိုယ်တိုင်မသိ။

''ရှင့်ကို ကျွန်မပြောသမျှထဲမှာ အပိုဟန်ဆောင်နေတာ လုံးဝမပါဘူး အထက်စီး၊ ကျေးဇူးတင်ခဲ့တာအမှန်ပဲ၊ ရှင်နစ်နာသွားတဲ့အတိုင်း ကျွန်မကလည်း ထပ်တူပြန်ပေးချင်ပါတယ်၊ ဒါပေမဲ့ ကျွန်မဖက်က တန်ရာတန်ကြေးဖြစ်လာမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆို





တော့ ရှင်က ဘဝပျက်ခဲ့တဲ့သူကိုး''

''ကိုယ်က သာတယ်နာတယ်မတွက်ခဲ့ပါဘူး''

''ရှင် ကျွန်မကို ကာကွယ်ပေးခဲ့တာ စေတနာအမှန်နဲ့ပေမယ့် ဒီလောက်ထိ စွန့်စားပေးဆပ်ဖို့တော့ ပါခဲ့မှာမဟုတ်ဘူး။ ဒါ စော်ကားတာမဟုတ်ပါဘူး။ စာနာပေးတာပါ၊ အဲဒီအတွက် ကံကြမ္မာက တဘက်စောင်းနင်းပြီး ဖြစ်လာခဲ့တာကို ကျွန်မစိတ်မကောင်းဘူး၊ ဘာပြောရမှန်းလည်းမသိဘူး၊ ပြောလိုက်လို့ ကျွန်မစကားမှားသွားရင် ရှင့်ဘက်က နာကျည်းစရာတွေ ထပ်ဖြစ်ကုန်မှာစိုးတယ်''

''ဘာလဲ ကျေးဇူးတင်ပါတယ်လို့ပြောပြီး နှုတ်ဆက်ချင်တာလား''

''ပြောချင်တာပါ၊ နှုတ်ဆက်ဖို့မဟုတ်ဘူး၊ ဒါပေမဲ့ ကျေးဇူးတင်တယ်ဆိုတဲ့စကားက ထပ်ခါထပ်ခါ စော်ကားသလိုလည်းဖြစ်သွားတတ်တာကို ထည့်တွက်မိတာ''

သူက မဲ့ပြုံးနှင့် နောက်ထပ်စော်ကားလိုက်ပြန်သည်။

သျှန် မတုန်လှုပ်ဖို့ကြိုးစားခဲ့၏။

''ရတယ်. . . မင်းကို ကိုယ်ကူညီလိုက်တာ ဘာကိုမှမျှော်လင့်ခဲ့တာမပါဘူး၊ ဟွန့်. . . ကိုယ်သရုပ်ဆောင်သွားတယ်လို့ မထင်ဘူးဆိုရင်ရပြီ''

သျှန် နှုတ်ခမ်းလေးကိုဖိကိုက်ထားရင်း သူ့ကို မော့ငေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုယောက်ျားဧ၏ရင်ထဲမှာ သူမနှင့်တွေ့ဆုံခဲ့သော ဟိုအရင်က အဖြစ်အပျက်စကားလုံးတွေ စွဲမြဲနေခဲ့သည်ပဲ။

ထိုအခါ မကြာခဏဖြစ်တွန့်နေခဲ့သည့် သူ့နှုတ်ခမ်းများက မဲ့ပြုံးတို့ကို နားလည်သွားမိသည်။

ဝေ့တက်လာသည့်မျက်ရည်ကြည်တို့က ဘာသာမဲ့လျက်။

"အဲဒီအတွက် ရှင် ကျွန်မကို မကျေနပ်ခဲ့ဘူးပေါ့"

စီးက သူမကိုကြည့်၍ ရေးတိုးရပ်လိုက်၏။

မျက်ဝန်းတို့ကိုမမြင်ရပေမယ့် သူ့နှုတ်ခမ်း သူ့မျက်နှာမှာ နူးညံ့ခြင်းတို့နှင့် ပြည့်သိပ်နေခဲ့၏။

"မင်းကို ကိုယ် မမေ့နိုင်ခဲ့တာပါ၊ မကျေနပ်ခဲ့တာ ဘာမှ မရှိဘူး"

ပြောပြီး စီးက မျက်မှန်ဆွဲချွတ်သည်။

သျှန့်မျက်နှာရှေ့မှာပဲ မျက်မှန်ကို ဘောင်းဘီအိတ်ထဲထည့် လိုက်၏။

စူးရှသောမျက်ဝန်းများက အရင်အတိုင်းပဲဖြစ်သည်။

ပြီးတော့ ထိုမျက်ဝန်းများနှင့် သျှန့်မျက်နှာလေးကို ငုံ့မိုး၍ စူးစိုက်ကြည့်သည်။

သျှန်ဟာ ငေးကြောင်ကြည့်နေရင်းမှ သံသယစိတ်များနှင့် စကားပြောဖို့ကို လုံးဝသတိမရခဲ့ပါ။

သူ့မျက်လုံးတွေက ကိုယ့်ကိုမြင်နေသလိုပါလား။





"သျှန်"

သူမ ထူးဖို့လည်းမေ့နေခဲ့၏။

"မင်းနဲ့ကိုယ် စပြီးဆုံဆည်းခဲ့ကြတာ ခပ်ရင့်ရင့်ပဲ၊ ဒါပေမဲ့ ကိုယ့်ထက်ပိုရင့်တဲ့မင်းကို တစ်ရက်မှမမေ့ထားလို့မရခဲ့ဘူး။ တနုံ့နုံ့နဲ့ ဖြစ်နေတာ၊ ခဏခဏတွေ့ဖို့ မျှော်လင့်နေတဲ့စိတ်မှာ တုံ့ပြန်ချင်တာ တွေပဲဖြစ်ခဲ့တာ၊ တကယ်ကမဟုတ်ဘူး။ မေ့မရတာက ရိုးရိုးလေးပါ၊ မေ့မရဘူးဆိုတာ သတိရနေလို့လေ"

သျှန် မျက်နှာလွှဲဖို့ သတိရလာသည်။

သူမြင်မြင် မမြင်မြင် ရှက်တက်ခြင်းဟာ မိန်းကလေးတို့၏ ဟာကွယ်မှုတစ်ခုပဲဖြစ်သည်။

"မင်းရင်ထဲမှာ ဘာရှိခဲ့သလဲဆိုတာ ကိုယ်မသိချင်တော့ဘူး။ ဒါပေမဲ့ ခုချိန်မှာတော့ ကိုယ့်အပေါ် နူးညံ့ချင်တဲ့စိတ်လေး နည်းနည်း ပါးပါးရှိနေမယ်လို့ထင်တယ်၊ အဲဒါ ဝတ္တရားလား။ တကယ့်စေတနာ လား၊ ကိုယ်သိချင်တယ်"

ဒီမေးခွန်းတွေကို မေးဖို့လိုလို့လား။

ချက်ချင်းကြီး သျှန် ဘာပြန်ဖြေရမှန်းမသိ။

သူက ဘာလိုချင်လို့မေးတာလဲ။

"မင်းဖြေပါ၊ ညာဖို့မလိုဘူး။ ကိုယ်က အားနာပါးနာ သနား တာမျိုးလိုချင်လို့ မေးနေတာမဟုတ်ဘူး"

"နှစ်ခုလုံးပါပဲ၊ သျှန့်ကြောင့်ဖြစ်ရတာဆိုတဲ့ ဝတ္တရားစိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်ချင်တာရော၊ ရှင်ထားတဲ့စေတနာမျိုးပေါ့၊ ကျွန်မတတ်နိုင်သမျှ သာတူညီမျှဖြစ်အောင် ပေးဆပ်ချင်တယ်"

စီးကာတစ်ချက်ပြုံး၍ ခေါင်းညိတ်လိုက်သည်။

မေးဖျားကို လက်ညှိုးတစ်ချောင်းတည်းနှင့် ဆွဲခြစ်နေပြီးမှ. . .

"သာတူညီမျှဆိုတာ ဘယ်လောက်ထိဖြစ်သွားနိုင်လဲ၊ မင်းသိလား"

မျက်ခုံးလေးတွန့်သွားပြီး သျှန့်ပါးပြင်လေးနှစ်ဖက် ရဲတက်သွား၏။

ဘယ်သူမှမမြင်မှန်းသိလျက်နှင့် မျက်နှာလွှဲထားလိုက်မိ၏။

"ဒါဆို ကိုယ်ပြောမယ်"

သျှန့်ကိုယ်လေး တုန်သွားသည်။

ဟင့်အင်း. . .။

ရင်တွေတဒိန်းဒိန်းခုန်လာကာ သူပြောလာမည့်တစ်စုံတစ်ရာကို ဘယ်လိုမှ နားမထောင်ရဲတော့ဘဲ လှည့်ထွက်ပြေးသွားချင်သည်။

ခြေထောက်တွေက သူမကိုယ်ခန္ဓာကို သယ်ဆောင်မသွားခဲ့ပါ။

"ကိုယ့်ဘဝနဲ့ရင်းပြီး မင်းအတွက်ပေးဆပ်ခဲ့တာလို့ မင်းပြောခဲ့တယ်နော်၊ အဲဒီဘဝအတွက်မဟုတ်ဘဲ မင်းကို ကိုယ်ကချင်တာဆိုရင် ဘယ်လိုလဲ"





"အို"

သျှန် တစ်ကိုယ်လုံးတုပ္ပသွားသည်။

ဒါ ရည်းစားစကားလား။

သူ့ရှေ့ထိရောက်လာလို့ အထင်မြင်သေးစွာ ပြောချလိုက်တာမျိုးလား။

ရှက်သည့်စိတ်နှင့်အတူ မာနက ခေါင်းပြူလာသည်။

သျှန် သူ့ကို ဖျတ်ခနဲကြည့်မိ၏။

သူမဝတ်ထားသည့် နုလွှသောပန်းရောင်ဝတ်စုံက သူ့ မျက်ကြည်လွှာမှာ အရိပ်ထင်နေသည်။

သူ သျှန့်ကိုမြင်နေရသည်လား။

ပြောရန်ပြင်လိုက်သည့်စကားတို့က ဒုတိယနေရာသို့ ဖြန်ဆုတ်သွား၏။ မျက်ဝန်းရှေ့မှာ ပထမဆုံးဖြစ်ခဲ့သည်က သံသယ။

သူကြည့်နေသည်က မမြင်မစမ်းရမ်းသမ်းနေတာမျိုးမဟုတ်။

"အထက်စီး. . . ရှင်. . . ရှင့်မျက်လုံးတွေက မြင်နေရသလိုပဲ"

စီးမျက်ဝန်းတွေမှာ နူးညံ့ရီဝေသွားခဲ့ပြီး အမြဲတမ်း တင်းနေခဲ့သည့်မျက်နှာက ပြုံးသွား၏။

"မြင်နေရတာပဲ၊ ကိုယ်မမြင်ရပါဘူးလို့ မင်းကို ပြောခဲ့လို့လား"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . သိပ်လှတာပဲသျှန်"

"ရှင် . . . ရှင်"

သျှန် ခြေတစ်လှမ်းဆုတ်လိုက်မိ၏။

စီးက ရှေ့ကိုတစ်လှမ်းတိုးတက်၍ . . .

"စံနဲ့ညီက မင်းနဲ့ကိုယ့်ကို သင့်မြတ်သွားစေချင်တယ်၊ တစ်နည်းနည်းနဲ့ ချည်နှောင်သွားမိကြတာမျိုး ဖြစ်စေချင်တာ၊ ကိုယ်မျက်လုံးကွယ်သွားပြီလို့ မင်းကို ညီပြောခဲ့ပြီး သူ ကိုယ့်ကိုလာပြောတယ်"

စီးက ဘောင်းဘီအိတ်ထဲကို လက်နှစ်ဖက်လုံးထည့်၍ ကိုယ့်ခြေဖျားကို အဓိပ္ပါယ်မဲ့ငုံ့ကြည့်နေသည်။

ပြီးမှ သျှန့်မျက်ဝန်းလေးတွေကိုပြန်ကြည့်ကာ . . .

"ကိုယ်သဘောမတူခဲ့ပါဘူး၊ ဒါပေမဲ့ မငြင်းဖြစ်ခဲ့ဘူး၊ ငြိမ်ငြိမ်နေပေးလိုက်တော့ ဒီလိုပဲဖြစ်သွားပြီး အခု မင်း ကိုယ့်ဆီရောက်လာတယ်"

"အဲဒါကြောင့် ရှင်က ငါပိုင်ပြီဆိုပြီး မင်းကိုငါလိုချင်တယ်လို့ ပြောချင်လိုက်တာပေါ့"

"မဟုတ်ဘူး"

"ဟွန့်"

သျှန်က နှုတ်ခမ်းလေးကို အကျည်းတန်အောင်မဲ့ပစ်၏။ မျက်ရည်တွေပြည့်အိုင်နေသည့် မိန်းမလှလေးတစ်ယောက်





၏မျက်နှာက ဘယ်လိုပဲမဲ့နေနေ အလှပျက်မသွားခဲ့ပါ။

မျက်ရည်တို့ဖြင့် ဖိတ်ဖိတ်လက်နေသော မျက်ဝန်းကလေးတွေကိုမြင်လျှင် စီး ကျွတ်ခနဲ တစ်ဖက်လှည့်မိသည်။

"ရှင်တို့ညီအစ်ကို သိပ်တော်ပါတယ်"

"မင်းစကားထဲက နာကျည်းတဲ့အသံတွေကို သွားလွှင့်ပစ်လိုက်သျှန်၊ မင်းကို ကိုယ်အထင်မြင်သေးနေရင် မျက်မှန်တပ်ထားပြီး ညာပစ်လိုက်လို့ရတယ်၊ မင်း မလှုပ်သာအောင်ချည်တုတ်ပြီး လက်ထပ်ယူလို့ရတယ်၊ မင်းကြောင့် ဒီကောင်ကန်းသွားပြီဆိုပြီး ဘာပဲပေးရပေးရ မင်းပေးတော့မယ်၊ အကန်းတစ်ယောက်ကို မင်း ရက်ရက်ရောရောတုံ့ပြန်ဖို့ စေတနာတွေပွေ့ပိုက်ပြီး လာခဲ့တာမဟုတ်လား"

"ဟုတ်တယ် . . . ကျိုးနေကန်းနေတဲ့သူကို သျှန် စေတနာရှိတယ်၊ ညာတာကို သိပ်မုန်းတယ်သိလား၊ ရှင့်ကိုလည်းမုန်းတယ်"

"ရတာပဲ၊ မင်းမုန်းလို့ရအောင် ကိုယ်မကန်းဘူးဆိုတာကို ဖွင့်ပြောလိုက်တာ၊ ဒီမှာ . . . သျှန်၊ ချစ်တတ်လေ မာနကြီးလေပဲ၊ မင်းဆီကအချစ်ကို လိမ်ညာပြီးယူဖို့ အိပ်မက်ထဲတောင်ထည့်မမက်ဘူး။ မိန်းမတစ်ယောက်သနားတာကို ကျေနပ်ကြည်နူးစရာလို့ မမြင်သရွေ့ ဒါမှမဟုတ် သနားစရာကောင်းလောက်အောင် တောင်းခံတဲ့ယောက်ျားကိုမှ ပြန်ချစ်တယ်ဆိုတဲ့စိတ်ကူးနဲ့ မိန်းမတွေရှိနေသရွေ့ ကိုယ် မချစ်တတ်အောင်ကြိုးစားနေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မှားနေတာပါ၊ မချစ်တတ်တဲ့သူတွေ မာနကြီးကြပေမယ့် မလိမ်တတ်ဘူး။ ရှင်မလိမ်ဘူးဆိုပေမယ့် စိတ်တော့ကူးဖြစ်ခဲ့တယ်မို့လား၊ ကျေးဇူးတင်ပါတယ်"

"ဘာကိုလဲ"

"ကျွန်မ ဒီ့ထက်ပိုပြီး အညာမမိတဲ့အတွက်"

သျှန်ကပြောပြီး ချက်ချင်းနောက်ပြန်လှည့်သည်။

"နေဦး"

"အို. . . လွှတ်"

စီးက သျှန့်လက်ဖျားလေးကို မိမိရရဖမ်းဆုပ်၍ ပြန်ဆွဲ၏။ ယိုင်နဲ့၍ ပြန်ပါလာသော ကိုယ်လုံးလေးကို ပခုံးလေးနှစ်ဖက်မှ ထိန်းကိုင်ထားလိုက်သည်။

"ရှင် ဘာလုပ်တာလဲစီး၊ လွှတ်စမ်းပါ"

ရုက်ရုက်နှင့် သျှန် တအားရုန်းသည်။

"မင်း. . . အဲဒီလိုအမြင်မျိုးနဲ့က ဒီကနေ ပြောချင်ရာပြောပြီး ထွက်သွားလို့မရဘူး၊ ပြောတာကိုနားထောင်"

"ဟင့်အင်း. . . မထောင်ဘူး. . . လွှတ်. . . လွှတ်"

သျှန် တအားရုန်းနေသဖြင့် အပြိုင်အဆိုင်ဖြစ်လာကာ မရမကဆွဲချုပ်နေရရင်း စိတ်တို့က လွှတ်ချင်လာ၏။

ကော့နက်သော မျက်တောင်ဖျားလေးတွေကို စီးမှိုး၍မြင်နေရသည်။





လှုပ်ရှခ်ထောင့်ချိုးညီနေသော နီတွေးသည့် အပေါ်နှုတ်ခမ်းလွှာလေးကို နီးကပ်စွာ သတိထားကြည့်မိသောအခါ. . .

"အို. . . စီး. . . ရှင်. . . ရှင်. . ."

ထိန်းသိမ်းတတ်သောအသိတို့မှာ နှလုံးသားဗိုင်းရပ်စ်တို့ ရှပ်ယှက်ခတ်မွှေနှောက်သွားခဲ့၏။

"မင်းကို ကိုယ်ချစ်တယ်"

"ဟင့်အင်း"

မှန်တိုင်းသည် စက္ကန့်အနည်းငယ်သာ မွှေနှောက်ခဲ့သော်လည်း မျက်ရည်မြစ်တို့က အားကောင်းစွာလျှံကျလာ၏။

ရုန်းနေပေမယ့် အားကမပါ။

တစ်ကိုယ်လုံးမှာ ရှိသမျှခွန်အားတို့သည် သူ့အနမ်းများကြောင့် ခဏအတွင်းမှာပဲ ရုတ်ချည်းပျောက်ပြယ်ခဲ့ကြပြီ။

စီးက သျှန့်ကိုယ်လေးကို ပွေ့ဖက်ထားရင်းချော့သည်။

"ကိုယ့်ကိုခွင့်လွှတ်ပါ၊ ကိုယ်သိပ်ချစ်လို့ပါ သျှန်၊ ကိုယ်ကူညီခဲ့တာဟာ အခွင့်အရေးတစ်ခုခုကို ရယူဖို့မဟုတ်သလို၊ မင်းရောက်လာတာဟာလည်း မင်းကို စေတနာနဲ့ကူညီခဲ့တာမှန်း သိလို့ပဲမဟုတ်လား"

သျှန် သူ့ကိုထုနှက်၍ ရုန်းကန်ဖို့လည်းမကြိုးစားတော့ပါ။

အတင်း မော့ယူဖို့ကြိုးစားနေသည့် လက်တို့ကို ရှောင်ရှားကာ မျက်နှာကို အတင်းပဲငုံ့ချထားခဲ့သည်။

"ကိုယ် တကာယ်ကန်းသွားမှ မင်းစေတနာထားနိုင်မှာလား

www.burmeseclassic.com



သျှန်၊ အဲဒီနေရာမှာ ကန်းသွားတာမဟုတ်ဘဲ သေရောသေမသွားနိုင်ဘူးလား၊ အသေခံပြီး ဝင်ဆွဲခဲ့တဲ့ကိုယ့်စေတနာကို မင်း နည်းနည်းမှ ထည့်မစဉ်းစားတော့ဘူးလား၊ ကိုယ်လိုချင်တာအဲဒါပဲ၊ မင်းနဲ့ကိုယ် မသင့်မြတ်ခဲ့ကြတာကတစ်ပိုင်း၊ ရင်ထဲမှာတော့ အမြဲရှိနေခဲ့ကြတာပဲ၊ မင်းရင်ထဲမှာ ကိုယ်ရှိနေခဲ့တယ်မို့လား"

"ရှင်. . . ဖယ်နော်"

စီးလက်ကို သျှန်က ပုတ်ချပစ်၏။

"ကိုယ်ကတော့ ခုသိသွားပြီ၊ မင်းကိုမေ့မရခဲ့တာတွေဟာ အချစ်တွေပဲ၊ မင်းအတွက်နဲ့က ကိုယ့်အန္တရာယ်ကို မမြင်နိုင်အောင် လွှတ်ထွက်သွားခဲ့တာ ချစ်တဲ့စိတ်တွေက တွန်းပို့လိုက်တာပေါ့၊ ညီမ ပြောတယ်သိလား။ ဆေးရုံမှာ ကိုယ်သတိရချင်း သျှန့်ကိုခေါ်တယ်တဲ့"

သျှန့်မျက်နှာလေး ငိုထားလျက်နှင့်နွေးသွားသည်။

သွေးတွေ ချင်းချင်းနီနေလျက်နှင့်တောင် သူ့ကို ကားပေါ် ပွေ့တင်သွားကြတော့ သျှန်ဟုခေါ်သွားခဲ့သေးသည်။

ဒါကို သူမ ဘယ်လိုမှမမေ့နိုင်ခဲ့ပါ။

"ပြီးတော့လေ၊ ကိုကို မသျှန်ကိုချစ်နေသားနဲ့ မညာချင်ပါနဲ့၊ ဒီတိုင်းလေးပဲနေပေးပါ၊ ညီကူညီမယ်တဲ့"

သျှန့်ကို ဆံစလေးများအားပွတ်သပ်၍ စီး တိုးတိုးလေး ပြောနေသည်။

"မင်းမုန်းမယ့်တစ်နေ့နေ့မှာ အဲဒီအချစ်တွေကို ဆုံးရှုံးလိုက်





ရမှာစိုးလို့ ကိုယ်ညာခဲ့တာ၊ ဒီတိုင်းနဲ့ပဲ ကိုယ့်ကိုချစ်တယ်မို့လားဟင်၊ ခဏလေးမော့ပါကွာ၊ ကိုယ့်ကိုကြည့်ပြီးဖြေပါ"

"စီး. . . ရှင်. . . လူကို အဲဒီလောက်အနိုင်မကျင့်နဲ့သိလား။ မဖြေဘူး. . . သွား"

နီမြန်းနေသည့်သျှန့်မျက်နှာလေးကို လိုက်ငုံ့ကြည့်ရင်း စီး ပျော်သွားသည်။

"ချစ်တယ်လို့ပဲ မှတ်လိုက်မယ်နော်၊ နောက်မှဖြေလည်းရတယ်"

"ဒါနဲ့. . . ရှင်က မိန်းမတစ်ယောက်ရှေ့မှာ သနားမခံဘူးဆို"

"ဒါ သနားခံတာမဟုတ်ဘူး။ ချစ်ခွင့်တောင်းတာ၊ ဘာပဲဖြစ်ဖြစ် လိုချင်ရင်တောင်းရတာပဲ. . . မဟုတ်ဘူးလား"

"ဟွန်း"

"မျက်စောင်းမထိုးနဲ့ကွာ၊ အသည်းယားတယ်"

"ရှင်နော်"

"ကိုကိုရေ"

"ဒေါက်ဒေါက်"

"ဟယ်"

ရုတ်တရက် အကဲခေါ်သံကြောင့် သျှန်က သူ့ရင်ခွင်ထဲကနေ အတင်းရုန်း၏။

စီးက လွှတ်လိုက်ပြီးမှ သျှန့်ပခုံးလေးကို ဖြန့်ဖက်ထား



www.burmeseclassic.com

www.burmeseclassic.com



ကာ. . .

"ညီ. . . ဘာလဲ"

"စံနဲ့ညီ ပြန်ရတော့မလား"

"ပြန်တော့"

မဟုတ်တာ. . .။

သျှန် သူ့ကို အလန့်တကြားမော့ကြည့်မိသည်။

"ကို. . . အထဲမှာ မမ"

စုံအသံလေးကို ကြားသည်။

ဒါပေမဲ့ တစ်ပိုင်းတစ်စပဲဖြစ်ပြီး ချက်ချင်း ရပ်တန့်သွား၏။

"စံ"

သျှန် ခြေလှမ်းပြင်၍ လှမ်းခေါ်မိသည်။

သို့သော် သျှန့်ကိုယ်လေး ပြန်ပါသွားသည်။

စကားသံတို့ ပျောက်ဆုံးကုန်၏။

မာနသျှန်ဆိုသော မိန်းမတစ်ယောက်၏မာနတို့ဟာ အထက်စီးမည်သော ယောကျ်ားတစ်ယောက်ထံမှာ အချစ်တို့ဖြင့်ပြည့်သိပ်၍ ဖိတ်ဖိတ်စင်စင် (လျှံ) သျှန်ခဲ့လေသည်. . .။

အချဉ်လေးအားလျက်. . .
လရောင်ကျူးရှင်



စိုးမိုးစာပေ

# ပျား

နေပင်လယ်

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၈၄၂၀၆၀၇

www.burmeseclassic.com